ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်၊ တနင်္လာနေ့၊ (16-5-2005) (၄၅၉၇)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မေ ၁၃ရက်က ဖျာပုံတံတားတည်ဆောက်ရေးလုပ်ငန်း ပင်မတံတားသံပေါင် တပ်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ယာပုံနှင့်အောက်ပုံ) (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဖျာပုံတံတား တည်ဆောက်ရေးစီမံကိန်းနှင့် ပမ္မဝတီမြစ်ကူးတံတား(မြင်းကဆိပ်) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၅

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မေ ၁၃ရက် နံနက် ၈နာရီ ၁၅မိနစ်တွင် ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့မှ ဧရာဝတီတိုင်း ဖျာပုံမြို့သို့ ရောက်ရှိရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဖျာပုံမြို့တွင်း လမ်းအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ဖျာပုံမြို့မှ ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာသို့ ဇက်ရေယာဉ်ဖြင့်ကူး၍ ဖျာပုံတံတား၏ ပင်မတံတား သံပေါင်တပ်ဆင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ ယင်းနောက် အုန်းပင်ကျေးရွာဘက်ကမ်းရှိ ဖျာပုံတံတားတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ဖျာပုံတံတားတည်ဆောက်ရေးစီမံကိန်း ဖြစ်ပေါ်လာပုံ၊ တံတားတည်ဆောက်ရန် အသင့်လျော်ဆုံးနေရာကို ရွေးချယ်ခဲ့မှုနှင့် ၂၀၀၃ခုနှစ် ဧပြီလမှစ၍ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဖျာပုံတံတားတည်ဆောက်ရေး စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က တံတားတည်ဆောက်ရေး လုပ်ငန်းအဆင့်ဆင့်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▲



နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၆–၅–၂၀၀၅
(တနင်္လာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေး တီထွင်ကြံဆ ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားရသော နိုင်ငံဖြစ်ပြီး ယခုအခါ လယ်ယာကဏ္ဍကို အခြေခံသည့် စက်မှုနိုင်ငံအဆင့်မှ စက်မှုနိုင်ငံအဆင့်သို့ ကူးပြောင်းနိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော် အစိုးရက အရင်းအနှီးကြီးပြီး အဆင့်မြင့်နည်းပညာသုံးစွဲရသည့် နိုင်ငံပိုင်စက်ရုံများကို ထူထောင်နေသောအချိန်တွင် တစ်ဖက်မှလည်း ပုဂ္ဂလိကစက်မှုလုပ်ငန်း တိုးတက်လာရေးအတွက် စက်မှုအခြေခံရှိသည့် နယ်မြေဒေသများ၌ ပုဂ္ဂလိကစက်မှုဇုန်များ ထူထောင်ကာ ပုဂ္ဂလိကစက်မှုလုပ်ငန်း တိုးတက်ရေး အားပေးမြှင့်တင်ပေးနေသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်တွင် လယ်ယာကဏ္ဍကို အခြေခံသည့် စက်မှုလုပ်ငန်း၊ သားငါးကဏ္ဍကို အခြေခံသည့် စက်မှုလုပ်ငန်း၊ သစ်တောထွက်ပစ္စည်းကို အခြေခံသည့် စက်မှုလုပ်ငန်း စသည့် စက်မှုလုပ်ငန်းများ ပေါ်ထွန်းလာလျက် ရှိနေသည်။

ထို့ကြောင့်လည်း နိုင်ငံတော်၏ စက်မှုလုပ်ငန်းသည် ယခုနှစ်ပိုင်းများအတွင်းတွင် တစ်နှစ်ပျမ်းမျှ ၂၄ ရာခိုင်နှုန်းခန့်ဖြင့် အရှိန်အဟုန်ရှိရှိ တိုးတက်နေသည်ကိုတွေ့ရသည်။ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး စက်မှုနိုင်ငံထူထောင်နိုင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဟူသည့် မျှော်မှန်းချက်သည် လက်တွေ့အကောင်အထည်ပေါ်မည်ဖြစ်သည်။

ယခုတစ်ဖန် နိုင်ငံတော်က အရင်းအနှီးကြီးမားသည့် ပျော့ဖတ်စက်ရုံကြီးတစ်ခုကို ဧရာဝတီတိုင်း၊ သာပေါင်းမြို့နယ်၊ လေ့ကြီးတက်ကျေးရွာအနီး၌ တည်ဆောက်ခဲ့ပြီး မေလ ၁၄ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ တန် ၂၀၀ ပျော့ဖတ်စက်ရုံ (သာပေါင်း)ဖွင့်ပွဲ အခမ်းအနားသို့ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားကာ စက်ရုံဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးခဲ့သည်။

စက်ရုံဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက **နိုင်ငံတော်သည် သာပေါင်း ပျော့ဖတ်စက်ရုံနှင့် စက္ကူစက်ရုံသစ်များကို ထူထောင်နေရသကဲ့သို့ စက္ကူစက်ရုံဟောင်းများကိုလည်း အကြီးစားမွမ်းမံပြင်ဆင်ပြီး အဆင့်မြှင့်တင်နေရခြင်းဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် သာပေါင်းပျော့ဖတ်စက်ရုံက ထုတ်လုပ်သည့် ပျော့ဖတ်များကို နိုင်ငံခြားသို့ တင်ပို့ရောင်းချမှာဖြစ်သကဲ့သို့ ပြည်တွင်းတွင်လည်း စက္ကူအမျိုးမျိုး တိုးချဲ့ထုတ်လုပ်ရေးအတွက် သုံးစွဲသွားမှာဖြစ်သည့်အတွက် သာပေါင်းပျော့ဖတ်စက်ရုံနယ်မြေမှ စက်ရုံများသည် ခေတ်မီပြည်ပပို့ကုန်စက်မှုလုပ်ငန်းအဖြစ်ရော၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းအဖြစ်ပါ ဒွန်တွဲတည်ရှိသွားမှာဖြစ်ကြောင်း** ပြောကြားသွားသည်။

နိုင်ငံတော်၏ စက္ကူလိုအပ်ချက်သည် တစ်နှစ်လျှင် စက္ကူအမျိုးမျိုး တန်ချိန် ၁၆၀၀၀၀ ခန့်ရှိနေရာ ပြည်တွင်း စက္ကူထုတ်လုပ်နိုင်အားသည် သုံးစွဲမှုပမာဏ၏ ၃၃ ရာခိုင်နှုန်းခန့်သာရှိနေသဖြင့် ပြည်ပမှ လိုအပ်သည့် စက္ကူများကို တင်သွင်းပြီး ဖြည့်စွက်သုံးစွဲနေရသည်။

ယခု ဖွင့်လှစ်လိုက်သည့် တန် ၂၀၀ ပျော့ဖတ်စက်ရုံ(သာပေါင်း) အပြင် ၎င်းစက်ရုံပတ်ဝန်းကျင်၌ အဆင့်မြင့်စက္ကူစက်ရုံနှင့် သတင်းစာစက္ကူစက်ရုံတို့ကိုလည်း ဆက်လက်တည်ဆောက်သွားမည်ဖြစ်သည်။

အဆိုပါ ပျော့ဖတ်စက်ရုံကြီးကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ပြည်တွင်း စက္ကူသုံးစွဲမှုကို ပိုမိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်သကဲ့သို့ ပြည်ပမှ စက္ကူတင်သွင်းနေရမှုကို လျှော့ကျစေမည်ဖြစ်သည်။ ထို့အပြင် ပျော့ဖတ်ကို ပြည်ပသို့ပို့၍ နိုင်ငံခြားငွေတိုးတက်ရှာဖွေနိုင်ခြင်း၊ လူတစ်ဦးချင်းစီ၏ စက္ကူသုံးစွဲမှုကို မြှင့်တင်နိုင်ခြင်း၊ ခေတ်မီနည်းပညာများရရှိစေခြင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေပြီး ဒေသဖွံ့ဖြိုးကာ လူနေမှုအဆင့်အတန်း မြင့်မားလာစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က အရင်းအနှီးကြီးမားပြီး အဆင့်မြင့်နည်းပညာသုံးစွဲရသည့်စက်ရုံများကို တိုးချဲ့ထူထောင်ရင်း စက်မှုအခြေခံများကို အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိနေရာ သက်ဆိုင်ရာ တာဝန်ရှိသူအသီးသီးအနေဖြင့် စက်စွမ်းအားပြည့်လည်ပတ်ကာ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေး တီထွင်ကြံဆ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

တရုတ်နိုင်ငံ စီးပွားရေး လျင်မြန်စွာ တိုးတက်လာခြင်းကြောင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့် သုံးစွဲမှု မြင့်တက်လာနိုင်

ပေကျင်း မေ ၁၄

တရုတ်နိုင်ငံသည် လာမည့်နွေရာသီတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှု သိသိသာသာ မြင့်တက်လာစရာရှိသဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ပမာဏမှာ ကီလိုဝပ် နာရီ ၂၅သန်းထိပင်ရှိမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ လျှပ်စစ်ဓာတ်အား ထိန်းချုပ်ရေးကော်မရှင်က မေ ၁၁ ရက်တွင် ပြောကြားသည်။

လာမည့်ဇွန်လတွင် တရုတ်နိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်မှုပမာဏသည် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိမည်ဖြစ်ကြောင်း ဓာတ်အားထိန်းချုပ်ရေးကော်မတီ၏ ဒုတိယဥက္ကဋ္ဌ ရှီယူဘိုက ပြောကြားသည်။ တစ်နိုင်ငံလုံးနှင့် ခြုံ၍ကြည့်လျှင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ရှိနေဦးမည် ဖြစ်သော်လည်း ဓာတ်အား မလုံလောက်မှု အခြေအနေမှာ ယခင်နှစ်က အခြေအနေလောက် ဆိုးရွားမည်မဟုတ်ဟု ၎င်းကဆိုသည်။

တိုးတက်

တရုတ်နိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့် သုံးစွဲမှု နှစ်မျိုးစလုံးသည် ယခုနှစ်တွင် သိသာမြန်ဆန်စွာ တိုးတက်လာသည်ကို တွေ့ကြုံကြရသည်။ ဇန်နဝါရီလမှ မတ်လအတွင်း တရုတ်နိုင်ငံ၏ လျှပ်စစ်ဓာတ်အား သုံးစွဲမှုမှာ တစ်နာရီလျှင် ကီလိုဝပ်နာရီ ၅၅၀ ဘီလီယံရှိသည်။

ထိုပမာဏမှာ ယခင်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ၁၃.၁ ရာခိုင်နှုန်း တိုးတက်လာခြင်းပင်ဖြစ်သည်။

နိုင်ငံအတွင်း၌ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့် သုံးစွဲမှု တိုးတက်လာရခြင်းမှာနိုင်ငံ၏ စီးပွားရေး လျင်မြန်စွာ တိုးတက်လာခြင်းကြောင့်ပင် ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အားကစားလုပ်ငန်းများတွင် ကျူးဘားနှင့် ရုရှား ပူးပေါင်းဆောင်ရွက်

ဟာဗားနား မေ ၁၄

ရုရှားနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်နှင့် ကျူးဘားနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တို့သည် ၂၀၀၅မှ၂၀၀၈ခုနှစ် အထိ အားကစားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ စာချုပ်ကိစ္စတွင် အားကစားဆိုင်ရာ ဆေးဝါးပညာအဖွဲ့အစည်းလည်း ပါဝင်သည်။

နှစ်နိုင်ငံ အားကစားသမားများ၊ နည်းပြများ၏ ကျွမ်းကျင်မှု၊ နည်းပညာဆိုင်ရာနှင့် ယှဉ်ပြိုင်နိုင်မှုအဆင့် တိုးတက်လာစေရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါ စာချုပ်တွင် ထည့်သွင်းချုပ်ဆိုထားသည်။

ပါဝင်

နှစ်နိုင်ငံအားကစားကွင်းများတွင် အမျိုးသားနှင့် အမျိုးသမီး ဘော်လီဘောအသင်းများကို အပြန်အလှန် စေလွှတ်၍ လေ့ကျင့်စေခြင်း၊ ပြိုင်ပွဲများ ကျင်းပခြင်းတို့ ပြုလုပ်သွားမည်ဖြစ်သည်။ ထိုသို့လေ့ကျင့်ရာတွင် သက်ကြီးတန်း အားကစားသမားများ ပါဝင်မည်ဖြစ်သလို သက်ငယ်တန်း အားကစားသမားများလည်း ပါဝင်ကြမည်ဖြစ်သည်။

စာချုပ်သက်တမ်း လေးနှစ်တာကာလအတွင်း ရုရှားနိုင်ငံ ဘော်လီဘောအသင်းသည် ကျူးဘားနိုင်ငံ၌ ကျင်းပမည့် ကျူးဘား အိုလံပစ်ပြိုင်ပွဲတွင် ပါဝင်မည်ဖြစ်သည်။ ကျူးဘားနိုင်ငံတွင် လှည့်လည်ကျင်းပမည့် ဘော်လီဘော ပြိုင်ပွဲများ၌လည်း ပါဝင် ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

အထက်ပါစာချုပ်အရ ကျူးဘားနိုင်ငံ၏ အားကစားဆိုင်ရာ ဆရာဝန်များကို ရုရှားအားကစား ဆရာဝန်များက အကြံဉာဏ်ပေးခြင်း၊ အကူအညီပေးခြင်း စသည့်လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးမည်ဖြစ်သည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ပေါ်ထွန်းရေး စင်ကာပူနှင့် ပါကစ္စတန် ဆွေးနွေးမည်

စင်ကာပူ မေ ၁၄

စင်ကာပူနှင့်ပါကစ္စတန်နိုင်ငံတို့သည် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် (အက်ဖ်တီအေ) ပေါ်ထွန်းလာစေရေးအတွက် လာမည့်ဇွန်လမှ စ၍ဆွေးနွေးမှုများစတင်မည်ဖြစ်ကြောင်း စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက အင်္ဂါနေ့တွင် ထုတ်ပြန်ကြေညာသည်။

စင်ကာပူနှင့် ပါကစ္စတန်နိုင်ငံတို့သည် ပူးပေါင်းဆောင်ရွက်မှု အပြန်အလှန်မြှင့်တင်ရန် လိုလားကြကြောင်း စင်ကာပူသို့ ရောက်ရှိနေသော ပါကစ္စတန်ဝန်ကြီးချုပ် ရှော်ခက်အဇစ်အား တည်ခင်းသည့် ညစာစားပွဲတွင် လီရှန်လွန်းက ပြောကြားသည်။

ပြောကြား

နှစ်နိုင်ငံ လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက် ပေါ်ထွန်းလာခြင်းဖြင့် မိမိတို့နိုင်ငံများ တွေ့ကြုံနေရသော ကုန်သွယ်ရေး အတားအဆီးများကို ရှင်းလင်းဖယ်ရှားနိုင်မည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်မည့် နယ်ပယ်ရပ်များကို သတ်မှတ်နိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် လီက ပြောကြားသည်။

စင်ကာပူနိုင်ငံသည် တောင်အာရှဒေသနှင့် အရှေ့အလယ်ပိုင်းဒေသတို့နှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် စိတ်ဝင်စားကြောင်း လီက ဆက်လက်ပြောကြားသည်။

မြှင့်တင်

ပါကစ္စတန်နိုင်ငံသည် တောင်အာရှနှင့် အရှေ့အလယ်ပိုင်း ဒေသတို့သို့ ဝင်ရောက်နိုင်သည့် လမ်းဆုံလမ်းခွတွင် တည်ရှိကြောင်း၊ ပါကစ္စတန်နိုင်ငံသည် အာရှအရှေ့ဘက်ရှိ နိုင်ငံများနှင့် ပူးတွဲဆောင်ရွက်မှု မြှင့်တင်နိုင်မည့် မူဝါဒကိုရေးဆွဲချမှတ်ထားပြီး အရှေ့အာရှနှင့် အရှေ့တောင်အာရှ နိုင်ငံများနှင့် ဆက်ဆံရေး မြှင့်တင်လျက်ရှိကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မှောင်ခိုပစ္စည်းများ ထိုင်းတွင် ဖမ်းမိ တရားစွဲဆို အရေးယူသွားရန် စီစဉ်

ဗန်ကောက် မေ ၁၄

ထိုင်းနိုင်ငံ အကောက်ခွန်အရာရှိများသည် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ တစ်သန်းခန့်ရှိသော ကုန်ပစ္စည်းအတုနှင့်မှောင်ခိုပစ္စည်းများကို မကြာသေးမီက ဖမ်းမိခဲ့သည်ဟု ဒေသတွင်း သတင်းစာက အင်္ဂါနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသောပစ္စည်းများတွင် ကျောက်မျက်ရတနာမှအစ အိမ်သုံးလျှပ်စစ်ပစ္စည်းအလယ်၊ ကစားစရာများအဆုံး အမျိုးအမည်စုံလင်စွာ ပါဝင်သည်ဟု ဆိုသည်။ ထိုဖမ်းဆီးရမိပစ္စည်းတွင် စိန် ၃၉၆၁ ဒသမ ၉၈ ကာရက်၊ ဂျင်းပိတ်စကိုက် ၂၀၅၁၆၀၊ ဗီစီဒီစက်အလုံး ၅၀၀ နှင့် အခြားအပိုပစ္စည်း ၁၀၀၀၊ ပစ္စတိုငါးလက်နှင့် ရိုင်ဖယ်သေနတ်တစ်လက်တို့ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် လန်ကမ်နှင့် ရှီရှဲဒိုးအလှကုန်ပစ္စည်းအမျိုးစုံ ၁၁၅၀၀၀၀ ခု၊ ဂူစီးလူအစ်ဗစ်တန်၊ ခရစ်စတိန်းဒိုင်ရာနှင့် အခြားတံဆိပ်အမည်ရှိအိတ်ရာပေါင်း များစွာကိုလည်း ဖမ်းမိခဲ့သည်။ အဆိုပါ ဖမ်းဆီးရမိသော ပစ္စည်းများနှင့် ဆက်နွယ်နေသော သီးခြားပုဂ္ဂိုလ် ခြောက်ဦးနှင့် စီးပွားရေး လုပ်ငန်းတစ်စုတို့ကိုလည်း မှောင်ခိုကိစ္စနှင့် ပတ်သက်၍ တရားစွဲဆိုအရေးယူသွားရန် စီစဉ်လျက်ရှိကြောင်း ဗန်ကောက်ပို့စ် သတင်းစာတွင် ရေးသားဖော်ပြထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆–၅–၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၅	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅	၆။ မျိုးချစ်တပ်မတော်
၄:၄၅	၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၀၀	၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) The Nature of Jurisprudence. (ဒုတိယနှစ်–ဥပဒေပညာ)
၅:၄၀	၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ မိုးလေဝသသတင်း
၆:၂၅	၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "၂၄–နာရီ" (အပိုင်း–၁)**
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။ မေးမြန်းစူးစမ်း
	၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး" (အပိုင်း–၂၄)**
	၂၁။ သင့်အတွက်မနက်ဖြန်
	၂၂။ အပိတ်နှုတ်ဆက်စကား
	၂၃။ ပြီးပါပြီ။

မဟာဓမ္မိကာရုံပရိယတ္တိစာသင်တိုက် (ကျိုက်ပိကျောင်း) မဟာဝိဇယကာရီ ငါးထပ်ဗိမာန်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညို

ရန်ကုန် မေ ၁၅

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် (၁၄)ရပ်ကွက် မဟာဗောဓိလမ်းရှိ မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက်(ကျိုက်ပိကျောင်း) မဟာဝိဇယကာရီ (ငါးထပ်)ဗိမာန်တော်ကြီး ကျောင်းလွှတ်ပူဇာ ဒက္ခိဏောဒက ရေစက်ချ မဟာဝိဟာရဒါန အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် အဆိုပါ စာသင်တိုက်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညို၍ ဗိမာန်တော်ကြီးအား စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အဆိုပါ အလှူတော်မင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက

မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရ၊ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာ ဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် (ကျိုက်ပိကျောင်း) ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဂုဏေသနနှင့် အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်း ဆရာတော် ဘဒ္ဒန္တ ဩသဓာဘိဝံသတို့ အမှူးပြုတော်မူသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရ အဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီး များ၊ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲ များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင် ရှိန်နှင့် ခရိုင်နှင့် မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ များနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ များ၊ အလှူရှင်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညို ကြသည်။

ရှေးဦးစွာ မဟာဓမ္မိကာရုံ ပရိယတ္တိ စာသင်တိုက်(ကျိုက်ပိကျောင်း) မဟာ ဝိဇယကာရီ (ငါးထပ်)ဗိမာန်တော်ကြီး ဖွင့်ပွဲအခမ်းအနားကို စာသင်တိုက်ဝင်း အတွင်းရှိ ဗိမာန်တော်ကြီးရှေ့၌ ကျင်းပ ရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မင်္ဂလာ အချိန်တွင် မဟာဝိဇယကာရီ (ငါးထပ်) ဗိမာန်တော်ကြီးအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းလွှတ်ပူဇာ ဒက္ခိဏောဒက ရေစက်ချမင်္ဂလာ အခမ်း အနားကို မဟာဝိဇယကာရီ (ငါးထပ်) ဗိမာန်တော်ကြီး မြေညီထပ်၌ကျင်းပရာ ဆရာတော် သံဃာတော်များနှင့် အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမှူးပြုသော ပရိသတ်များက နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ အခမ်းအနားကို ဖွင့်လှစ် ကြပြီး တေးသံရှင် ရီရီသန့်က မင်္ဂလာ စောင်းနှင့် တွဲဖက်၍ ထူးမခြားနား သီချင်းဖြင့် ပူဇော်သီဆိုသည်။

သီလခံယူဆောက်တည်

ယင်းနောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌ ဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော်ဘဒ္ဒန္တ ကုမာရထံမှ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမှူးပြုသော ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြ သည်။

ထို့နောက် ဆရာတော် သံဃာတော် များက မေတ္တာသုတ် ပရိတ်တရားတော် များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့် တော်မူကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌ ဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်း များကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်း ဆရာတော် ဘဒ္ဒန္တ ဩသဓာဘိဝံသအား လည်းကောင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာန ဆိုင်ရာအကြီးအကဲများက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇ မဟာဓမ္မိကာရုံပရိယတ္တိ စာသင်တိုက်(ကျိုက်ပိကျောင်း) ပဓာန နာယက ဘဒ္ဒန္တ ဂုဏေသနနှင့် ဆရာ တော် သံဃာတော်များအား လည်း ကောင်း လှူဖွယ်ပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်ရှိ မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက်(ကျိုက်ပိကျောင်း) မဟာဝိဇယကာရီ (ငါးထပ်) ဗိမာန်တော်ကြီး ကျောင်းလွှတ်ပူဇာ ဒက္ခိဏောဒက ရေစက်ချ မဟာဝိဟာရဒါန အလှူတော်မင်္ဂလာ အခမ်းအနားတွင် ဗိမာန်တော်ကြီးအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

သီဆိုပူဇော်

ယင်းနောက် တေးသံရှင်ရီရီသန့်က မဟာဝိဇယကာရီ(ငါးထပ်) ဗိမာန်တော် ကြီးကျောင်းလွှတ်ပူဇာ ဒက္ခိဏောဒက ရေစက်ချပွဲသဘင်တွင် စပ်ဆိုရေးသား ပူဇော်အပ်သော မင်္ဂလာရတုပိုဒ်စုံကို မင်္ဂလာစောင်းနှင့် တွဲဖက်၍ သီဆို ပူဇော်ပြီး မင်းသား မန္တလေးသိန်းဇော် က မဟာဝိဇယကာရီ (ငါးထပ်) ဗိမာန် တော်ကြီး ကျောင်းလွှတ်ပူဇာဒက္ခိဏော ဒက ရေစက်ချပွဲသဘင်တွင် စပ်ဆို ရေးသားပူဇော်အပ်သော ရစ်ဆယ်ပေါ် တေးထပ်ကို သီဆိုပူဇော်သည်။

ဆက်လက်၍ မဟာဝိဇယကာရီ (ငါးထပ်) ဗိမာန်တော်ကြီးအတွက် တတိယအကြိမ် အလှူတော်ငွေ ပေးအပ် လှူဒါန်းခြင်းအစီအစဉ်ကို ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကျောက် ကုန်း ဘိုးရာဇာလမ်းနေ ကပ္ပတိန် ထင်ကျော် – ဒေါ်ကြည်မြ မိသားစု တို့၏ အလှူငွေကျပ် ၇၀၀၅၀၀၀၊ ဒေးဒရဲမြို့နယ် ချောင်းဖျားကျေးရွာမှ ဦးလှအောင်–ဒေါ်ပျော့မိသားစုတို့၏ အလှူငွေကျပ် ၂၅၁၂၀၀၀၊ မရမ်းကုန်း မြို့နယ် ကုန်းမြင့်သာမှ ကပ္ပတိန် မောင်အုန်း–ဒေါ်စန္ဒာဦး မိသားစုတို့၏ အလှူငွေကျပ် ၂၂၀၀၀၀၀၊ ဗိုလ်ချုပ် အောင်ဆန်းဈေးမိသားစု၏ အလှူငွေ ကျပ် ၁၆၈၃၂၀၀၊ ကျောက်ကုန်း ဘိုးရာဇာလမ်းမှ ဦးဖရန့်စစ်–ဒေါ် စောမိမိကျော်တို့၏ အလှူငွေကျပ် ၁၅၀၀၀၀၀ နှင့် စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းမှ ဦးစံတင်–ဒေါ်လှမေ မိသားစု၏ အလှူငွေကျပ် ၁၁၃၀၀၀၀ တို့ကို လက်ခံပြီး မော်ကွန်းတင် ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ် သည်။

အလှူငွေပေးအပ်

ထို့နောက် ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ကျောက်ကုန်း ဘိုးရာဇာလမ်းနေ ဦးသန်းထွဋ်–ဒေါ်ချိုချို မိသားစု၏ အလှူငွေကျပ်၁၀၁၀၀၀၀၊ မရမ်းကုန်း မြို့နယ် (၅) ရပ်ကွက် တပင်ရွှေထီးလမ်းမှ ဦးမြင့်ဆွေ– ဒေါ်ခင်ဦးကျော်မိသားစု၏ အလှူငွေ ကျပ် ၁၀၁၀၀၀၀၊ ကျောက်ကုန်း မိုးကောင်းဘုရားလမ်းမှ ဦးမြ–ဒေါ်တင် တင်အုံးတို့၏ အလှူငွေကျပ် ၇၀၀၀၀၀၊ ကန်တော်ကလေး ၈၇လမ်းမှ ဦးသောင်း ဖေ–ဒေါ်ကြည်ငွေ မိသားစုတို့၏ အလှူ ငွေကျပ် ၆၅၀၀၀၀၊ တောင်ဥက္ကလာပ မြို့နယ် (၉)ရပ်ကွက် သုခ(၁)လမ်းမှ ဦးမြင့်ဦး–ဒေါ်ခင်ဝင်းကြည်တို့၏ အလှူ ငွေကျပ် ၆၀၀၀၀၀ နှင့် ပုဇွန်တောင် မြို့နယ် ၄၉ လမ်းမှ ဒေါ်ခင်ရီ၏ အလှူငွေကျပ် ၅၀၀၀၀၀တို့ကို လက်ခံ ပြီး မော်ကွန်းဂုဏ်ပြုလွှာများ ပြန်လည် ပေးအပ်သည်။

ရေစက်သွန်းချအမျှပေးဝေ

ယင်းနောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် (ကျိုက်ပိကျောင်း) ပဓာနနာယက ဘဒ္ဒန္တ ဂုဏေသန က လှူဒါန်းမှုအစုစုအတွက် ရေစက်ချအနုမောဒနာတရား ဟောကြား ချီးမြှင့်တော်မူပြီး အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမှူးပြု သော ပရိသတ်များက လှူဒါန်းမှုအစုစု အတွက် ရေစက်သွန်းချ အမျှပေးဝေ ကြသည်။

ရုပ်သိမ်း

ထို့နောက် ဆရာတော် သံဃာတော် များနှင့် ပရိသတ်များက ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် (ကျိုက်ပိကျောင်း) မဟာဝိဇယကာရီ (ငါးထပ်) ဗိမာန်တော်ကြီး ကျောင်း လွှတ်ပူဇာ ဒက္ခိဏောဒက ရေစက်ချ မဟာဝိဟာရဒါန အလှူတော်မင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အခမ်းအနားအောင်မြင် ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးသည်။

(သတင်းစဉ်)

သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၄/၂၀၀၅)ကျင်းပ

ပြည်သူများ နိုင်ငံခြားငွေနှင့်သက်ဆိုင်သည့် သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်

စဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည် ယာယီအစိုးရ ဖွဲ့စည်းကြောင်း ကြေညာချက်နှင့် အကြမ်းဖက်အဖျက်သမားအဖွဲ့များပူးပေါင်းပြီး ပြည်သူအပေါ် မလိမ့်တပတ် အစမ္မလုပ်ရပ် အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ အချိန်ကိုက်ကျူးလွန်နေကြောင်းရှင်းလင်း

ရန်ကုန် မေ ၁၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက နိုင်ငံခြားငွေသုံးစွဲမှုနှင့်ပတ်သက်ပြီး သိရှိလိုက်နာရမည့်အချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်ယာယီအစိုးရဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သောနိုင်ငံထူထောင်ကြောင်းကြေညာခြင်းနှင့်အတူ ရွက်ဆစ်ဦးစီး SSA၊ KNU၊ KNPP၊ NCUB၊ NCGUB၊ ABSDF စသည့် အကြမ်းဖက်အဖျက်သမား (Terrorist) အဖွဲ့များပူးပေါင်းပြီး ပြည်သူလူထုအပေါ် မလိမ့်တပတ်အစမ္မလုပ်ရပ်၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ အချိန်ကိုက်ကျူးလွန်နေခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း သတင်းစာရှင်းလင်းပွဲ (၄/၂၀၀၅)ကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ကျိုဒိုသတင်းဌာနမှ ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင်သတင်းထောက်များ၊ ယိုမီယူရီရှင်ဘွန်း (YOMIURI Shimbun) ဗန်ကောက်ရုံးခွဲမှ သတင်းထောက် Mr. Toru Kawabe၊ ပြည်တွင်းမဂ္ဂဇင်းတိုက်များနှင့် ဂျာနယ်တိုက်များမှ စာတည်းအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံခြားငွေသုံးစွဲမှု

ရှေးဦးစွာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက နိုင်ငံခြားငွေသုံးစွဲမှုနှင့်ပတ်သက်ပြီး သိရှိလိုက်နာရမည့် အချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ရည်မှန်းချက်များအောင်မြင်စေရန် ဘဏ္ဍာရေးနှင့် ငွေကြေးမူဝါဒများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများသည် မိမိတို့၏ ငွေကြေးနှင့် အရင်းအနှီးများကို နိုင်ငံစီးပွားရေးအတွက် အဓိကကျသော ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် နိုင်ငံတော်မှချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ နည်းလမ်းတကျ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ နိုင်ငံခြားငွေသုံးစွဲမှုနှင့်ပတ်သက်ပြီး သိရှိလိုက်နာရမည့် အချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

သို့သော် အချို့သော စီးပွားရေးသမားများသည် နိုင်ငံတော်မှ ချမှတ်ထားသော ငွေကြေးဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကိုချိုးဖောက်ပြီး မိမိတို့၏ ကိုယ်ကျိုးစီးပွားတစ်ခုတည်းကိုသာကြည့်၍ နိုင်ငံခြားငွေစက္ကူများကို ကိုင်ဆောင်သုံးစွဲခြင်း၊ ဝယ်ယူသိုလှောင်ခြင်း၊ ရောင်းဝယ်ဈေးကစားခြင်း စသည့်လုပ်ငန်းများကို တရားမဝင်ဆောင်ရွက်လျက်ရှိကြကြောင်း။

စီးပွားရေးသမားအချို့အနေဖြင့် ပြည်တွင်းမှ နိုင်ငံခြားငွေစက္ကူများကို ပြည်ပသို့တရားမဝင်သော နည်းလမ်းအမျိုးမျိုးဖြင့်သယ်ယူ၍ မမှန်ကန်သောနည်းလမ်းများဖြင့် ကုန်သွယ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြကြောင်း၊ ရန်ကုန်လေဆိပ်တွင် တရားမဝင်ခိုးထုတ်သည့် နိုင်ငံခြားငွေများ မကြာခဏ ဖမ်းဆီးရမိခဲ့ကြောင်း။

နိုင်ငံသားအချို့သည် ပြည်ပတွင် အလုပ်လုပ်ရာမှရရှိသော ဝင်ငွေများ၊ ပြည်ပပို့ကုန်များမှရရှိသော ဝင်ငွေများကို ပြည်တွင်းသို့ မှန်ကန်စွာယူဆောင်လာခြင်းမပြုဘဲပြည်ပတွင် နည်းလမ်းအမျိုးမျိုးဖြင့် ထိမ်ချန်ထားရှိခြင်း၊ ထိုငွေများဖြင့် တရားမဝင်ငွေလွှဲပို့ခြင်း၊ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်း စသည်ဖြင့်ဆောင်ရွက်လျက်ရှိသည်ကို သိရှိရကြောင်း။

အထက်ပါလုပ်ရပ်များသည် ဥပဒေနှင့် မညီညွတ်သော တရားမဝင်လုပ်ရပ်များဖြစ်ပြီး ပြည်တွင်းဈေးနှုန်းများ မတည်မငြိမ်ဖြစ်စေခြင်း၊ ငွေကြေးဖောင်းပွမှုဖြစ်ပေါ်စေခြင်း၊ နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုကို အနှောင့်အယှက်ဖြစ်စေခြင်း စသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေကြောင်း။

ပြည်ပသို့လွှဲပို့ခြင်း

နိုင်ငံတော်အနေဖြင့် နိုင်ငံခြားငွေများကို ပြည်ပသို့လွှဲပို့ခြင်း၊ ယူဆောင်ခြင်းများနှင့်ပတ်သက်ပြီး သတ်မှတ်ချက်များထားရှိရာ ယင်းသတ်မှတ်ချက်များတွင်-

(က) ပြည်ပသို့ငွေလွှဲပို့ခြင်းနှင့်ပတ်သက်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမြန်မာနိုင်ငံတော်ဗဟိုဘဏ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် နိုင်ငံခြားသုံးငွေ အုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်အရသာ ပြည်ပသို့ နိုင်ငံခြားငွေ လွှဲပို့ခွင့်ပြုနိုင်ပါသည်။

နိုင်ငံသားအချို့သည် ပြည်ပတွင် အလုပ်လုပ်ရာမှရရှိသော ဝင်ငွေများ၊ ပြည်ပပို့ကုန်များမှရရှိသော ဝင်ငွေများကို ပြည်တွင်းသို့ မှန်ကန်စွာယူဆောင်လာခြင်းမပြုဘဲ ပြည်ပတွင် နည်းလမ်း အမျိုးမျိုးဖြင့် ထိမ်ချန်ထားရှိခြင်း၊ ထိုငွေများဖြင့် တရားမဝင်ငွေလွှဲပို့ခြင်း၊ ကုန်သွယ်မှု လုပ်ငန်းဆောင်ရွက်ခြင်း စသည်ဖြင့်ဆောင်ရွက်လျက်ရှိ။

အထက်ပါလုပ်ရပ်များသည် ဥပဒေနှင့်မညီညွတ်သော တရားမဝင် လုပ်ရပ်များဖြစ်ပြီး ပြည်တွင်းဈေးနှုန်းများ မတည်မငြိမ်ဖြစ်စေခြင်း၊ ငွေကြေးဖောင်းပွမှုဖြစ်ပေါ်စေခြင်း၊ နိုင်ငံတော်၏စီးပွားရေးတိုးတက်မှု ကို အနှောင့်အယှက်ဖြစ်စေခြင်း စသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေ။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သတင်းစာ ရှင်းလင်းပွဲသို့ တက်ရောက်လာသော သတင်းစာဆရာကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

(ခ) နိုင်ငံခြားငွေဖြင့် လက်ခံဆောင်ရွက်နေသော ဟိုတယ်နှင့် လေကြောင်းလိုင်းများကို နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုအဖွဲ့မှစိစစ်၍ ငွေလုံလောက်မှုရှိပါက ငွေပမာဏကန့်သတ်ချက်မရှိဘဲ လွှဲပို့ခွင့်ပြုပါသည်။

(ဂ) နိုင်ငံခြားငွေစာရင်းရှင် ဖွင့်လှစ်ထားသူများ ပြည်ပခရီးသွားလာရာတွင် မိမိပိုင်နိုင်ငံခြားငွေစာရင်းမှ နိုင်ငံခြားငွေ ၅၀၀/-ယူနစ်အထိ ထုတ်ယူသွားခွင့်ပြုပါသည်။ ၎င်းထက် ပိုမိုယူလိုပါက ကျိုးကြောင်းခိုင်လုံစွာဖြင့် သက်ဆိုင်ရာဘဏ်မှတစ်ဆင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသို့ တင်ပြလျက် ခွင့်ပြုမိန့်တောင်းခံရန် လိုအပ်ပါသည်။

(ဃ) အစိုးရဝန်ထမ်းမဟုတ်သည့် ပုဂ္ဂိုလ်များ ပြည်ပခရီးသွားလာရာတွင် အောက်ပါအတိုင်း ခွင့်ပြုပါသည်-

(၁) သာမန်ခရီးသွားတစ်ဦးအတွက် FEC၁၀၀/-ကို နိုင်ငံခြားငွေဖြင့် လဲလှယ်ခွင့်ပြုပါသည်။

(၂) ပြည်ပသို့ ဆေးကုသရန် သွားရောက်သူများအတွက် ဆရာဝန်၏ ထောက်ခံချက်အရ ကုသရမည့် ရောဂါပေါ်မူတည်၍ FECနှင့် နိုင်ငံခြားငွေ လဲလှယ်ခွင့်ပြုပါသည်။ ကိုယ်ပိုင် နိုင်ငံခြားငွေစာရင်းရှိပါက ယင်းစာရင်းမှ ထုတ်ယူခွင့်ပြုပါသည်။

(၃) ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ ပြည်ပသို့ ခရီးသွားခြင်းအတွက် ၎င်းတို့၏ ကိုယ်ပိုင်စာရင်းမှ ထုတ်ယူခွင့်ပြုပါသည်။ သို့ရာတွင် ထုတ်ယူငွေပမာဏကြီးမားပါက သက်ဆိုင်ရာအဖွဲ့အစည်း၏ အတည်ပြုချက်ရယူရန် လိုအပ်ပါသည်ဟူ၍ ပါရှိကြောင်း။

ပြည်သူများသည် အထက်ပါနိုင်ငံခြားငွေနှင့် သက်ဆိုင်သည့် သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်၏ ငွေကြေးတည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူဖြစ်စေနိုင်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

အကြမ်းဖက်မှု

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်ယာယီ အစိုးရဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သောနိုင်ငံထူထောင်ကြောင်း ကြေညာခြင်းနှင့်အတူ ရွက်ဆစ်ဦးစီး SSA၊ KNU၊ KNPP၊ NCUB၊ NCGUB၊ ABSDF စသည့် အကြမ်းဖက်အဖျက်သမား (Terrorist) အဖွဲ့များပူးပေါင်းပြီး ပြည်သူလူထုအပေါ် မလိမ့်တပတ် အစမ္မလုပ်ရပ်၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ အချိန်ကိုက်ကျူးလွန်နေခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

(ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက်ကို ကျော်ဖုံး၌ဖော်ပြထားပါသည်။)

ရှင်းလင်းဖြေကြား

ထို့နောက် သတင်းစာဆရာများ၏ မေးမြန်းချက်များကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီတို့က ပြန်လည်ရှင်းလင်းဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို ညနေ ၄နာရီတွင် ရုပ်သိမ်းလိုက်သည်။

ယင်းနောက် သတင်းစာဆရာများနှင့် ပြည်တွင်း ဂျာနယ်၊ မဂ္ဂဇင်းတိုက်များမှ စာတည်းအဖွဲ့ဝင်များသည် ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြံစည်ဆောင်ရွက်မှုများနှင့် ဘိန်းဓားပြသောင်းကျန်းသူ ရွက်ဆစ်ဦးစီး SSA၏ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ⇨**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း သတင်းစာရှင်းလင်းပွဲ(၄/၂၀၀၅)တွင် ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

ကုလသမဂ္ဂနှင့် ပြည်ပနိုင်ငံများ၏အသိအမှတ်ပြုမှုရရှိရန် ရှမ်းပြည်နယ်မှ ပြည်သူ ဂရာခိုင်နှုန်း၏ ထောက်ခံချက်ရရှိကြောင်း စဝ်ခမ်ဖတို့က ကလိမ်စေ့ငြမ်းဆင်ပြီး လိမ်လည်ကြေညာခဲ့

✧ ကျောဖုံးမှ

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် အန္တရာယ်အလွန်ကြီးမားတဲ့ လုပ်ဆောင်ချက်ဖြစ်တာကြောင့် နိုင်ငံတော်အစိုးရက ဧပြီလ၁၉ရက်နေ့မှာ ပြည်ပြေးစဝ်ခမ်ဖဦးစီးသောအဖွဲ့၊ ယင်းအဖွဲ့ဝင်များ၊ ယင်းအဖွဲ့နဲ့ ဆက်နွှယ်နေသည့် အခြားအဖွဲ့အစည်းများကို ဥပဒေနဲ့အညီ မတရားအသင်းဖြစ်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါတယ်။

အထိပါးမခံ

တစ်ဆက်တည်းမှာပဲ ဧပြီလ ၂၂ ရက်နေ့မှာ သတင်းစာရှင်းလင်းပွဲ (၃/၂၀၀၅)ကျင်းပပြီး ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာချက် နောက်ကွယ်ရှိ ဆက်စပ်နေသောအဖွဲ့အစည်းများ၊ သမိုင်းနောက်ခံအချက်အလက်များ၊ တစ်နိုင်ငံလုံးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လုံးဝလက်မခံဘဲ ဆန့်ကျင်ကန့်ကွက်ရှုတ်ချနေပုံများကို ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနဲ့ လက်တွဲလျက် ဒို့တာဝန်အရေးသုံးပါးကို လုံးဝအထိပါးမခံဘဲ ကာကွယ်စောင့်ရှောက်သွားမှာဖြစ်သကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မည်သည့်ပြည်နယ်/တိုင်း နယ်မြေတစ်စိတ် တစ်ဒေသကိုမျှ ခွဲထွက်ခွင့်ပြုမည်မဟုတ်ကြောင်း အတိအလင်းကြေညာခဲ့ပြီး ဖြစ်ပါတယ်။

ထုတ်ပြန်ကြေညာ

အလားတူပဲ မြန်မာနိုင်ငံအတွင်းရှိ လူဦးရေထက်ဝက်ကျော် ပါဝင်နေသော လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ ငြိမ်းချမ်းရေးနဲ့လက်နက်အပြီးအပိုင်လဲလှယ်ပြီးသောအဖွဲ့များကလည်း ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုရဲ့ ပြည်ထောင်စုဖြိုခွဲရေးနဲ့ ငြိမ်းချမ်းမှုပျက်ပြားရေးလုပ်ရပ်များကို လုံးဝလက်မခံဘဲ ပြစ်တင်ရှုတ်ချဆန့်ကျင်ကန့်ကွက်ကြောင်း သဘောထားကြေညာချက်များကို အသီးသီးထုတ်ပြန်ကြေညာခဲ့ကြပြီးဖြစ်ပါတယ်။ အဲဒီလို တညီတညွတ်တည်း ထုတ်ပြန်ခဲ့ကြတဲ့ သဘောထားကြေညာချက်တွေကိုလည်း သတင်းစာများမှာ နေ့စဉ်ရက်ဆက် အပြည့်အစုံဖော်ပြခဲ့ပြီးဖြစ်လို့ အားလုံးသိရှိကြပြီး ဖြစ်ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

ပြည်ပြေးစဝ်ခမ်ဖတို့ရဲ့ လုပ်ရပ်ဟာ အခုမှချက်ချင်းပေါ်ပေါက်လာတဲ့ လုပ်ရပ်မဟုတ်ပါဘူး။ တစ်ခုတည်းသီးခြားလုပ်ဆောင်လာတဲ့ လုပ်ရပ်လည်း မဟုတ်ပါဘူး။ ပြည်ပအားကိုးပြီး ပြည်ပကစီမံညွှန်ကြားတဲ့အတိုင်း အစဉ်တစိုက်လုပ်လာခဲ့တဲ့ လုပ်ရပ်များရဲ့ အဆက်ဖြစ်သလို ပြည်ထောင်စုဖြိုခွဲရေးစီမံချက်ရဲ့ အစိတ်အပိုင်းတစ်ခုသာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် ရွက်ဆစ်ဦးစီး SSA၊ SNLD နဲ့ ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြတဲ့ သီးခြားနိုင်ငံထူထောင်ရေးစီမံချက်ရဲ့အပိုင်းတစ်ပိုင်းသာဖြစ်ပါတယ်။ ဒီအကြောင်းတွေကိုလည်း ၂၀၀၅ ခုနှစ် ဧပြီလ ၂၂ ရက်နေ့ကပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲ(၃/၂၀၀၅)မှာ ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

နိုင်ငံရေးနည်း

ဒါပေမယ့် အဲဒီတုန်းက ပြည်ပဆရာကြီးများနဲ့အပေါင်းပါ အကြမ်းဖက်သမား (Terrorist)အုပ်စုများရဲ့ စီမံချက်တစ်ခုလုံးကို အသေးစိတ်ရှင်းပြခြင်း မပြုခဲ့ပါဘူး။ အခု ရှင်းလင်းပွဲမှာ ပြန်လည်ဆက်စပ်ရှင်းပြရရင် သူတို့ရဲ့စီမံချက်ဟာ နိုင်ငံတော်အစိုးရကို မြေပေါ်၊ မြေအောက်၊ ပြည်ပြေးတို့ သုံးဖက်သုံးတန် ညှပ်တိုက်ပြီး ၎င်းတို့ရဲ့ရည်မှန်းချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်ရန်ပဲဖြစ်ပါတယ်။ မြေပေါ်တိုက်ခိုက်ရေးအစီအမံဆိုတာကတော့ ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီဖွဲ့စည်းရန်၊ ၎င်းဖွဲ့စည်းပြီးပါက ကျန်ပြည်နယ်ခြောက်ခုတွင်လည်း အလားတူ အတိုင်ပင်ခံကောင်စီများဖွဲ့စည်းကာ ထိုကောင်စီများကနိုင်ငံတော်အစိုးရအား နိုင်ငံရေးနည်းဖြင့်တောင်းဆိုတိုက်ခိုက်ရန်ဖြစ်ပါတယ်။

မြေအောက်တိုက်ခိုက်ရေးအစီအမံကတော့ မြေပေါ်အစီအမံနဲ့ တစ်ပြိုင်တည်း အကြမ်းဖက်သမား(Terrorist)အဖွဲ့များဖြစ်တဲ့ ရွက်ဆစ်ဦးစီး SSA၊ KNU၊ KNPP၊ NCUB၊ NCGUB၊ ABSDF နဲ့ အပေါင်းပါအဖွဲ့များက နိုင်ငံတော်အစိုးရနဲ့ ပြည်သူများကို စစ်ရေးအရရော အကြမ်းဖက်နည်းအရပါ တစ်ပြိုင်တည်း တိုက်ခိုက်ပြီး တိုင်းပြည် မငြိမ်မသက်ဖြစ်အောင်၊ အကျပ်အတည်းဆိုက်လာအောင် လုပ်ဖို့ပဲဖြစ်ပါတယ်။

ပြည်ပြေးတိုက်ခိုက်ရေး အစီအမံကတော့ မြေပေါ်၊ မြေအောက်အစီအမံနဲ့ တစ်ပြိုင်တည်း ပြည်ပြေးစဝ်ခမ်ဖတို့က ရှမ်းပြည်နယ်အစိုးရဖွဲ့စည်းကာ လွတ်လပ်သောရှမ်းပြည်ထူထောင်ကြောင်း ကြေညာတိုက်ခိုက်ရန်၊ ကျန်ပြည်နယ်ခြောက်ပြည်နယ်ရှိ အတိုင်ပင်ခံကောင်စီများကလည်း စဝ်ခမ်ဖတို့နည်းတူ ကြေညာတိုက်ခိုက်ရန်ဖြစ်ပါတယ်။

အန္တရာယ်ကြီးမား

ဤသည်မှာ ပြည်ပဆရာကြီးများနဲ့ ပြည်တွင်းပြည်ပအကြမ်းဖက်သမား (Terrorist) များရဲ့ သုံးဖက်သုံးတန် ညှပ်တိုက်မယ့် တိုက်ခိုက်ရေး အစီအမံပဲဖြစ်ပါတယ်။ အဲဒီအစီအမံကို ပြည်ပဆရာကြီးများရဲ့ အကြံဉာဏ်၊ ငွေကြေး၊ ပစ္စည်း၊နည်းပညာပံ့ပိုးမှုများနဲ့ပေါင်းစပ်ဆောင်ရွက်တာဖြစ်ပါတယ်။ ၎င်းအစီအမံဟာ ပြည်ထောင်စုပြိုကွဲစေမယ့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြိုကွဲစေမယ့်၊ တစ်နိုင်ငံလုံး သွေးချောင်းစီးပြီး နောက်ဆုံးအချုပ်အခြာအာဏာ ဆုံးရှုံးကာ တိုင်းပြည်နှင့်လူမျိုးပါပျောက်ကွယ်သွားစေမယ့်၊ တစ်မျိုးသားလုံးအတွက် အလွန်အန္တရာယ်ကြီးမားတဲ့ အစီအမံဖြစ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။

အဆိုပါအစီအမံများအနက် မြေပေါ်တိုက်ခိုက်ရေးအစီအမံဖြစ်တဲ့ SSA ရွက်ဆစ်၊ SNLDနဲ့ ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီတို့ ဦးစီးအကောင်အထည်ဖော်ခဲ့တဲ့ မည်ကာမတ္တပြည်ထောင်စုကိုထူထောင်ကာ တစ်ချိန်ချိန်မှာ ခွဲထွက်လျက် သီးခြားနိုင်ငံထူထောင်ရန် လုပ်ဆောင်မှုကို နိုင်ငံတော်က အချိန်မီဖော်ထုတ်တားဆီးကာကွယ်နိုင်ခဲ့တဲ့အတွက် ကျန်ပြည်ပြေး တိုက်ခိုက်ရေးအစီအမံ(ပြည်ပြေးတိုက်ကွက်)နဲ့ မြေအောက်တိုက်ခိုက်ရေးအစီအမံ (မြေအောက်အကြမ်းဖက်တိုက်ကွက်)များ ယခုကဲ့သို့ ရှေ့ဆင့်နောက်ဆင့် ပေါ်ထွက်လာခြင်းပဲဖြစ်ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

သုံးဖက်သုံးတန် တိုက်ခိုက်ရေးအစီအမံကို အကောင်အထည်ဖော်ရာမှာ ကုလသမဂ္ဂနဲ့ပြည်ပနိုင်ငံများရဲ့ ထောက်ခံမှု၊ အသိအမှတ်ပြုမှုရရှိဖို့ အထူးအရေးကြီးပါတယ်။ ဒါ့ကြောင့်လဲ ကုလသမဂ္ဂနဲ့ပြည်ပနိုင်ငံများရဲ့ထောက်ခံမှု၊ အသိအမှတ်ပြုမှုရရှိအောင် စဝ်ခမ်ဖတို့က လွတ်လပ်သောရှမ်းပြည်ထူထောင်ကြောင်းကြေညာရာမှာ ရှမ်းပြည်နယ်ရှိ မြို့နယ် ၅၆ မြို့နယ်အနက် ၄၈ မြို့နယ်ရဲ့ထောက်ခံချက်ရရှိကြောင်း၊ ရှမ်းပြည်နယ်မှ ၈၅ရာခိုင်နှုန်းသော ပြည်သူများရဲ့ ထောက်ခံချက်ရရှိကြောင်း၊ ထိုသို့ရရှိအောင် ခက်ခက်ခဲခဲကြိုတင်ကွင်းဆင်းထိတွေ့ကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ကလိမ်စေ့ငြမ်းဆင်ပြီး လိမ်လည်ကြေညာခဲ့ကြပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ➪

မြေပေါ်တိုက်ခိုက်ရေးအစီအမံဖြစ်တဲ့ SSA ရွက်ဆစ်၊ SNLD နဲ့ ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီတို့ ဦးစီးအကောင်အထည်ဖော်ခဲ့တဲ့ မည်ကာမတ္တပြည်ထောင်စုကိုထူထောင်ကာ တစ်ချိန်ချိန်မှာ ခွဲထွက်လျက် သီးခြားနိုင်ငံထူထောင်ရန် လုပ်ဆောင်မှုကို နိုင်ငံတော်က အချိန်မီဖော်ထုတ်တားဆီးကာကွယ်နိုင်ခဲ့တဲ့အတွက် ကျန်ပြည်ပြေးတိုက်ခိုက်ရေး အစီအမံ (ပြည်ပြေးတိုက်ကွက်) နဲ့ မြေအောက်တိုက်ခိုက်ရေးအစီအမံ (မြေအောက်အကြမ်းဖက်တိုက်ကွက်)များ ယခုကဲ့သို့ ရှေ့ဆင့်နောက်ဆင့် ပေါ်ထွက်လာခြင်းပဲဖြစ်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၅-၂၀၀၅ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	ဖန်တီးသူတို့အနုပညာ
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	သစ်ကောင်းတစ်ပင်
၈း၃၀	မီးလောင်ခံရသူအားရှေးဦးသူနာပြုစုနည်း
၈း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၄၀	လက်ဆင့်ကမ်းဝေဂီတအမွေ
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	ဖန်တီးသူတို့စိတ်ကြိုက်လက်ရာများ
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	တည်ဆောက်ရေးအတွက် မျက်နှာပန်းလှသည့်ထုတ်ကုန် သရက်ဘိလပ်မြေစက်ရုံ
၉း၃၀	မိုးလေဝသခန့်မှန်းချက်
၉း၃၅	ဂီတဆည်းဆာတေးသံသာ
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ယာဉ်မောင်းလိုင်စင်ရယူလိုလျှင်
၁၀း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	မြန်မာ့ခြင်းလုံး
၁၀း၃၀	နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	ကုသမနေ့းတီဘီဆေး
၁၁း၀၀	MRTV-4 အပိတ်

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ (၄)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် တာဝန်ရှိသူများ ဗုံးပေါက်ကွဲသည့်နေရာများအား ကြည့်ရှုစစ်ဆေး၊ ဒဏ်ရာရလူနာများအား အားပေးကူညီ

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများ မေ ၇ ရက်က ရန်ကုန်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာနေရာများသို့ လည်းကောင်း၊ ဆေးရုံကြီးအသီးသီးသို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးကာ ဒဏ်ရာရရှိသူလူနာများနှင့် ၎င်းတို့၏ မိသားစုများအား အားပေးစကား ပြောကြား၍ ဆေးဝါးကုသပြုစုစောင့်ရှောက်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေး ထိခိုက်ဒဏ်ရာရရှိသူများအား ပစ္စည်းလက်ဆောင်များပေးအပ်စဉ်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဒဏ်ရာရလူနာများအား လိုက်လံကြည့်ရှုပြီး အစားအသောက်များ ပေးအပ်လှူဒါန်းစဉ်။

စာမျက်နှာ ၄ မှ

ဘိန်းကုန်ကူးမှု ဓာတ်ပုံမှတ်တမ်းများ၊ ပြည်ပြေးစစ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ကိုယ်ရေးအချက်အလက်များ၊ ပြည်ပြေးစစ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာချက်ကို တိုင်းရင်းသားအဖွဲ့အစည်း အသီးသီးက သဘောမတူကြောင်း၊ကန့်ကွက်ကြောင်းထုတ်ပြန်ကြေညာချက်များ၊ ရှမ်းပြည်နယ်အတွင်းရှိ ဥပဒေဘောင်အတွင်းဝင်ရောက်ပြီးဖြစ်သော တိုင်းရင်းသားအဖွဲ့များ၏ ကန့်ကွက်ကြောင်းကြေညာချက်များ၊အခြားပြည်နယ်နှင့်တိုင်းအသီးသီးရှိ ဥပဒေဘောင်အတွင်းဝင်ရောက်ပြီးဖြစ်သော တိုင်းရင်းသားအဖွဲ့အစည်းများ၏ ကန့်ကွက်ကြောင်း ကြေညာချက်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံရေးပါတီများ၏ ကန့်ကွက်ကြောင်း ကြေညာချက်များ၊ ပြည်ပြေးစစ်ခမ်ဖနှင့်အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာချက်အားဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးများ၏ဓာတ်ပုံမှတ်တမ်းများ၊ ပြည်ထောင်စုဖြိုခွဲရေးနှင့်အကြမ်းဖက် အဖျက်လုပ်ရပ်များဆောင်ရွက်ရေး ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်း ထားသော နယ်စပ်နှင့် တစ်ဖက်နိုင်ငံတွင်အခြေပြုထားသည့် အကြမ်းဖက်အဖျက်သမားများ၏ ဓာတ်ပုံမှတ်တမ်းများ၊ စစ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ တိုင်းဆူပြည်ဖျက်လုပ်ရပ်ဖြစ်သည့် ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာမှုကို လူထုက ထောက်ခံသယောင် မလိမ့်တပတ် အခမ်းပြုလုပ်ကြေညာခဲ့သည့် လုပ်ကြံလိမ်ညာမှု ဖြစ်ရပ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးလျက် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ၈-၅-၂၀၀၅ရက်နေ့က ကျင်းပသော လူငယ်နှီးနှောဖလှယ်ပွဲက ပြည်ထောင်စုဖြိုခွဲရေး ကြံစည်လုပ်ဆောင်ခဲ့သည့် ပြည်ပြေး စစ်ခမ်ဖအဖွဲ့နှင့် ရက်စက်ယုတ်မာလူမဆန်စွာ အကြမ်းဖက်ဗုံးခွဲလူသတ်ခဲ့သည့် အကြမ်းဖက်အဖျက်သမား(Terrorist) များအား ပြင်းထန်စွာ ပြစ်တင်ကန့်ကွက်ရှုတ်ချသည့် မှတ်တမ်းဓာတ်ပုံများ၊ ၇-၅-၂၀၀၅ရက်နေ့၌ အကြမ်းဖက် အဖျက်သမား (Terrorist)များ၏ဗုံးခွဲတိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရသူများအား တာဝန်ရှိပုဂ္ဂိုလ်များက အားပေးကြည့်ရှုခြင်းနှင့် ထောက်ပံ့ကူညီမှု ဓာတ်ပုံမှတ်တမ်းများ၊ ၇-၅-၂၀၀၅ ရက်နေ့၌ အကြမ်းဖက်အဖျက်သမား (Terrorist) များက ရန်ကုန်မြို့တွင် ဗုံးခွဲတိုက်ခိုက်မှုများကြောင့် ရဟန်းရှင်လူပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုနှင့် အဆောက်အအုံများပျက်စီးမှု ဓာတ်ပုံ မှတ်တမ်းများကို စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

အကြမ်းဖက် အဖျက်သမားအဖွဲ့များသည် အဖွဲ့အမျိုးမျိုးကို အမည်မျိုးစုံဖြင့် ဖွဲ့စည်း လုပ်ဆောင်နေသော်လည်း **ENSCC** နှင့် **ENC**အပါအဝင်အဖွဲ့အားလုံးသည် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း အဖွဲ့များသာ ဖြစ်ကြသည်။ **ENC**အစည်းအဝေးကို တစ်ဖက်နိုင်ငံတွင် ၂၈–၄–၂၀၀၅ ရက်နေ့မှ ၃–၅–၂၀၀၅ ရက်နေ့အထိ ကျင်းပခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ရန် ကြံစည်ခဲ့ကြသည်။

(ယာပုံတွင် အဆိုပါ **ENC** အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသော အကြမ်းဖက် အဖျက်သမားအဖွဲ့ဝင် အချို့ကို တွေ့ရစဉ်။)

အပြစ်မဲ့ပြည်သူများကို ပုံးဖောက်ခွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်အဖျက်သမားများ ဘယ်ကလာသလဲ

၂၀၀၅ ခုနှစ် မေလ ၇ရက်နေ့က ရန်ကုန်မြို့ နေရာသုံးနေရာတွင် ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့သော အကြမ်းဖက်အဖျက်သမား (**Terrorist**)များ၊ ၎င်းတို့အသုံးပြုခဲ့သည့် ယမ်းနှင့် ချိန်ကိုက်ဗုံးများသည် တစ်ဖက်နိုင်ငံတစ်နေရာတွင် အင်အားကြီးနိုင်ငံတစ်နိုင်ငံ၏ ကမ္ဘာကျော်အဖွဲ့ကြီးတစ်ခုက ပံ့ပိုးကြပ်မတ်ပြီး နိုင်ငံခြားသား ကျွမ်းကျင်သူပညာရှင်များဖြင့် လေ့ကျင့်သင်ကြားပေးခဲ့သော အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းမှသာ ဖြစ်နိုင်ကြောင်း ပေါ်လွင်ထင်ရှားလျက်ရှိသည်။

မင်္ဂလာ တောင်ညွန့် မြို့နယ် ရန်ကုန် ကုန်သွယ်မှု ဇဟို ဌာန တတိယထပ် ဗုံးပေါက် ကွဲ သည့် နေရာကို တွေ့ရစဉ်။

မင်္ဂလာ တောင်ညွန့် မြို့နယ် ရန်ကုန် ကုန်သွယ်မှု ဇဟို ဌာန တတိယ ထပ်တွင် ဗုံး ပေါက်ကွဲပြီး နောက် တွေ့ရစဉ်။

စမ်းချောင်း မြို့နယ် ဒဂုံစင်တာ မြေညီထပ်တွင် ဗုံး ပေါက် ကွဲ ပြီးနောက် ပျက်စီးမှုကို တွေ့ရစဉ်။ (ဝဲနှင့်ယာပုံ)

မ ရမ်း ကုန်းမြို့ နယ် **Junction-8** စင်တာ မြေညီထပ်တွင် ဗုံး ပေါက် ကွဲ ပြီးနောက် ပျက်စီးမှုကို တွေ့ရ စဉ်။ (ဝဲနှင့်ယာပုံ)

မြန်မာနိုင်ငံရဲ့ မျက်နှာချင်းဆိုင် တစ်ဖက်နိုင်ငံ နယ်စပ်တစ်နေရာမှာ အင်အားကြီးနိုင်ငံတစ်ခုရဲ့ ကမ္ဘာ
ဖောက်ခွဲရေးသမားတွေဟာ ပြည်တွင်းအမာခံ ယူဂျီများနဲ့ ဆက်စပ်ပေါင်းစည်းပြီး ဖောက်ခွဲဖျက်

☞ စာမျက်နှာ ၅ မှ

ဒီလိုလိမ်လည်ကြေညာမှုကို အထောက်အကူဖြစ်စေရေးအတွက် ရှမ်းပြည်နယ်မှ ပြည်သူများက ၎င်းတို့စင်ပြိုင်အစိုးရအဖွဲ့နဲ့ လွတ်လပ်သော ရှမ်းပြည်ထူထောင် ခြင်းကို သဘောတူ ထောက်ခံကြောင်း အခမ်းအနားတွေကို လိမ်လည်ဖန်တီးခဲ့ပါတယ်။ အဲဒီလိုလိမ်လည်ဖန်တီးခဲ့ပုံများကို ဆက်လက် ရှင်းပြသွားမှာဖြစ်ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

ရှမ်းတိုင်းရင်းသားများရဲ့ ဓလေ့ထုံးစံမှာ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးပြီး နှစ်ဆန်း(၂)ရက်၊ (၃)ရက်နေ့ရောက်ရင် စုပေါင်း၍နတ်ကန်တော့ခြင်း၊ စုပေါင်း ရှင်ပြုပွဲပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လေ့ရှိကြပါတယ်။ ဒါကိုအခွင့်ကောင်းယူပြီး ရွက်ဆစ်လက်အောက်ခံ SSA (၇၅၈) တပ်ဖွဲ့မှ စောစိန်ဆိုသူက လဲချားမြို့နယ် ဝမ်ဟိုင့်ကျေးရွာအုပ်စု၊ ဝမ်ထီးကျေးရွာအုပ်စုနဲ့ ဝမ်လီကျေးရွာအုပ်စုရှိ ကျေးရွာများမှ ရွာသူရွာသားများအား နှစ်ဆန်း(၂)ရက်နေ့ဖြစ်သော ၂၀၀၅ခုနှစ် ဧပြီလ ၁၈ရက်နေ့မှာ ဝမ်ဟိုင့်ကျေးရွာအုပ်စု ဝမ်ပန်ရွာရှိ နတ်စင်ကန်တော့ရန်ရှိကြောင်း၊ အိမ်ထောင်စုတိုင်း အိမ်စောင့်တစ်ယောက်သာချန်ပြီး ကျန်အားလုံး နတ်စင်သို့ လာရောက်ရမည်ဖြစ်ကြောင်း၊ အနည်းဆုံးတစ်အိမ်တစ်ယောက် မလာမနေရ လာရမည်ဖြစ်ကြောင်း ဆင့်ဆိုအမိန့်ပေးခဲ့ပါတယ်။

ဒါ့ကြောင့် ဝမ်ဟိုင့်ကျေးရွာအုပ်စု၊ ဝမ်ထီးကျေးရွာအုပ်စုနဲ့ ဝမ်လီကျေးရွာ အုပ်စုရှိ ရွာများမှ ရွာသူရွာသားများဟာ ၂၀၀၅ခုနှစ် ဧပြီလ၁၈ရက်နေ့နံနက်မှာ ဝမ်ပန်ရွာရှိ နတ်စင်သို့ လာရောက်ခဲ့ကြရပါတယ်။ အဲဒီနေ့နေ့လယ် နတ်စင်မှာ ရွာသူရွာသား ၅၀၀ခန့်လောက် စုစည်းမိတဲ့အခါမှာ မိန်းဆင်ဦးစီး SSA (၇၅၈)တပ်ဖွဲ့မှ အရပ်ဝတ်ဝတ်ထားတဲ့ အကြမ်းဖက်လက်နက်ကိုင်အင်အား ၅၀ ခန့်ဟာ ပုန်းအောင်းနေရာမှ ရုတ်တရက်ရောက်ရှိလာပြီးကျေးရွာလူထုကို ဝိုင်းပတ်ထားလိုက်ပါတယ်။ အဲဒီနောက် ၎င်းတို့ကြိုတင်စီစဉ်ရေးသားထားတဲ့ "ယခုအခါ လွတ်လပ်တဲ့ရှမ်းပြည်ကို ထူထောင်လိုက်ပြီဖြစ်ကြောင်း၊ လွတ်လပ်တဲ့ ရှမ်းပြည်ကိုအုပ်ချုပ်ရန် ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်၏သား စဝ်ခမ်ဖ ဦးစီးတဲ့ ရှမ်းပြည်အစိုးရကို ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ၎င်းတို့ကို ထောက်ခံကြောင်း"စာများကို ဝမ်ပန်ကျေးရွာမှ ဦးဇဝန၊ တတ်မောက်ကျေးရွာမှ ဦးစိုင်းတွီ၊ နောင်ရာစိုင်းကျေးရွာမှ ဦးနန္ဒော(ခေါ်)ဦးလုံးဟိန်နဲ့ ဝမ်ပန်ကျေးရွာ သီရိမင်္ဂလာ ကျောင်းဆရာတော် စမ်းနော်(ခေါ်)ဦးတေဇိန္ဒတို့အား အတင်းအဓမ္မ တက်ရောက်ဖတ်ကြားစေခဲ့ပါတယ်။

ဒါ့အပြင် လွတ်လပ်သော ရှမ်းပြည်ထူထောင်ခြင်းအား သဘောတူသလားလို့ မေးမြန်းပြီး တက်ရောက်လာသူ ရွာသူရွာသားများက သဘောတူပါတယ်လို့ ဖြေကြရပါတယ်။ ထို့အတူ ရှမ်းပြည်အစိုးရဖွဲ့စည်းခြင်းကို ထောက်ခံပါသလားလို့မေးပြီး ရွာသူရွာသားများက ထောက်ခံပါတယ်လို့ ဖြေကြရပါတယ်။ အဲဒီအခြေအနေများကို ဗီဒီယိုရိုက်ကူးခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်းများပြုလုပ်ပြီး ၎င်းတို့အားထောက်ခံသည့် ပြည်သူ့ထောက်ခံပွဲများဟု အမည်တပ်ကာ လိမ်ညာကြေညာခဲ့ပါတယ်။ အင်တာနက်ဝက်ဘ်ဆိုက်တင်ပြီး လိမ်ညာဝါဒဖြန့်ခဲ့တာ ဖြစ်ပါတယ်။

ထို့အတူ ရှမ်းပြည်လွတ်လပ်ရေးကြေညာခြင်းနှင့် ရှမ်းအစိုးရထူထောင်ခြင်းကို ရှမ်းသံဃာတော်များအဖွဲ့ကထောက်ခံကြောင်း၊ လားရှိုးခရိုင် ရှမ်းလူငယ်များ ကထောက်ခံကြောင်း၊ ရှမ်းပြည်တောင်ပိုင်း လွိုင်လင်၊ပင်လုံဒေသပြည်သူများက ထောက်ခံကြောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း သိန်းနီ၊ တန့်ယန်းပြည်သူများက ထောက်ခံကြောင်းစတဲ့ စာတွေကိုရှမ်းဘာသာဖြင့် စဝ်ခမ်ဖတို့အဖွဲ့က လိမ်ညာရေးသားကာ အင်တာနက်ဝက်ဘ်ဆိုက်များသို့တင်ပြီး ဝါဒဖြန့် ကြေညာခဲ့ပါတယ်။ အမှန်တကယ်ကတော့ ရှမ်းပြည်နယ်အတွင်းနေထိုင်ကြသော တိုင်းရင်းသား မျိုးနွယ်စု ၃၃ စုဝင် ပြည်သူများအနေနဲ့ သိပင်မသိလိုက်ရဘဲ ၎င်းတို့ဘာသာ ၎င်းတို့ရေးသားပြီး ကြေညာသွားခြင်းသာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဒီအခြေအနေတွေကို ပြန်လည်သိရှိကြတဲ့အခါမှာ လဲချားမြို့နယ် ပြည်သူများဟာ မခံမရပ်နိုင်ဖြစ်ပြီး ၂၀၀၅ခုနှစ် မေလ၈ရက်နေ့မှာ လူထုအစည်းအဝေးကျင်းပကာ စဝ်ခမ်ဖရဲ့ လွတ်လပ်တဲ့ရှမ်းပြည်ထူထောင်ခြင်း၊ ရှမ်းပြည်နယ်အစိုးရဖွဲ့စည်းခြင်းတို့ကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြပါတယ်။ ထို့အတူ ၎င်းတို့က မထောက်ခံပါဘဲ ထောက်ခံသယောင်ဖြစ်အောင် အတင်းအဓမ္မ စေခိုင်းပြီး လိမ်လည်ကြေညာခဲ့တာကိုလည်း ဆန့်ကျင်ရှုတ်ချ ကန့်ကွက်ခဲ့ကြပါတယ်။

အဲ့ဒီ အခမ်းအနားမှာ လဲချားမြို့နယ် လဲချားမြို့ပေါ်ရပ်ကွက်လေးရပ်ကွက်၊ မြို့မကျေးရွာအုပ်စု၊ ဝမ်ဟိုင့်ကျေးရွာအုပ်စု၊ ဝမ်လီ၊ဝမ်ထီး၊ဝမ်ဆန်း၊ တတ်မောက်နှင့် ဝမ်ခဲ့ကျေးရွာအုပ်စုတို့မှ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၈၀၀၀ကျော် တက်ရောက်ခဲ့ကြပါတယ်။ ဒါ့အပြင် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ဥပဒေဘောင်အတွင်းဝင်ရောက်လာကြတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များဖြစ်တဲ့ ပအိုဝ်းတိုင်းရင်းသားအဖွဲ့ချုပ် (P.N.O)၊ ဦးလွယ်မောင်ဦးစီး ရှမ်းပြည်တပ်မတော်(SSA) တပ်မဟာ(၁)နဲ့ တပ်မဟာ(၇)၊ ရှမ်းပြည်လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့ (ရလလဖ)၊ ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA)ခွဲထွက်မိုင်းယွန်းအဖွဲ့နဲ့ ဝမ်ယိမ်းအဖွဲ့၊ (MTA)နားရိုင်းအဖွဲ့၊မတ်ကျန်းအဖွဲ့၊ ဟိုမိန်းအဖွဲ့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)'ဝ' အဖွဲ့တို့မှ ခေါင်းဆောင်များနဲ့အဖွဲ့ဝင်များလည်း တက်ရောက်ခဲ့ကြပါတယ်။ အဲ့ဒီအခမ်းအနားမှာ"**ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါ တစ်စု၏ ရှမ်းပြည်နယ် ခွဲထွက်ရန်ကြေညာခြင်းအား လဲချားမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ တစ်ခဲနက် ဆန့်ကျင်ရှုတ်ချကြောင်း**" အဆိုကို တင်သွင်းခဲ့ကြပြီး တက်ရောက်လာသူ တိုင်းရင်းသားပြည်သူအားလုံးက အဲ့ဒီအဆိုကို တစ်ခဲနက်ထောက်ခံ အတည်ပြုခဲ့ကြပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

ဒါ့အပြင် ဝမ်ပန်ရွာနတ်ကန်တော့ပွဲမှာ ရွက်ဆစ်လက်အောက်ခံ SSA(၇၅၈)တပ်ဖွဲ့က အဓမ္မစေခိုင်းလို့ စဝ်ခမ်ဖနဲ့အဖွဲ့ရဲ့လွတ်လပ်တဲ့ ရှမ်းပြည် ထူထောင်မှု၊ ရှမ်းပြည်နယ်အစိုးရ ဖွဲ့စည်းမှုကိုထောက်ခံကြောင်း ပြောကြားခဲ့ကြရတဲ့ ဦးဇဝန၊ ဦးစိုင်းတွီ၊ ဦးနန္ဒော(ခေါ်) ဦးလုံးဟိန်နှင့် ဆရာတော် ဦးတေဇိန္ဒတို့လည်း အဲဒီအခမ်းအနားကို တက်ရောက်ခဲ့ကြပါတယ်။ ၎င်းတို့က လည်း ဝမ်ပန်ကျေးရွာ နတ်ကန်တော့ပွဲမှာ SSA ရွက်ဆစ်အဖွဲ့ရဲ့ အဓမ္မ စေခိုင်းမှုကြောင့် ၎င်းတို့ရဲ့ စိတ်ဆန္ဒမပါဘဲ ပြောကြားခဲ့ရမှုများကို ဝန်ခံ ပြောကြားခဲ့ကြပါတယ်။ အမှန်တကယ်ဆိုရင် စဝ်ခမ်ဖနဲ့ အဖွဲ့ရဲ့လုပ်ရပ်ကို ၎င်းတို့လုံးဝသဘောမတူကြောင်း၊ ဆန့်ကျင်ကန့်ကွက်ကြောင်းကိုလည်း ပြည်သူလူထုရှေ့မှောက်မှာ ပြောကြားခဲ့ကြပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

လဲချားဒေသပြည်သူများကသာမက မိုင်းနောင်၊ မိုင်းရယ်၊ သီပေါ၊ သိန်းနီနဲ့ ကျိုင်းတုံ မြို့နယ်များရှိ ပြည်သူများကလည်း လူထုအစည်းအဝေးပွဲများ ကျင်းပကာ ပြည်ပြေးစဝ်ခမ်ဖနဲ့အဖွဲ့ရဲ့ လွတ်လပ်သောရှမ်းပြည်ထူထောင်မှုနဲ့ ရှမ်းပြည်နယ်အစိုးရဖွဲ့စည်းမှုကို လုံးဝသဘောမတူ၊ ဆန့်ကျင်ကန့်ကွက်ကြောင်း ကြေညာခဲ့ကြပြီးဖြစ်ပါတယ်။ ၎င်းတို့ရဲ့ မလိမ့်တပတ်လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချခဲ့ကြပြီးလည်းဖြစ်ပါတယ်။ ဒီအခြေအနေများကိုလည်း တစ်နိုင်ငံလုံးရှိ ပြည်သူများသိရှိနိုင်အောင် မြန်မာ့ရုပ်မြင်သံကြားနဲ့ ရေဒီယိုတို့မှလည်းကောင်း၊ သတင်းစာများမှ လည်းကောင်း သတင်းများထုတ်လွှင့်ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။

အဲ့ဒီအခြေအနေတွေကို ကြည့်ပါက ပြည်ပြေးစဝ်ခမ်ဖနဲ့အဖွဲ့ရဲ့ လွတ်လပ်တဲ့ ရှမ်းပြည်ထူထောင်ခြင်း၊ ရှမ်းပြည်နယ်အစိုးရဖွဲ့စည်းခြင်းတို့ကို ရှမ်းပြည်နယ်မှာနေထိုင်ကြတဲ့ တိုင်းရင်းသား မျိုးနွယ်စု၃၃စုပါဝင်သော ပြည်သူများက လုံးဝ(လုံးဝ)မထောက်ခံ၊ဆန့်ကျင်ကန့်ကွက်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။ အလားတူ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ၅၄ သန်းကျော်သော တိုင်းရင်းသား ပြည်သူအားလုံးကလည်း စဝ်ခမ်ဖနဲ့အဖွဲ့ရဲ့လုပ်ရပ်ကိုလုံးဝမထောက်ခံ၊ ဆန့်ကျင်ကန့်ကွက်လျက်ရှိနေကြပါတယ်။ ထို့အတူ နိုင်ငံတော်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့အားလုံးကလည်းကောင်း၊ တရားဝင်နိုင်ငံရေးပါတီ ၁၀ ပါတီ စလုံးက လည်းကောင်း လုံးဝမထောက်ခံဘဲ ဆန့်ကျင်ကန့်ကွက်ခဲ့ကြပါတယ်။ ဥပဒေဘောင်အတွင်း ဝင်ရောက်လာတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း အားလုံးတို့ကလည်း လုံးဝမထောက်ခံဘဲဆန့်ကျင်ကန့်ကွက်လျက် ရှိနေကြပါတယ်။

ဤသည်မှာ ပြည်ထောင်စုမပြိုကွဲရေးဟူသော မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးဟူသော မျိုးချစ်စိတ်ဓာတ်နဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော မျိုးချစ်စိတ်ဓာတ်များကသာ မှန်ကန်တဲ့ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း ဖော်ညွှန်းနေတာပဲ ဖြစ်ပါတယ်။

အဲ့ဒီလို တစ်တိုင်းပြည်လုံးက စဝ်ခမ်ဖနဲ့အပေါင်းပါတစ်စုရဲ့ ပြည်ပြေး တိုက်ကွက်ဆင်လာတာကို လုံးဝလက်မခံဘဲ ပြင်းပြင်းထန်ထန် ဆန့်ကျင်ရှုတ်ချ ကန့်ကွက်နေကြတဲ့အတွက် SSA မိန်းဆင်ဦးစီးတဲ့(၇၅၈)တပ်ဖွဲ့ဟာ ဒေသခံ တိုင်းရင်းသားတွေရဲ့ ထောက်ခံချက် လက်မှတ်အတုယောင်တွေဖန်တီးပြီး SSA ရွက်ဆစ်ထံသို့ပေးပို့လျက်ရှိကြောင်း၊ ၎င်းတို့အား ဆန့်ကျင်ကန့်ကွက်မှု ကို လက်တုံ့ပြန်တဲ့အနေနဲ့ မြို့တွေမှာ ဖောက်ခွဲဖျက်ဆီးမှုတွေပြုလုပ်ဖို့ လွယ်တိုင်းလျှံစခန်းမှာ အခြေပြုထားတဲ့ SSA ဌာနချုပ်ကနေပြီး ဖောက်ခွဲ ဖျက်ဆီးရေးပစ္စည်းတွေနဲ့ ဖောက်ခွဲဖျက်ဆီးရေးနည်းလမ်းတွေကို မိန်းဆင်ထံသို့ ပို့ဆောင်ပေးလျက်ရှိကြောင်း သတင်းများရရှိခဲ့ပါတယ်။

သို့သော်လည်း ပြည်သူကိုဒုက္ခပေးမယ့် အဲဒီအကြမ်းဖက်အဖျက်သမား မိန်းဆင်ဦးစီး SSA (၇၅၈)တပ်ဖွဲ့ကို တပ်မတော်က လိုက်လံတိုက်ခိုက် ချေမှုန်းလျက်ရှိနေတာမို့ ပြည်သူများ စိုးရိမ်ဖွယ်မရှိကြောင်း အသိပေးပြောကြား လိုပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

အထက်က ရှင်းလင်းပြောကြားခဲ့တာတွေကတော့ အကြမ်းဖက် အဖျက်သမား အပေါင်းပါများရဲ့ မြေပေါ်နိုင်ငံရေးတိုက်ကွက်နဲ့ ပြည်ပြေး တိုက်ကွက် ဆက်စပ်ဆောင်ရွက်ခဲ့ပုံများပဲ ဖြစ်ပါတယ်။ ယခု ဆက်လက်ပြီး အကြမ်းဖက်အဖျက်သမား(Terrorist)များဖြစ်တဲ့ ရွက်ဆစ်ဦးစီး SSA၊ KNU၊ KNPP၊ NCUB၊ NCGUB၊ ABSDF နဲ့ အပေါင်းပါအဖွဲ့များရဲ့ မြေအောက်တိုက်ကွက်ဖြစ်တဲ့ အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်မှုများကို ရှင်းလင်း ပြောကြားသွားမှာ ဖြစ်ပါတယ်။

သတင်းစာဆရာကြီးများ သိကြပြီးဖြစ်တဲ့အတိုင်း မြေပေါ်ဆန့်ကျင်ရေး အဖွဲ့များက မြေပေါ်ရှမ်းပြည် ပညာရှင်များ အတိုင်ပင်ခံကောင်စီဆိုတာကို ဖွဲ့စည်းဆောင်ရွက်ခဲ့သလို၊ မြေအောက်အကြမ်းဖက် အဖွဲ့အစည်းများကလည်း တိုင်းရင်းသား လူမျိုးပေါင်းစုံ သွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ (Ethnic Nationalities Solidarity and Cooperation Committee-ENSCC) ဆိုတာကို ၂၀၀၃-၂၀၀၄ခုနှစ်ခန့်မှာ ဖွဲ့စည်းခဲ့တယ်လို့ သိရပါတယ်။

အဲဒီအဖွဲ့မှာ ရွက်ဆစ်ဦးစီး SSA၊ KNPP၊ KNU၊ ရခိုင်အမျိုးသား ညီညွတ်ရေးပါတီ (NUPA)၊ ရိုဟင်ဂျာ စည်းလုံးညီညွတ်ရေးအဖွဲ့(RSO)၊ ရခိုင်ရိုဟင်ဂျာ အမျိုးသားညီညွတ်ရေးအဖွဲ့ (ARNO)၊ ချင်းအမျိုးသား တပ်ဦး(CNF)၊ ရှမ်းဒီမိုကရက်တစ်အစည်းအရုံး (SDU)၊ လားဟူ ဒီမိုကရက် တစ်တပ်ဦး(LDF)၊ ပအိုဝ်းပြည်သူ့လွတ်မြောက်ရေးအဖွဲ့(PPLO)၊ အမျိုးသမီး များအဖွဲ့ချုပ်-မြန်မာနိုင်ငံ (WLB)၊ ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေး ကောင်စီ(RCSS)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့(MPU)၊ စည်းလုံးညီညွတ်သော အမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ်(UNLD)၊ ရှမ်း အမျိုးသားညီညွတ်ရေးအဖွဲ့ (SSO)၊ အမျိုးသား ဒီမိုကရေစီ တပ်ပေါင်းစု (NDF)နဲ့ ပလောင်လွတ်မြောက်ရေးတပ်ဦး (PSLF)စတဲ့ အကြမ်းဖက် အဖျက်သမား သောင်းကျန်းသူအဖွဲ့များပါဝင်ဖွဲ့စည်းထားကြောင်း သိရပါတယ်။

အဲ့ဒီ ENSCC တွင် ပါဝင်နေတဲ့ ရှမ်းပြည်နယ် ပြန်လည်ရရှိရေးကောင်စီ (Restoration Council of Shan State-RCSS)ဆိုတဲ့အဖွဲ့ဟာ ပြီးခဲ့တဲ့ သတင်းစာရှင်းလင်းပွဲ(၂/၂၀၀၅) မှာ ရှင်းလင်းတင်ပြခဲ့တဲ့အတိုင်း ဘိန်းဓားပြ အကြမ်းဖက်သမား SSA ရွက်ဆစ် ဥက္ကဋ္ဌအဖြစ် ဦးစီးပြီးဖွဲ့ထားတဲ့ အဖွဲ့ ဖြစ်ပါတယ်။ SNLD၊ ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီ၊ ရှမ်း ပြည်နယ် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ(SSJAC)တို့နဲ့ တစ်စပ်တစ်ဆက် တည်းဖြစ်ပြီး မည်ကာမတ္တပြည်ထောင်စုကိုထူထောင်ကာတစ်ချိန်ချိန်၌ ခွဲထွက် လျက် သီးခြားနိုင်ငံထူထောင်ဖို့ ကြိုးပမ်းကြံစည်နေတဲ့ အဖွဲ့ပဲဖြစ်ပါတယ်။

ENSCC ရဲ့ လက်အောက်ခံလုပ်ငန်းအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသား လူမျိုးများကောင်စီ ENCကိုတော့ ဗမာတိုင်းရင်းသားသောင်းကျန်းသူအဖွဲ့တွေ မပါဝင်ဘဲ အခြားတိုင်းရင်းသား သောင်းကျန်းသူအဖွဲ့အစည်းများ သက်သက် ဖြင့်သာဖွဲ့စည်းထားပြီး KNU မှ ပဒိုစောဘသင်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေ ပါတယ်။ အဲ့ဒီ ENSCC နဲ့ ENC တို့ရဲ့ အစည်းအဝေးများနဲ့ လှုပ်ရှားမှု များပေါ်ပေါက်ရေး၊ နိုင်ငံတကာမှ သိရှိရေး၊ ထောက်ပံ့ငွေများရရှိရေးအတွက် ကမ္ဘကထပြု အကြံပေးဆောင်ရွက်နေသူကတော့ ဟန်ညောင်ရွှေဆိုသူ ဖြစ်ပါ တယ်။

ဟန်ညောင်ရွှေဟာ ပြည်ပြေးစဝ်ခမ်ဖရဲ့ ညီအရင်းဖြစ်ပြီး ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့မှာ အခြေပြုလှုပ်ရှားနေတဲ့ ဆန့်ကျင်ဘက်အဖွဲ့အစည်း Euro Burma အဖွဲ့ရဲ့ ညွှန်ကြားရေးမှူး အဖြစ် ဆောင်ရွက်နေသူလည်း ဖြစ်ပါတယ်။

ENSCC နဲ့ ENC ရဲ့ ပေါင်းစပ်ဖွဲ့စည်းလှုပ်ရှားမှုကိုကြည့်ပါက ၎င်းအဖွဲ့တွင် မြေအောက်လက်နက်ကိုင် အကြမ်းဖက်အဖွဲ့အားလုံးလိုလို ပါဝင်နေပြီး ပြည်ပြေးစဝ်ခမ်ဖတို့ရဲ့ အဖွဲ့နဲ့လည်း ဆက်စပ်ပတ်သက်နေ ကြောင်းတွေ ရှိရမှာဖြစ်ပါတယ်။ ၎င်း ENC အဖွဲ့ရဲ့ စတုတ္ထအကြိမ် အစည်း

အဝေးကို မြန်မာနိုင်ငံနယ်စပ် တစ်ဖက်နိုင်ငံ
၃-၅-၂၀၀၅ရက်နေ့အထိ ကျင်းပခဲ့ပြီး KNU
အတွင်းရေးမှူး ပဒိုမန်းရှာ၊ ဒေးဗစ်ထော‌နဲ့ ...
National Liberation Army) စစ်ဦးစီးချု...
အောင်သန်းလေးနဲ့ ရေမွန်ထူး၊ Euro Burma
ညောင်ရွှေ၊ BLC (Burma Layer's Council
လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့...
တက်ရောက်ခဲ့ကြောင်း သိရပါတယ်။ ၎င်းအဖွဲ့...
မြေပေါ်အဖွဲ့၊ ပြည်ပြေးအဖွဲ့များနဲ့ဟန်ချက်ညီ...
သုံးဖက်သုံးတန်တိုက်ခိုက်ရေး စီမံချက်အရ ...
စစ်ရေးနဲ့ အကြမ်းဖက်တိုက်ကွက်များကို ...
အကောင်အထည်ဖော်နိုင်ရေးပင်ဖြစ်တယ်လို့

အဲဒီလိုဖွဲ့စည်းညှိနှိုင်းသဘောတူခဲ့ကြတဲ့...
အဖွဲ့ဝင် အကြမ်းဖက် အဖွဲ့များ၊ အဖွဲ့ဝင် မဟု...
အကြမ်းဖက်အဖွဲ့များအားလုံးဟာ မြေအောက်...
ပြိုင်တူလှုပ်ရှား စီမံဆောင်ရွက်လာကြကြောင်...

သတင်းစာဆရာကြီးများခင်ဗျား

ENSCC အဖွဲ့မှာ အမျိုးသားဒီမိုက...
Democratic Front-NDF) ပါဝင်နေတာ...
မှာ KNU, KNPP, SDU, SSA, CNF, ...
တပ်ဦး(LDF)၊ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်း...
(AASYC)၊ PPLO စတဲ့ အကြမ်းဖက်အ...

NDFရုံးကို တစ်ဖက်နိုင်ငံမှာ ဖွင့်လှစ်...
ပဒိုဘသင်၊ ဒုဥက္ကဋ္ဌအဖြစ် ALP မှ ခိုင်စိုးနိုင်...
ပါတယ်။

အလားတူပဲ အကြမ်းဖက်အဖျက်သမား...
ဖွဲ့စည်းထားတဲ့ အဖွဲ့တစ်ဖွဲ့ကတော့ မြန်မာပြည်...
ချုပ် (Democratic Alliance of Burma) ...
အဲဒီအဖွဲ့မှာ KNU, ABSDF, DPNS, A...
NUFA, PPP, PPF, PLF, PSLF, PDF, PP...
အဖွဲ့တွေပါဝင်ပြီး ဥက္ကဋ္ဌအဖြစ် KNU မှ ...
ALP မှ ခိုင်စိုးနိုင်အောင်တို့က ဆောင်ရွက်...

နောက်ပိုင်းမှာ DAB, NCGUB, N...
တို့ပူးပေါင်းပြီး NCUBလို့ခေါ်တဲ့ ပြည်ထောင်...
(National Council of the Union of Bur...
ပြန်ပါတယ်။ အဲဒီအဖွဲ့ဟာ အကြမ်းဖက် အ...
နိုင်ငံရေးနည်းလမ်းအရ အထောက်အပံ့ရရှိ...
တစ်ဖက်လှည့်နဲ့ ဆောင်ရွက်နေကြောင်းတွေ...
ရဲ့ ဥက္ကဋ္ဌကတော့ ထုံးစံအတိုင်း KNU မှ တ...
အတွင်းရေးမှူးအဖြစ် မြန်မာနိုင်ငံအလုပ်သမ...
မှ ပြည်သစ်ညွှန့်ဝေ (ခေါ်) မောင်မောင်က ...

အခုလို အဖွဲ့အမျိုးမျိုးကို အမည်မျိုးစုံနဲ့...
တစ်နာမည် မကောင်း၊ တစ်နာမည်ပြောင်းဆို...
အကြမ်းဖက်လုပ်ရပ်တွေကို မဖုံးနိုင်မဖိနိုင်ဖြ...
တပ်မတော်ရဲ့ စစ်ရေးစွမ်းရည်ကို ရင်ဆိုင်နိုင်...
နိုင်ငံတကာအမြင်မှာ မျက်နှာပန်းလှရေးနဲ့ အ...
ပိုမိုအားဖြည့် လုပ်ဆောင်နိုင်ရေးအတွက်ဖြစ်ပါ...
အပါအဝင် ဒီအဖွဲ့တွေအားလုံးဟာ ဒီလူတွေနဲ့ပဲ...
ထဲ၊ တစ်ဉာဏ်ထဲ အဖွဲ့များသာဖြစ်ပါတယ်။ အ...
ဟာ သုံးဖက်သုံးတန် တိုက်ခိုက်ရေး အစီအမံနဲ့...
တိုက်ခိုက်မှုများကို တစ်ပြိုင်တည်း ဆောင်ရွက်...
တယ်။

သတင်းစာဆရာကြီးများခင်ဗျား

အခု ၂၀၀၅ ခုနှစ်အတွင်းမှာ ရရှိခဲ့တဲ့ ...
(Terrorist) သောင်းကျန်းသူတွေရဲ့ အကြ...
သတင်းတွေကို ဖော်ပြရမယ်ဆိုရင် ၈-၁-၂၀...
စီစီပက်စ်(ခေါ်) ၄၈ရွာ အခြေပြု ABSDF
တင်မောင်တို့ဟာ ဖောက်ခွဲဖျက်ဆီးမှုပြုလုပ်...
၎င်းအဖွဲ့ဟာ ကော့သောင်းမှတစ်ဆင့် မော်လ...
အရောက် ဖုံးနှစ်လုံးနဲ့အတူ ဝင်လာရန်ရှိကြေ...

၂၆-၁-၂၀၀၅ ရက်နေ့မှာ ရရှိတဲ့သတ...
အမျိုးသား ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုကော်...
ABSDF မောင်မောင်ကြီး (မွဲမောင်မောင်ကြီး)...
အတွင်းက တစ်ဖက်နိုင်ငံရှိ ၎င်းတို့ ABSD...
သင်တန်းတက်ခဲ့သူကောင်းစံ၊ တင်ဦး၊ အခြား...
ရက်နေ့မှာ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသ...
အတွင်းရေးမှူး မြင့်သိန်းနဲ့တွေ့ဆုံပြီး ဖောက်ခွဲ...
ကြောင်း၊ အဲဒီ ဖောက်ခွဲရေးသမားသုံးဦးကို...
ရွှေကျင်-ပဲခူး လမ်းကြောင်းအတိုင်း ...

ပြည်ပြေးစဝ်ခမ်ဖနဲ့အဖွဲ့ရဲ့ လွတ်လပ်တဲ့ ရှမ်းပြည်ထူထောင်ခြင်း၊ ရှမ်းပြည်နယ် အစိုးရ ဖွဲ့စည်းခြင်းတို့ကို ရှမ်းပြည်နယ်မှာနေထိုင်ကြတဲ့ တိုင်းရင်းသား မျိုးနွယ်စု ၃၃ စုပါဝင်သော ပြည်သူများက လုံးဝ(လုံးဝ)မထောက်ခံ၊ ဆန့်ကျင် ကန့်ကွက်၊ အလားတူ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ ၅၄ သန်းကျော်သော တိုင်းရင်းသား ပြည်သူအားလုံး၊ လူမှုရေးအသင်းအဖွဲ့အားလုံး၊ တရားဝင်နိုင်ငံ ရေးပါတီ ၁၀ ပါတီစလုံး၊ ဥပဒေ ဘောင်အတွင်းဝင်ရောက်လာတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအားလုံးတို့ကလည်း လုံးဝမထောက်ခံဘဲ ဆန့်ကျင် ကန့်ကွက်လျက်ရှိ။

ကြီးနိုင်ငံတစ်ခုရဲ့ ကမ္ဘာကျော်အဖွဲ့ကြီးတစ်ခုကကြီးကြပ်ပြီး ဖောက်ခွဲရေးသင်တန်းတစ်ခု ဖွင့်လှစ်ပို့ချခဲ့ သုံးပြီး ဖောက်ခွဲဖျက်ဆီးမှုကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း လုပ်ဆောင်ကြမည်ဖြစ်ကြောင်းသိခဲ့ရ

အဝေးကို မြန်မာနိုင်ငံနယ်စပ် တစ်ဖက်နိုင်ငံမှာ ၂၈–၄–၂၀၀၅ ရက်နေ့မှ ၃–၅–၂၀၀၅ရက်နေ့အထိ ကျင်းပခဲ့ပြီး KNUမှဥက္ကဋ္ဌ ပဒိုဘသင်၊ အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာ၊ ဒေးဗစ်ထောနဲ့ တူးတူးလေး၊ KNLA (Karen National Liberation Army) စစ်ဦးစီးချုပ်မူတူး၊ KNPP မှ ခူထဲဘူဖဲ၊ အောင်သန်းလေးနဲ့ ရေမွန်ထူး၊ Euro Burma မှ ဟန်ယောင်ဝေ(ခေါ်)ဟန်ညောင်ရွှေ၊BLC (Burma Layer's Council)မှ ခွန်ဥက္ကာအပါအဝင် အခြားလက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များမှ အဖွဲ့ဝင် ၅၀ ခန့်လည်း တက်ရောက်ခဲ့ကြောင်း သိရပါတယ်။ ၎င်းအဖွဲ့ရဲ့အဓိက ရည်ရွယ်ချက်ကတော့ မြေပေါ်အဖွဲ့၊ ပြည်ပြေးအဖွဲ့များနဲ့ဟန်ချက်ညီ ဆောင်ရွက်နိုင်ရေး၊ အထူးသဖြင့် သုံးဖက်သုံးတန်တိုက်ခိုက်ရေး စီမံချက်အရ မြေအောက် အဖွဲ့အစည်းများရဲ့ စစ်ရေးနဲ့ အကြမ်းဖက်တိုက်ကွက်များကို ထိထိရောက်ရောက် ပေါင်းစပ်အကောင်အထည်ဖော်နိုင်ရေးပင်ဖြစ်တယ်လို့ သိရပါတယ်။

အဲဒီလိုဖွဲ့စည်းညှိနှိုင်းသဘောတူခဲ့ကြတဲ့အတိုင်း ENSCC နဲ့ ENC အဖွဲ့ဝင် အကြမ်းဖက် အဖွဲ့များ၊ အဖွဲ့ဝင် မဟုတ်သေးသော်လည်း မဟာမိတ်အကြမ်းဖက်အဖွဲ့များအားလုံးဟာ မြေအောက်တိုက်ခိုက်ရေး အစီအမံများကို ပြိုင်တူလှုပ်ရှား စီမံဆောင်ရွက်လာကြကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

ENSCC အဖွဲ့မှာ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (National Democratic Front-NDF) ပါဝင်နေတာတွေ့ရမှာ ဖြစ်ပါတယ်။ NDF မှာ KNU, KNPP, SDU, SSA, CNF, ALP၊ လားဟူဒီမိုကရက်တစ်တပ်ဦး(LDF)၊ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC)၊ PPLO စတဲ့ အကြမ်းဖက်အဖွဲ့တွေ ပါဝင်ပါတယ်။

NDFရုံးကို တစ်ဖက်နိုင်ငံမှာ ဖွင့်လှစ်ထားပြီးဥက္ကဋ္ဌအဖြစ် KNU မှ ပဒိုဘသင်၊ ဒုဥက္ကဋ္ဌအဖြစ် ALP မှ ခိုင်စိုးနိုင်အောင်တို့က ဆောင်ရွက်နေကြပါတယ်။

အလားတူပဲ အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူတွေ ပူးပေါင်းဖွဲ့စည်းထားတဲ့ အဖွဲ့တစ်ဖွဲ့ကတော့ မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် (Democratic Alliance of Burma) လို့ခေါ်တဲ့ DAB ပဲဖြစ်ပါတယ်။ အဲဒီအဖွဲ့မှာ KNU, ABSDF, DPNS, ALP, CNF, MDUF, LNO, NUFA, PPP, PPF, PLF, PSLF, PDF, PPLO, KNPP စတဲ့ အကြမ်းဖက်အဖွဲ့တွေပါဝင်ပြီး ဥက္ကဋ္ဌအဖြစ် KNU မှ တာမလာဘော၊ ဒုဥက္ကဋ္ဌအဖြစ် ALP မှ ခိုင်စိုးနိုင်အောင်တို့က ဆောင်ရွက်နေပါတယ်။

နောက်ပိုင်းမှာ DAB, NCGUB, NDF, NLD (LA) နဲ့ MPU တို့ပူးပေါင်းပြီး NCUBလို့ခေါ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (National Council of the Union of Burma) ကို ပူးပေါင်းဖွဲ့စည်းခဲ့ကြပြန်ပါတယ်။ အဲဒီအဖွဲ့ဟာ အကြမ်းဖက် အဖျက်လုပ်ရပ်တွေလုပ်ဖို့အတွက် နိုင်ငံရေးနည်းလမ်းအရ အထောက်အပံ့ရရှိရေးနဲ့ ရန်ပုံငွေ ရှာဖွေရရှိရေးကို တစ်ဖက်လှည့်နဲ့ ဆောင်ရွက်နေကြောင်းတွေ့ရှိရမှာ ဖြစ်ပါတယ်။ NCUB ရဲ့ ဥက္ကဋ္ဌကတော့ ထုံးစံအတိုင်း KNU မှ တာမလာဘောဖြစ်ပြီး အထွေထွေအတွင်းရေးမှူးအဖြစ် မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (FTUB) မှ ပြည်သစ်ညွန့်ဝေ (ခေါ်) မောင်မောင်က ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

အခုလို အဖွဲ့အမျိုးမျိုးကို အမည်မျိုးစုံနဲ့ ဖွဲ့စည်းလုပ်ဆောင်နေတာဟာ တစ်နာမည် မကောင်း၊ တစ်နာမည်ပြောင်းဆိုသလိုပဲ သူတို့အဖွဲ့အသီးသီးရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို မဖုံးနိုင်မဖိနိုင်ဖြစ်လာလို့၊ တစ်ဖက်ကလည်း တပ်မတော်ရဲ့ စစ်ရေးစွမ်းရည်ကို ရင်ဆိုင်နိုင်တဲ့ စွမ်းအားချိန့်လာတာကြောင့် နိုင်ငံတကာအမြင်မှာ မျက်နှာပန်းလှရေးနဲ့ အကြမ်းဖက်အဖျက် လုပ်ရပ်တွေကို ပိုမိုအားဖြည့် လုပ်ဆောင်နိုင်ရေးအတွက်ပဲဖြစ်ပါတယ်။ တကယ်တော့ ENSCC အပါအဝင် ဒီအဖွဲ့တွေအားလုံးဟာ ဒီလူတွေနဲ့ပဲပါဝင်ဖွဲ့စည်းထားတဲ့ တစ်ကြိတ်ထဲ၊ တစ်ဉာဏ်ထဲ အဖွဲ့များသာဖြစ်ပါတယ်။ အခုအခါမှာ အဲဒီအဖွဲ့တွေအားလုံးဟာ သုံးဖက်သုံးတန် တိုက်ခိုက်ရေး အစီအမံနဲ့အညီ မြေအောက်အကြမ်းဖက်တိုက်ခိုက်မှုများကို တစ်ပြိုင်တည်း ဆောင်ရွက်လာကြတာ တွေ့ရမှာ ဖြစ်ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

အခု ၂၀၀၅ ခုနှစ်အတွင်းမှာ ရရှိခဲ့တဲ့ အဲဒီအကြမ်းဖက်အဖျက်သမား (Terrorist) သောင်းကျန်းသူတွေရဲ့ အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်ရေး သတင်းတွေကို ဖော်ပြရမယ်ဆိုရင် ၈–၁–၂၀၀၅ ရက်နေ့က တစ်ဖက်နိုင်ငံ စီစီပက်စ်(ခေါ်) ၄၈ရွာ အခြေပြု ABSDF အဖွဲ့မှ ချစ်သန်း၊ စိုးထွေးနဲ့ တင်မောင်တို့ဟာ ဖောက်ခွဲဖျက်ဆီးမှုပြုလုပ်ရန် လေ့ကျင့်လျက်ရှိကြောင်း၊ ၎င်းအဖွဲ့ဟာ ကော့သောင်းမှတစ်ဆင့် မော်လမြိုင်သို့ ၁၃–၁–၂၀၀၅ ရက်နေ့အရောက် ဗုံးနှစ်လုံးနဲ့အတူ ဝင်လာရန်ရှိကြောင်း သတင်းရရှိခဲ့ပါတယ်။

၂၆–၁–၂၀၀၅ ရက်နေ့မှာ ရရှိတဲ့သတင်းအရ တစ်ဖက်နိုင်ငံအခြေပြု အမျိုးသား ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုကော်မတီ (NDD)အဖွဲ့ဝင်ဖြစ်တဲ့ ABSDF မောင်မောင်ကြီး (မဲ့မောင်မောင်ကြီး)ဟာ ၂၀၀၄ခုနှစ် စက်တင်ဘာလအတွင်းက တစ်ဖက်နိုင်ငံရှိ ၎င်းတို့ ABSDF ဌာနချုပ်မှာ ဖောက်ခွဲရေးသင်တန်းတက်ခဲ့သူကောင်းစံ၊ တင်ဦး၊ အခြားတစ်ဦးတို့နဲ့အတူ၂၄–၁–၂၀၀၅ ရက်နေ့မှာ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB) တွဲဖက်အတွင်းရေးမှူး မြင့်သိန်းနဲ့တွေ့ဆုံပြီး ဖောက်ခွဲဖျက်ဆီးရေးလုပ်ရန် တိုင်ပင်ခဲ့ကြောင်း၊ အဲဒီ ဖောက်ခွဲရေးသမားသုံးဦးကို မောင်မောင်ကြီးက ဖာပွန်–ရွှေကျင်–ပဲခူး လမ်းကြောင်းအတိုင်း စေလွှတ်ခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

၃၀–၁–၂၀၀၅ ရက်နေ့မှာ ရရှိခဲ့တဲ့သတင်းအရ ABSDFအကြမ်းဖက်သမားများဟာ မော်လမြိုင်မြို့မှာ ဖောက်ခွဲမှုပြုရန်အတွက် မော်လမြိုင်မြို့ ဒေါင်းမင်းရပ် (၁၃)လမ်း အိမ်တစ်အိမ်သို့ ဗုံးနှစ်လုံး သယ်ယူရောက်ရှိနေကြောင်း၊ ဖောက်ခွဲရေးတာဝန်ခံမှာ ABSDFအဖွဲ့ဝင် မော်လမြိုင်မြို့ ဆီဆုံရပ်ဇာတိ မောင်လှိုင်(ခေါ်)ကုလားကြီးဖြစ်ပြီး ၎င်းဟာ မြဝတီမြို့ ဝေါလေ့မှ တောလမ်းအတိုင်း မော်လမြိုင်မြို့သို့ ထွက်ခွာသွားကြောင်း သတင်းရရှိခဲ့ပါတယ်။

၃–၂–၂၀၀၅ ရက်နေ့မှာ ရရှိခဲ့တဲ့သတင်းအရ KNU တပ်မဟာ(၃)မှ ဦးစီးပြီး ရန်ကုန်မြို့ အသံလွှင့်ရုံ၊ အမျိုးသားညီလာခံနဲ့ ရန်ကုန်ဘူတာကြီးတို့ကို ပစ်မှတ်ထား ဖောက်ခွဲဖျက်ဆီးမှု ပြုလုပ်မည်ဖြစ်ကြောင်း၊ KNU တပ်မဟာ(၃)မှ ဗိုလ်အဆင့်ရှိ မြတ်ထွန်း(၃၆နှစ်)၊ စောဒူး စောပါလေး(အသက်၄၀)၊ တပ်ကြပ်အဆင့်ရှိ မောင်မြ(အသက်၃၀)၊ ဒီဖိုးစ(၃၂နှစ်)တို့ဟာ သံဖြူဇရပ်လမ်းကြောင်းမှတစ်ဆင့် ရန်ကုန်သို့ ဝင်ရောက်မည်ဖြစ်ပြီး အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်တွင် တည်းခိုဖွယ်ရှိကြောင်း သိရှိခဲ့ရပါတယ်။

အလားတူပဲ မြိတ်မြို့မှာ ဖောက်ခွဲဖျက်ဆီးမှုပြုလုပ်ဖို့အတွက် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တစ်ဖွဲ့မှ အောင်စိုး(ခေါ်)မြတ်စိုးဝေနဲ့ သိန်းစိုး(ခေါ်)စိုးသန်းတို့ဟာ ၄–၂–၂၀၀၅ ရက်နေ့မှာ ပုလောမြို့နယ် ပလောက်မြို့မှတစ်ဆင့် မြိတ်မြို့သို့ ဝင်ရောက်လာကြောင်း သတင်းရရှိခဲ့ပါတယ်။

၉–၂–၂၀၀၅ ရက်နေ့မှာ ရရှိခဲ့တဲ့သတင်းအရ KNU တပ်မဟာ(၆) တပ်မဟာမှူး မူတူးရဲ့ တာဝန်ပေးချက်အရ ဖောက်ခွဲရေးကျွမ်းကျင်သူများဖြစ်တဲ့ KNU ဗဟိုမှ မင်းယက္ခနဲ့ သုံးဦးဟာ ရန်ကုန်မြို့နဲ့ အနီးတစ်ဝိုက်မှာလည်းကောင်း၊ KNU တပ်မဟာ(၆)မှ စောမိုးညိုနဲ့ လေးဦးဟာ မော်လမြိုင်မြို့နဲ့ အနီးတစ်ဝိုက်မှာလည်းကောင်း၊ NCUB မှ ဇော်လင်း၊ ရဲနောင်၊ ကျော်ထက်ဝင်း၊ လှမျိုးအောင်နဲ့ အပေါင်းပါနှစ်ဦးတို့ဟာ ကရင်ပြည်နယ်အတွင်းမှာလည်းကောင်း ဖောက်ခွဲမှုများပြုလုပ်ရန် အစီအစဉ်ရှိကြောင်း သတင်းရရှိခဲ့ပါတယ်။

တစ်ဖက်နိုင်ငံ ဘဲကလော့ဒုက္ခသည်စခန်းမှာ ၇–၂–၂၀၀၅ ရက်နေ့က KNU ဗဟို ထောက်လှမ်းရေးအဖွဲ့မှ ဗိုလ်မှူးအဆင့်ရှိသူ ဂျိုးဇက်ဟာ ABSDF ရင်း(၈) ရင်းမှူး မိုးညို၊ နေမင်းကျော်၊ အုန်းလွင်တို့အပါအဝင် ၁၅ဦးခန့်နဲ့လည်းကောင်း၊ KNU ဗဟိုမှ မင်းယက္ခ(ခေါ်)ခေမောင်ဦးစီးလေးဦးတို့နဲ့လည်းကောင်း တွေ့ဆုံပြီး မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ရန်နည်းလမ်းများကို ရှင်းလင်းပြောကြားကာ ဖောက်ခွဲမှုပြုလုပ်ရန် အဆင့်မြင့်မိုင်းဗုံး ၁၃ လုံးကို ထုတ်ပေးခဲ့ကြောင်း သိရှိရပါတယ်။

၁၀–၂–၂၀၀၅ ရက်နေ့မှာလည်း ABSDF နဲ့ NLD(LA) တို့က ဖောက်ခွဲဖျက်ဆီးရေးအဖွဲ့နှစ်ဖွဲ့ကို ရန်ကုန်မြို့သို့ စေလွှတ်ခဲ့ကြောင်း၊ ABSDF ဥက္ကဋ္ဌ သံခဲဟာ ၂၀၀၄ ခုနှစ်အတွင်း ရန်ကုန်ဘူတာကြီးဗုံးဖောက်ခွဲမှုနဲ့ ဆက်နွှယ်မှုရှိသူ ကရင်တိုင်းရင်းသား နိုင်လင်း(ခေါ်)ဒိုရီကို ဖောက်ခွဲမှုဖျက်ဆီးမှုပြုလုပ်ရန် မော်လမြိုင်မြို့သို့ စေလွှတ်ခဲ့ကြောင်း သတင်းတွေကို ဆက်လက်ရရှိခဲ့ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

အလားတူပဲ တစ်ဖက်နိုင်ငံအခြေပြု စွမ်းအားမြင့်မြန်မာကျောင်းသားစစ်သည်တော်များအဖွဲ့မှ ရဲသီဟ(ခေါ်)စန်းနိုင်(ခေါ်)စန်းအောင်ရဲ့ အစီအစဉ်ဖြင့် အောင်ဇော်(၃၂နှစ်)၊ ဝင်းမောင်(အသက်၃၀)နဲ့ မိုးထိုက်(၂၈နှစ်)တို့သုံးဦးဟာ ၁၀–၃–၂၀၀၅ ရက်နေ့မှာ ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ပြီး အခြေအနေပေးပါက ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ရန် အစီအစဉ်ရှိကြောင်း သတင်းရရှိခဲ့ပါတယ်။

ထို့အတူပဲ KNU ဗဟိုရဲ့စေခိုင်းချက်အရ KNU စိုးစိုးဟာ ၎င်းတို့အဖွဲ့မှ ဖောက်ခွဲရေးကျွမ်းကျင်သူ စောထူးလိုထူး(ခေါ်)စောထူးလယ်မူးကို ၁၃–၂–၂၀၀၅ရက်နေ့မှာ ဖောက်ခွဲရေးပစ္စည်းများနဲ့အတူ ရန်ကုန်မြို့သို့ စေလွှတ်ခဲ့ကြောင်း၊ စောထူးလိုထူးဟာ အင်းစိန်ခဝဲခြံမှာ ခိုအောင်းနေထိုင်ပြီး အဝေးပြေးကားဂိတ်များနဲ့ နိုက်ကလပ်များကို ပစ်မှတ်ထားဖောက်ခွဲရန် အစီအစဉ်ရှိကြောင်း သတင်းများ ရရှိခဲ့ပါတယ်။

၁၃–၃–၂၀၀၅ ရက်နေ့မှာ ရရှိခဲ့တဲ့သတင်းအရ တစ်ဖက်နိုင်ငံရှိ နယ်စပ်မြို့တစ်မြို့မှာ ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့တဲ့ ABSDF မှ ဇော်ထွဋ်၊ မျိုးဇော်နဲ့ ရဲနောင်တို့ဟာ ဒီမိုကရေစီညီညွတ်ရေးတပ်ပေါင်းစုမှ သိန်းဝင်းဦးစီးတဲ့ ၁၀ ဦးပါအဖွဲ့နဲ့ပေါင်းပြီး လက်တွေ့ ဖောက်ခွဲမှုပြုလုပ်ရန်အတွက် တစ်ဖက်နိုင်ငံတစ်နေရာတွင် ၁၇–၂–၂၀၀၅ ရက်နေ့မှာ အစည်းအဝေးတစ်ခု ပြုလုပ်ခဲ့ကြောင်း၊ အဲဒီအစည်းအဝေးကို NCGUB မှ ပြည်ပြေးစိန်ဝင်း၊ မြန်မာကျောင်းသား စွမ်းအားမြင့်စစ်သည်တော်များအဖွဲ့ဝင်တွေနဲ့ ဖောက်ခွဲရေးတာဝန်ခံ ရာမတို့လည်းတက်ရောက်ခဲ့ကြကြောင်း၊ အဲဒီအစည်းအဝေးက ဖောက်ခွဲရေး သင်တန်းဆင်း ဇော်ထွဋ် (ကြည့်မြင်တိုင်)၊ မျိုးဇော်(မြဝတီသင်္ကန်းညီနောင်)နဲ့ ရဲနောင်(မြဝတီ)တို့သုံးဦးကို ဖောက်ခွဲဖျက်ဆီးမှု ပြုလုပ်ရန် ပြည်တွင်းသို့စေလွှတ်ဖို့ ဆုံးဖြတ်ခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

၂၂–၃–၂၀၀၅ ရက်နေ့မှာ ရရှိခဲ့တဲ့သတင်းအရ နယ်စပ်ဒေသမှာရှိတဲ့ ABSDF၊ DPNS (Democratic Party for New Society)၊ PLF (People's Liberation Front) နဲ့ အခြားအကြမ်းဖက်အဖွဲ့များ ပူးပေါင်းပြီး မတ်လအတွင်းမှာ မြန်မာနိုင်ငံသို့ ဖောက်ခွဲရေးသမားများ စေလွှတ်မည်ဖြစ်ကြောင်း၊ ၎င်းဖောက်ခွဲရေး သမားများကို ဘဲကလော့၊ အုန်းဖန်၊ မဲပနယ်မြေသို့ စေလွှတ်ပြီး မြဝတီဘက်မှ ဝင်ရောက်ကာ ပွဲလမ်းသဘင်အခမ်းအနားများ ကျင်းပရာ နေရာများကို စုံစမ်းပြီး ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း၊ ၎င်းတို့နဲ့အတူ အလျား ၈လက်မ၊အနံ ၇ လက်မခွဲ အရွယ်ရှိ မိုင်းပြားများကို အရုပ်သေတ္တာများ၊ အခြားအသုံးအဆောင်ပစ္စည်းများနဲ့ ရောနှောသယ်ဆောင်လာမည်ဖြစ်ကြောင်း၊ ဖောက်ခွဲရေး ပစ္စည်းတွေထဲမှာ အနောက်နိုင်ငံကြီး တစ်နိုင်ငံသုံး ဓာတ်ခဲနဲ့ ရောနှောအသုံးပြုသော လေးထောင့်ပုံ ချိန်ကိုက်ဗုံးများ ပါဝင်ကြောင်း သိရှိခဲ့ရပါတယ်။

ဖောက်ခွဲရေးသမားတွေကတော့ စောဘသင်(အရပ် ၅ပေ၊ အသားဖြူ၊ ညာပါး၌ အမာရွတ်ရှိ)၊ ဟယ်ရီထွေး (အရပ် ၅ ပေခွဲခန့်)၊ ကျော်ခူး(အသားဖြူ ရုပ်ရည်သန့်)၊ အေးသိန်း(အရပ် ၅ပေ ၅လက်မ၊ အသက်၂၅နှစ်၊ နှာခေါင်းထိပ်၌မှဲ့နီရှိ)၊ ထိန်လင်း(၃၅နှစ်၊ မျက်စိတစ်ဖက်တိမ်စွဲ)၊ မြင့်နိုင်(၄၈နှစ်၊ ဘယ်ပါး၌ အမာရွတ်ရှိ)တို့ဖြစ်ကြောင်း သတင်းရရှိခဲ့ပါတယ်။

၂၃–၃–၂၀၀၅ ရက်နေ့မှာ ရရှိခဲ့တဲ့သတင်းအရ တစ်ဖက်နိုင်ငံမှာ အခြေပြုလှုပ်ရှားနေသော စွမ်းအားမြင့်မြန်မာကျောင်းသား စစ်သည်တော်များအဖွဲ့က စမ်းစမ်းဝင်းနဲ့နှစ်ဦးကို မတ်လ လဆန်းပိုင်းမှာ မြဝတီကော့ကရိတ်လမ်းကြောင်းမှ တစ်ဆင့် ရန်ကုန်မြို့သို့ စေလွှတ်ခဲ့ကြောင်း၊ ၎င်းအဖွဲ့ဟာ ရန်ကုန်မြို့ရှိ ဓာတ်ဆီဆိုင်များကို ပစ်မှတ်ထားပြီး ဖောက်ခွဲဖျက်ဆီးမှာဖြစ်ကြောင်း သိရှိခဲ့ရပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

၂၉–၃–၂၀၀၅ ရက်နေ့မှာရရှိခဲ့တဲ့ သတင်းကတော့ ထူးခြားပြီး အရေးကြီးပါတယ်။ နယ်စပ်ဒေသမှာရှိတဲ့ အကြမ်းဖက်အဖျက်သမားအဖွဲ့များမှ အဖွဲ့ဝင်အချို့ကို ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ဒုတိယအပတ်မှစတင်ပြီး မြန်မာနိုင်ငံနဲ့ မျက်နှာချင်းဆိုင် တစ်ဖက်နိုင်ငံ နယ်စပ်တစ်နေရာမှာ အင်အားကြီးနိုင်ငံတစ်ခုရဲ့ ကမ္ဘာကျော်အဖွဲ့ကြီးတစ်ခုက ကြီးကြပ်ပြီး ဖောက်ခွဲရေးသင်တန်းတစ်ခု ဖွင့်လှစ်ပို့ချခဲ့ကြောင်း၊ဖောက်ခွဲရေးလုပ်ငန်းများအတွက် ၎င်းကမ္ဘာကျော်အဖွဲ့ကြီးကNCGUBမှ ပြည်ပြေးစိန်ဝင်းထံသို့ အမေရိကန်ဒေါ်လာ ငွေတစ်သိန်းကို ဒုက္ခသည်များ ပံ့ပိုးကူညီငွေ ခေါင်းစဉ်ဖြင့်ပေးအပ်ခဲ့ကြောင်း၊ NCGUB ကဦးစီးပြီး ALP (Arakan Liberation Party) ဒုဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်၊ DAB (Democratic Alliance of Burma)ဖောက်ခွဲရေးတပ်ဖွဲ့မှလေးနိုင်၊ABSDF ဖောက်ခွဲရေးတာဝန်ခံ စိုးထွဋ်၊ ကျော်သူရနဲ့ ဝေလင်းမောင်တို့ဦးစီးတဲ့ အင်အား ၁၀ ဦးခန့်က ဦးဆောင်၍ သင်တန်းများ ပို့ချခဲ့ကြောင်း၊ ဖောက်ခွဲရေးသမားတွေဟာ ပြည်တွင်းအမာခံယူဂျီများနဲ့ ဆက်စပ်ပေါင်းစည်းပြီး ဖောက်ခွဲဖျက်ဆီးမှုကို တစ်ချိန်တည်း တစ်ပြိုင်တည်း လုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရှိခဲ့ရပါတယ်။

အဲ့ဒီအဖွဲ့ကို အနီးကပ်ကြီးကြပ်သူအဖြစ် NCUB မှ ပြည်သစ်ညွန့်ဝေ(ခေါ်) မောင်မောင်၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ(DPNS)မှ အောင်မိုးဇော်၊ NLD(LA) မှတင်ဦးနဲ့လွမ်းဇာတို့က ဆောင်ရွက်၍ ABSDF ကိုကိုနိုင်အဖွဲ့ကို တာဝန်ပေးထားပြီး ကိုကိုနိုင်ဟာ ပြည်တွင်းသို့ပင်ရောက်ရှိနေပြီဖြစ်ကြောင်း သတင်းများရရှိခဲ့ပါတယ်။

အလားတူပဲ ၂၃–၃–၂၀၀၅ ရက်နေ့က နယ်စပ်ဒေသရှိ KNU တပ်မဟာ(၆) ဇလားစခန်းမှာ နိုင်ငံခြားသားနှစ်ဦးနဲ့ နိုင်ငံခြားသားသတင်းထောက်တစ်ဦးတို့က ဖောက်ခွဲရေးသင်တန်း ပို့ချလျက်ရှိကြောင်း၊ အဲဒီဖောက်ခွဲရေးသင်တန်းကို UNHCR စခန်းမှ ဒုက္ခသည်ကတ်ပြားကိုင်ဆောင်ထားသူတချို့နဲ့ NLD(LA), DPNS, ABSDF တို့မှတချို့ အပါအဝင် လူ ၂၀ ခန့် တက်ရောက်လျက်ရှိကြောင်း၊ **သင်တန်းပြီးဆုံးပါက ဖောက်ခွဲရေးသမားများဟာ မြန်မာနိုင်ငံအတွင်း ဝင်ရောက်၍ အဓိကနေရာများကိုဖောက်ခွဲပြီး နိုင်ငံတကာနှင့်ဆက်ဆံရေး ပျက်ပြားအောင် ပြုလုပ်ရန် အစီအစဉ်ရှိကြောင်း** သတင်းများရရှိခဲ့ပါတယ်။

၇–၄–၂၀၀၅နေ့မှာရရှိတဲ့ သတင်းအရ KNU က ABSDF မှ ထိန်လင်းနဲ့ ကျော်မိုးကို ဘတ်ငွေသုံးသောင်းပေးပြီး ဖောက်ခွဲဖျက်ဆီးမှု ပြုလုပ်ခိုင်းထားကြောင်း၊ ထိန်လင်းနဲ့ကျော်မိုး ဦးစီးပြီး KNUဖောက်ခွဲရေးသမားငါးဦးပါဝင်တဲ့ အဖွဲ့ဟာ မင်းလက်ပန်မှ တောလမ်းခရီးဖြင့် ကော့ကရိတ်၊ အဲ့ဒီကမှတစ်ဆင့် မော်လမြိုင်သို့ ရောက်ရှိနေကြောင်း၊ အဲ့ဒီအဖွဲ့နဲ့အတူ သံလွင်တံတားကြီး (မော်လမြိုင်)နဲ့ ရန်ကုန်မြို့မှာ ဖောက်ခွဲဖျက်ဆီးဖို့ မိုင်းအရှည် (အကြီး)ငါးလုံးနဲ့ မိုင်းအသေးများ သယ်ဆောင်သွားကြောင်း၊ ထိန်လင်းဆိုသူဟာ အသက်(၂၈)နှစ်ရှိပြီး၊ အရပ်(၅)ပေခွဲ၊ အသားညို၊ မျက်ခုံးကောင်း၊ ဆံပင်ရှည်၊ ဆံပင်နောက်ပြန်ကော့ပြီး မျက်နှာသွယ်ကြောင်း၊ ကျော်မိုးကတော့ အသက်(၂၆)နှစ်ရှိပြီး အရပ်(၅)ပေ(၅)လက်မ၊ အသားလတ်၊ ဆံပင်ဘေးနှစ်ဖက်ပြောင်၊ မျက်နှာအနည်းငယ် ဝိုင်းကြောင်းသိရပါတယ်။

၈–၄–၂၀၀၅ရက်နေ့မှာရရှိတဲ့သတင်းအရ ABSDF အဖွဲ့မှ ထိန်လင်းနဲ့ ကျော်မိုးတို့ဟာ KNU အဖွဲ့ဝင် ၇ဦးနဲ့အတူ ဖောက်ခွဲရေးပစ္စည်းများ သယ်ဆောင်ပြီး တစ်ဖက်နိုင်ငံမှတစ်ဆင့် ဝေါလေ့၊ ၎င်းမှ သောင်းရင်းမြစ်ကို ဖြတ်ကူးပြီး ပြည်တွင်းသို့ ဝင်ရောက်လာကြောင်း သိရှိခဲ့ရပါတယ်။

ထို့အတူပဲ ၉–၄–၂၀၀၅ ရက်နေ့မှာရရှိသော သတင်းတစ်ရပ်အရ တစ်ဖက်နိုင်ငံအခြေစိုက် ဒီမိုကရေစီတပ်ပေါင်းစုအဖွဲ့ရဲ့အတွင်းရေးမှူးမောင်အောင်က ရန်ကုန်နဲ့ မန္တလေးရှိ အဓိကနေရာတွေမှာ ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ဖို့အတွက် ဖောက်ခွဲရေးအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ထားကြောင်း၊ ၎င်းအဖွဲ့ဟာ ကမ္ဘာလှည့်ခရီးသည်အသွင်ဆောင်လှုပ်ရှားသွားလာပြီး ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရှိခဲ့ရပါတယ်။

ထို့အတူ ၉–၄–၂၀၀၅ရက်နေ့မှာ KNU တပ်မဟာ (၇)ရင်း(၉)မှ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်

ပြည်ထောင်စု မပြိုကွဲရေးဟူသော မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးဟူသော မျိုးချစ်စိတ်ဓာတ်နဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော မျိုးချစ်စိတ်ဓာတ်များကသာ မှန်ကန်တဲ့ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း ဖော်ညွှန်းနေ။

❍ စာမျက်နှာ ၉ မှ

ဗိုလ်ကြီးအဆင့်ရှိသူ အောင်ဗလ(ခေါ်)မန်းကြီး၊ တပ်ကြပ်ကြီးအဆင့်ရှိသူ ဒေးလာ၊ တပ်သားအဆင့်ရှိသူ လုံးတုံး၊ ABSDF ရင်း(၈)မှ နိုင်ဦးနှင့် ရင်း(၃)မှ မောင်ဖြူ တို့ဟာ ရှမ်းရွာဆိပ်မှ လှိုင်းဘွဲ့မြို့သို့ ထွက်ခွာသွားကြောင်း၊ ထိုမှတစ်ဆင့် ABSDF နိုင်ဦးနဲ့ မောင်ဖြူတို့ဟာ ဘားအံသို့ဝင်ရောက်ပြီး ဆက်လက်၍ ပြည်တွင်းသို့ ဝင်ရောက်မည်ဖြစ်ကြောင်း၊ နိုင်ဦးနဲ့ မောင်ဖြူတို့မှာ ဘောပင် (ဖောင်တိန်)အရွယ် ချိန်ကိုက်ဗုံးသုံးလုံးစီ ပါဝင်သွားကြောင်း သတင်းရရှိခဲ့ပါတယ်။

သတင်းတစ်ရပ်အရ ၁၁-၄-၂၀၀၅ရက်နေ့မှာ တစ်ဖက်နိုင်ငံ နယ်စပ်မြို့ တစ်မြို့ အတွင်းရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်အပေါ်ထပ်မှာ ဗကသနဲ့ KNU ဖောက်ခွဲရေးယူဂျီ တာဝန်ခံ သိန်းဝင်းဦးစီးပြီး DPNS ၊ NLD(LA) မှအဖွဲ့ဝင်များ အစည်းအဝေးပြုလုပ်ကာ ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ရေး ဆွေးနွေးတိုင်ပင်ကြကြောင်း သိရှိခဲ့ရပါတယ်။

၂၉-၄-၂၀၀၅ ရက်နေ့မှာလည်း တစ်ဖက်နိုင်ငံ ဒုက္ခသည်စခန်းတစ်ခုမှာ ရောက်ရှိနေတဲ့ NLD(LA) မှအဖွဲ့ဝင်သုံးဦးဟာ ဘုရားသုံးဆူသို့ ထွက်ခွာလာကြောင်း၊ အဲ့ဒီအဖွဲ့ကို KNU တပ်မဟာ(၄)မှ အဖွဲ့တစ်ဖွဲ့က စောင့်ကြိုပြီး ရေးမြို့နယ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ NLD (LA) အဖွဲ့ဟာ ဖောက်ခွဲဖျက်ဆီးမှုပြုလုပ်ရန်အတွက် မော်လမြိုင်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သတင်းကိုလည်း ရရှိခဲ့ပါတယ်။

ထို့အတူ ၇-၅-၂၀၀၅ ရက်နေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က တစ်ဖက်နိုင်ငံရှိ ဗန်မဲ့ခမ်းရွာ အိမ်အမှတ်(၁/၄၂) ကန်တီ၏နေအိမ်မှာ ရွက်ဆစ်ဦးစီး SSA အဖွဲ့က အစည်းအဝေးပြုလုပ်ခဲ့ကြောင်း၊ ခွန်ကျောက်စီခမ်း(ခေါ်) စိုင်းအောင်ခမ်း၊ ကျောက်စုလှိုင် (၆၅နှစ်ခန့်)၊ နန်းကွန်ဖောင်း(၄၂နှစ်ခန့်)၊ ကျောက်ဆိုင် (၅၂နှစ်ခန့်)တို့ အပါအဝင် ရှမ်းတိုင်းရင်းသား ခုနစ်ဦး ပါဝင်တက်ရောက်ကြကြောင်း၊ အဲဒီအစည်းအဝေးက တစ်ဖက်နိုင်ငံတွင်ပင် **မေလ ၈ရက်နေ့မှစပြီး အကြမ်းဖက် အဖျက်သမား(Terrorist)အဖွဲ့ဝင်များအား ဖောက်ခွဲရေးသင်တန်း ရက်(၂၀)ကြာ ပို့ချရန်နဲ့ နိုင်ငံခြားသားကျွမ်းကျင်သူ (၄)ဦးကို နည်းပြအဖြစ်အသုံးပြုရန် ဆုံးဖြတ်စီစဉ်ထားရှိကြောင်း** သတင်းများ ရခဲ့ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

၁၀-၅-၂၀၀၅ ရက်နေ့မှာရရှိခဲ့တဲ့ သတင်းတစ်ရပ်အရ မေလ ၇ရက်နေ့က ရန်ကုန်မြို့ သုံးနေရာမှာ ဗုံးဖောက်ခွဲခဲ့မှုများနဲ့ပတ်သက်ပြီး ABSDF မှ ကိုကိုနိုင်ဦးစီးအဖွဲ့ကို မေ ၁၁ရက်နေ့မှာ ပဲခူးတိုင်း ရွှေကျင်-ကျောက်ကြီး-မွေတော်ရွာမှတစ်ဆင့် ကရင်ပြည်နယ် ကျောက်ညှပ်-နန့်မော်၊ ထိုမှတစ်ဆင့် တစ်ဖက်နိုင်ငံ ဇလားဒုက္ခသည်စခန်းသို့လည်းကောင်း၊ မွန်ပြည်နယ် ကျိုက်ထို-ဘီးလင်းကြားရှိ အလူးကြီး-အလူးလေး(ခေါ်) ကရင်ရွာမှ တစ်ဆင့် ဖာပွန်-ဒါးကွင်း၊ ထိုမှတစ်ဆင့် ဇလားဒုက္ခသည်စခန်းသို့လည်းကောင်း ပြန်လည်ဆုတ်ခွာလာရန် လမ်းကြောင်းများ သတ်မှတ်ညွှန်ကြားထားကြောင်း သိရှိခဲ့ရပါတယ်။

ကိုကိုနိုင်ဦးစီးတဲ့ ဖောက်ခွဲရေးအဖွဲ့ဟာ ရန်ကုန်မြို့မှာ အခြေအနေပေးပါက မေလ ၉ ရက်နဲ့ ၁၀ ရက်နေ့များမှာပါ ဆက်လက်၍ ဖောက်ခွဲမှုများပြုလုပ်ရန် အစီအစဉ်ရှိကြောင်း၊ ၎င်းတို့အဖွဲ့ ဆုတ်ခွာရာလမ်းကြောင်းကို ထိုနယ်မြေရှိ KNU တပ်မဟာ(၃)နှင့် တပ်မဟာ(၁)အဖွဲ့တွေက ကြိုဆိုစောင့်ကြပ်ပေးမည်ဖြစ်ကြောင်း သတင်းဆက်များ ရရှိခဲ့ပါတယ်။

အထက်ဖော်ပြပါ အကြမ်းဖက်အဖျက်သမား (Terrorist) များရဲ့ ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်တွေ ကျူးလွန်ရန် ကြံစည်လုပ်ဆောင်နေကြောင်း သတင်းများအရ တာဝန်ရှိအဖွဲ့ အစည်းများအနေနဲ့ နိုင်ငံတော်၏လမ်းတံတား၊ ဆည်မြောင်း၊ တာတမံ၊ အဆောက်အအုံ စသည်များနဲ့ ပြည်သူများလုံခြုံမှု အပြည့်အဝရရှိအောင်၊ အန္တရာယ်ကင်းအောင် လုံခြုံရေးအစီအမံများ ပိုမိုတိုးမြှင့်ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့လို့ အချို့ အဖျက်အမှောင့်ကိစ္စတွေကို ကြိုတင်ဖော်ထုတ်တားဆီးနိုင်ခဲ့သလို အချို့အဖျက်အမှောင့် ကိစ္စတွေလည်း ဖြစ်ပွားခဲ့ပါတယ်။

အကြမ်းဖက်အဖျက်သမား (Terrorist)များဟာ ဖောက်ခွဲဖျက်ဆီးမှုတွေကို အလစ်အငိုက်ယူပြီး လုပ်နေသလိုပဲ တစ်ဖက်ကလည်း ခရီးသွားပြည်သူများကို ဓားပြတိုက်လုယက် ပစ်ခတ်သတ်ဖြတ်ခြင်း၊ နိုင်ငံတော်တည်ဆောက်ရေး အခြေခံအဆောက်အအုံများကို မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ်လာခဲ့ကြပါတယ်။

၁၆-၃-၂၀၀၅ ရက်နေ့မှာ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ရွှေမန်းသူကားဂိတ်မှာ ရပ်တန့်ထားတဲ့ မကွေး-ရန်ကုန်-ပုသိမ် အဝေးပြေး မော်တော်ယာဉ်တစ်စီးပေါ်မှ မသင်္ကာဖွယ် သားရေပိုက်ဆံအိတ်တစ်လုံးကို သိမ်းဆည်းရမိခဲ့ပါတယ်။ အဲဒီပိုက်ဆံအိတ်ကို လုံခြုံရေးတာဝန်ရှိသူများက စစ်ဆေးရာမှာ ချိန်ကိုက်မိုင်းဖြစ်နေကြောင်း တွေ့ရှိရပါတယ်။

၁၇-၃-၂၀၀၅ ရက်နေ့ ည ၉ နာရီ မိနစ် ၄၀ ခန့်မှာ တောင်ဥက္ကလာပမြို့နယ် ပါရမီကားဝင်းအတွင်း၌ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ပါတယ်။ ၎င်းကားဝင်းအတွင်း ညအိပ်ရပ်နားထားသော မကွေး-ရန်ကုန်-ပုသိမ်ပြေးဆွဲတဲ့ ယာဉ်အမှတ်(၆ခ/၆၄၂၄)အပေါ်မှာ ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ယာဉ်ညာဘက်ခြမ်းကိုယ်ထည်တစ်ပေပတ်လည်ခန့်ပွင့်ထွက်ကာ ထိုင်ခုံအချို့နဲ့ ဘေးတံခါးမှန်တချို့သာ ပျက်စီးသွားခဲ့ပါတယ်။

အလားတူပဲ ၁၉-၃-၂၀၀၅ ရက်နေ့ နံနက် ၁နာရီ ၁၅မိနစ်မှာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၄)ရပ်ကွက် ပန်းဆိုးတန်းလမ်းရှိ Panorama ဟိုတယ် တတိယထပ်ရှိ အခန်းအမှတ်(၃၀၉)အတွင်း၌ ပေါက်ကွဲမှုတစ်ခု ထပ်မံဖြစ်ပွားခဲ့ပါတယ်။ ပေါက်ကွဲမှုကြောင့် သန့်စင်ခန်းအတွင်းရှိ ရေချိုးကန်၊ လက်ဆေးကန်၊ မျက်နှာကြက်နဲ့ တံခါးတွေသာ ပျက်စီးသွားခဲ့ပါတယ်။

၂၁-၄-၂၀၀၅ ရက်နေ့ နံနက် ၅နာရီ ၁၅မိနစ်ခန့်မှာ ထားဝယ်မှရန်ကုန်သို့ လာရောက်တဲ့ ကုန်တင်ယာဉ်နှစ်စီးနဲ့ ခရီးသည် မှန်လုံယာဉ် ၁၂စီးကို ထားဝယ်-ရေး လမ်းပိုင်း မိုင်တိုင်အမှတ်(၃၃/၂)မှာ KNU အကြမ်းဖက်သောင်းကျန်းသူ တပ်မဟာ(၄) တပ်ရင်း(၁၀) တပ်ခွဲ(၂)မှ ဒုဗိုလ်ကော်လာဖိုး၊ တပ်ခွဲ(၃)မှ တပ်ကြပ်ကြီးအဆင့်ရှိ စောကအဲဦးစီးအဖွဲ့ဝင် ၁၀ဦးခန့်ပါဝင်သောအဖွဲ့က ဓားပြတိုက် လုယက်ခဲ့ပါတယ်။ နံနက် ၅နာရီခွဲမှာ အခင်းဖြစ်ပွားရာနေရာသို့ တောင်ကြီးနဲ့ ပင်းတယမြို့များသို့ ပညာရေးလေ့လာရေးခရီး သွားရောက်ကြမယ့် ထားဝယ်တက္ကသိုလ် ဘူမိဗေဒလေ့လာရေးဌာနမှ ဆရာ၊ ဆရာမနဲ့ ကျောင်းသား၊ ကျောင်းသူ ၈၂ဦးပါဝင်တဲ့ မှန်လုံယာဉ်နှစ်စီး ရောက်ရှိလာရာမှာ KNUအဖွဲ့နဲ့ ယာဉ်လုံခြုံရေးလိုက်ပါလာတဲ့ ရဲတပ်ဖွဲ့ဝင်ငါးဦး အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပါတယ်။ KNU အကြမ်းဖက်သောင်းကျန်းသူများရဲ့ ပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး၊ တက္ကသိုလ်ဆရာမတစ်ဦး၊ ကျောင်းသူတစ်ဦး၊ ခရီးသည်သုံးဦးနဲ့ ယာဉ်နောက်လိုက်တစ်ဦး စုစုပေါင်းရှစ်ဦး သေဆုံးပြီး ခရီးသည် ၁၅ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ ခရီးသည်များထံမှ ငွေကျပ်သိန်း ၃၀ခန့်နဲ့ လက်ဝတ်ရတနာများကို KNUအကြမ်းဖက်သမားတွေက လုယက်ယူဆောင်ပြီး ထွက်ပြေးသွားခဲ့ကြပါတယ်။

၂၂-၄-၂၀၀၅ ရက်နေ့ နံနက် ၂ နာရီခန့်မှာ KNPP အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့တစ်ဖွဲ့က လွိုင်ကော်မြို့ လောပိတလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ တောင်ငူဘက်သို့ သွယ်တန်းထားသော မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၀၃)ကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့လို့ ဓာတ်အားလိုင်းပြတ်တောက်သွားခဲ့ရပါတယ်။

အဲဒီဖြစ်စဉ်နဲ့ လေးရက်အကြာ ၂၆-၄-၂၀၀၅ ရက်နေ့မှာ အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအဖွဲ့တစ်ဖွဲ့က ရက်စက်ယုတ်မာလူမဆန်စွာ ဗုံးထောင် ဖောက်ခွဲမှုကြောင့် မန္တလေးမြို့ ဈေးချိုမြေညီထပ်(C)ရုံနဲ့ (D)ရုံအကြား အေးကမ္ဘာဖိနပ်ဆိုင်နဲ့ Rising Sun အထည်ဆိုင်ကြား အမှိုက်ပုံးဘေးရှိ ဆာလာအိတ်တစ်လုံးအတွင်းမှ ညနေ ၄နာရီခန့်မှာ ချိန်ကိုက်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ပါတယ်။ အဲဒီပေါက်ကွဲမှုကြောင့် အမျိုးသမီးနှစ်ဦးအပါအဝင် သုံးဦးသေဆုံးခဲ့ပြီး အပြစ်မဲ့ပြည်သူ ၁၄ဦး ဒဏ်ရာရရှိခဲ့ရပါတယ်။

၂၉-၄-၂၀၀၅ရက်နေ့မှာရရှိတဲ့ သတင်းတစ်ရပ်အရ တစ်ဖက်နိုင်ငံအခြေပြုစွမ်းအားမြင့် မြန်မာကျောင်းသားစစ်သည်တော်များအဖွဲ့ခေါင်းဆောင် ရဲသီဟက မန္တလေးမြို့ ဈေးချိုမှာ ဗုံးဖောက်ခွဲခဲ့ခြင်းဟာ ၎င်းတို့အဖွဲ့ရဲ့ လက်ချက်မဟုတ်ကြောင်း၊ NCGUB အထောက်အပံ့နဲ့ နယ်စပ်တွင် လှုပ်ရှားနေတဲ့ အောင်ထက်၊ ငွေအောင်နဲ့ ရဲမြင့်တို့ဦးစီးတဲ့ ဗကပမြေအောက်အဖွဲ့ရဲ့ လက်ချက်ဖြစ်နိုင်ကြောင်း၊ အောင်ထက်တို့အဖွဲ့ဟာ မန္တလေး၊ ရန်ကုန်နဲ့ ကလေးရှိ အကျဉ်းစခန်းများကိုလည်း ဖောက်ခွဲရန်အစီအစဉ်ရှိကြောင်း၊ အဲ့ဒီအဖွဲ့ဟာ နာမည်ပျက်မရှိသေးလို့ တစ်ဖက်နိုင်ငံနယ်စပ်မှာ လွတ်လပ်စွာ ခိုအောင်းလှုပ်ရှားနိုင်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားတယ်ဆိုတဲ့ သတင်းကိုလည်းရရှိခဲ့ပါတယ်။

RDX ယမ်းအမျိုးအစားဟာ မိမိတို့မြန်မာနိုင်ငံမှာ ထုတ်လုပ်နိုင်ခြင်း မရှိပါ၊ အင်အားကြီးနိုင်ငံများမှာ ထုတ်လုပ်ပြီး ၎င်းနိုင်ငံများရဲ့ စစ်တပ်က အသုံးပြုနေသော စစ်တပ်သုံး စံပြုယမ်းအမျိုးအစားဖြစ်။

RDXယမ်းအမျိုးအစားဟာ သာမန်လွယ်ကူစွာရနိုင်တဲ့ အနေအထားမရှိဘဲ လက်နက်ကိုင် အဖွဲ့အစည်းများနဲ့ အထူးထောက်ပံ့မှုများအရသာ ရရှိနိုင်တဲ့ ယမ်းအမျိုးအစားဖြစ်။

၃၀-၄-၂၀၀၅ရက်နေ့ နံနက်ပိုင်းမှာ KNU တပ်မဟာ(၃)ရင်း(၈)မှ ဆဲနေလားဦးစီး အင်အား ၆၀ခန့်ဟာ ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် မွေတော်ရွာနဲ့ ကြောင်ပြာရွာတို့ကို တစ်ပြိုင်တည်းဝင်ရောက် နှောင့်ယှက်ပစ်ခတ်ပြီး မီးတင်ရှို့သွားခဲ့ပါတယ်။ အဲ့ဒီအကြမ်းဖက် လုပ်ရပ်ကြောင့် မွေတော်ရွာသားတစ်ဦး သေဆုံးပြီး ရဟန်းရှင်လူသုံးဦး ဒဏ်ရာရရှိခဲ့ရပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

အဲဒီလို အများပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးအောင် အကြမ်းဖက် အဖျက်လုပ်ရပ်တွေကို လက်မရွံ့လူသတ်သမားများသဖွယ် လုပ်နေကြတာဟာ ရည်ရွယ်ချက်ရှိရှိနဲ့ ဆောင်ရွက်နေကြတာဖြစ်လို့ သူတို့ရဲ့ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်တွေဟာလည်း အတောမသတ်ခဲ့ပါဘူး။

၇-၅-၂၀၀၅ ရက်နေ့ မွန်းလွဲပိုင်းမှာ ရန်ကုန်မြို့ရှိ ရဟန်းရှင်လူပြည်သူများ ဝင်ထွက်သွားလာ ကူးသန်းရောင်းဝယ်ရာ၊ လူစည်ကားရာ နေရာသုံးနေရာမှာ ချိန်ကိုက်ဗုံးသုံးလုံး ဆက်တိုက် ဖောက်ခွဲခဲ့လို့ ရဟန်းရှင်လူ ၁၁ဦး သေဆုံးပြီး ၁၆၂ဦး ဒဏ်ရာရရှိခဲ့ရပြန်ပါတယ်။

သတင်းစာဆရာကြီးများ သိရှိကြတဲ့အတိုင်း အဲဒီနေ့ ၂ နာရီ မိနစ် ၅၀ မှာ ထိုင်းကုန်စည်ပြပွဲကျင်းပရာ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာနမှာ ချိန်ကိုက်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ပြီး နောက် ၅ မိနစ်အကြာ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်မှာ မရမ်းကုန်းမြို့နယ် Junction-8စင်တာမှာ ချိန်ကိုက်ဗုံးတစ်လုံး ထပ်မံပေါက်ကွဲခဲ့ပြန်ပါတယ်။ နောက်ထပ် ၅ မိနစ်အကြာ မွန်းလွဲ ၃ နာရီမှာ စမ်းချောင်းမြို့နယ်ရှိ ဒဂုံစင်တာမှာလည်း ချိန်ကိုက်ဗုံးတစ်လုံး ထပ်ဆင့်ပေါက်ကွဲခဲ့တာ ဖြစ်ပါတယ်။

အဲဒီဖောက်ခွဲမှု ဖြစ်စဉ်တွေနဲ့စပ်လျဉ်းပြီး အဖွဲ့အစည်းများ၊ ဌာနများမှ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများပါဝင်တဲ့ စက်မှုဆိုင်ရာ လေ့လာဖော်ထုတ်ရေးအဖွဲ့ (Technical Survey Team)ဖွဲ့စည်းပြီး စက်မှုပိုင်းဆိုင်ရာ သုံးသပ်ဖော်ထုတ်ခဲ့ပါတယ်။ စစ်ဆေးလေ့လာချက်များအရ ရန်ကုန်ကုန်သွယ်မှု ဗဟိုဌာနမှာ တတိယထပ် ကုန်စည်ပြပွဲဖျော်ဖြေရေးစင်မြင့်ရဲ့ဝဲဘက် ၅ပေအကွာရှိ ကွန်ကရစ်တိုင်ခြေ ကွန်ကရစ်ကြမ်းပြင်ပေါ်မှပေါက်ကွဲခဲ့ကြောင်း တွေ့ရှိရပါတယ်။ ပေါက်ကွဲမှုအရှိန်ကြောင့် ကိုးလက်မအထူရှိတဲ့ သံကူကွန်ကရစ်ကြမ်းပြင်ဟာ အချင်း ၁၄ လက်မအရွယ်ပေါက်ထွက်သွားပြီး ခြောက်မီလီမီတာ အားဖြည့်ထားတဲ့ သံမဏိချောင်းတွေပါ ပြတ်ထွက်သွားပါတယ်။ ပေါက်ကွဲမှုအရှိန်ကြောင့် မှန်နံရံများ ကွဲထွက် လွင့်စဉ်ပြီး အလူမီနီယံပေါင်များ ကောက်ကွေးကာ မျက်နှာကြက် အမိုးပြားများ ကွဲကြေပျက်စီးသွားခဲ့ပါတယ်။

Junction-8 စင်တာ မြေညီထပ်မှာတော့ CITY MART အရောင်းဆိုင်ရဲ့ အဝင်ဝရှိ ပစ္စည်းအပ်နှံရာကောင်တာ ကြမ်းပြင်အထက် တစ်ပေခွဲခန့်အမြင့်မှ ပေါက်ကွဲခဲ့ကြောင်း တွေ့ရှိရပါတယ်။ ပေါက်ကွဲမှုအရှိန်ကြောင့် ကိုးလက်မအထူရှိတဲ့ သံကူကွန်ကရစ်ကြမ်းပြင်ဟာ အချင်း ရှစ်လက်မအရွယ် ပေါက်ထွက်သွားပြီး အားဖြည့်ထားတဲ့ သံမဏိချောင်းတွေ ပြတ်ထွက်ပျက်စီးမှုမရှိခဲ့ပါဘူး။ ပေါက်ကွဲမှုအရှိန်ကြောင့် မှန်နံရံတွေ ကွဲထွက်လွင့်စဉ်သွားပြီး အမိုးမျက်နှာကြက်ပြားများ ကွဲကြေပျက်စီးသွားခဲ့ပါတယ်။

အလားတူပဲ ဒဂုံစင်တာမှာလည်း မြေညီထပ်ရှိ CITY MART အရောင်းဆိုင် အဝင်ဝ ပစ္စည်းအပ်နှံရန်ကောင်တာရဲ့ ကြမ်းပြင်အထက် သုံးပေခန့်အကွာမှ ပေါက်ကွဲခဲ့ကြောင်း တွေ့ရှိရပါတယ်။ ပေါက်ကွဲမှုအားကြောင့် အနောက်ဘက်ရှိ အုတ်နံရံရဲ့ ဧရိယာ ၁၂ ပေ x ၁၂ပေ x ၄လက်မခွဲနဲ့ ဘေးဘက်ရှိအုတ်နံရံနှစ်ဖက်ရဲ့ ဧရိယာ ၈ ပေ x ၁၂ ပေ x ၄လက်မခွဲ လွင့်စဉ်ပျက်စီးသွားပြီး အမိုးမျက်နှာကြက်ပြားများ ကွဲကြေပျက်စီးသွားခဲ့ပါတယ်။

အဲဒီပေါက်ကွဲမှုဖြစ်ပွားခဲ့တဲ့ နေရာတွေကနေ ပေါက်ကွဲမှုနဲ့ စပ်ဆက်နေတဲ့ သက်သေခံပစ္စည်းအထောက်အထားတွေကို စုဆောင်းခဲ့ရာမှာ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာနမှ မီးလောင်ကျွမ်းနေတဲ့ ကျောပိုးအိတ်တစ်လုံး၊ Junction-8 စင်တာမှ မီးလောင်ကျွမ်းနေတဲ့ လက်ကိုင်အိတ်တစ်လုံး၊ ပေါက်ကွဲနေတဲ့ Tin Can အပိုင်းအစများနဲ့ တွယ်ကပ်နေတဲ့ ယမ်းအစအနများ၊ ဒဂုံစင်တာမှ မီးလောင်ကျွမ်းနေတဲ့ လက်ကိုင်အိတ်တစ်လုံး၊ နာရီအိမ် ပလတ်စတစ်အခွံတစ်ခု၊ ပေါက်ကွဲဒဏ်ခံထားရတဲ့ AA အရွယ်အစား ဓာတ်ခဲတစ်လုံးတို့ကို ရှာဖွေတွေ့ရှိခဲ့ရပါတယ်။

ဖော်ပြပါ စုဆောင်းရရှိတဲ့ ယမ်းအစအနများကို စက်မှုဆိုင်ရာလေ့လာဖော်ထုတ်ရေးအဖွဲ့ (Technical Survey Team)က ဓာတ်ခွဲစမ်းသပ် စစ်ဆေးခဲ့ပါတယ်။ ဓာတ်ခွဲစမ်းသပ်မှုကို ဌာနကြီးသုံးခုရှိ ဓာတ်ခွဲခန်းများမှာ သီးခြားစီစမ်းသပ်စေခဲ့ပါတယ်။ စမ်းသပ်ရာမှာလည်း Unknown Material Test Procedure ၊ Water Soluble Test ၊ Acetone Soluble Test နဲ့ Melting Point Test များဖြင့် စမ်းသပ်ခဲ့ပါတယ်။ ထိုဌာနကြီးသုံးခုရှိ ဓာတ်ခွဲခန်းများမှ စမ်းသပ်ရရှိသော အဖြေ(Result)များကို စုစည်းသုံးသပ်ရာမှာ ယခုဖောက်ခွဲမှုများ၌ အသုံးပြုသော ယမ်းမှာ TNT (Trinitrotoluene) ယမ်းသော်လည်းကောင်း၊ AN (Ammoniun Nitrate) ယမ်းသော်လည်းကောင်း၊ PETN (Pentaerythrite Tetranitrate) ယမ်းသော်လည်းကောင်း မဖြစ်နိုင်ဘဲ RDX(Research Department Explosive)ယမ်းမျိုးသာ ဖြစ်နိုင်ကြောင်း တွေ့ရှိခဲ့ရပါတယ်။

စက်မှုဆိုင်ရာ လေ့လာဖော်ထုတ်ရေးအဖွဲ့ (Technical Survey Team) အနေဖြင့် ဓာတ်ခွဲစမ်းသပ်ခြင်း (Lab Test) သာမက မျက်မြင် သတင်းအချက်အလက်များမှ ဖော်ထုတ်သုံးသပ်ခြင်း၊ ပေါက်ကွဲမှုအနေအထားနှင့် ပေါက်ကွဲမှုမြင်ကွင်းအပေါ် အခြေပြု၍ အင်ဂျင်နီယာပိုင်းဆိုင်ရာ တွက်ချက်ဖော်ထုတ်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။

မျက်မြင်သတင်းအချက်အလက်ဖြစ်သော ပေါက်ကွဲမှုအရှိန်အရ သုံးသပ်ဖော်ထုတ်ရာမှာလည်း ၎င်းယမ်းဟာ Velocity of Detonation မြင့်မားသော ယမ်းဖြစ်ကြောင်း တွေ့ရပါတယ်။ ထို့အတူ ထွက်လာသော မီးခိုးအရောင်အရ သုံးသပ်ဖော်ထုတ်ရာမှာလည်း ၎င်းယမ်းဟာ ယမ်းညှင်း(Low Explosive) မဟုတ်ဘဲ ယမ်းပြင်း(High Explosive)ဖြစ်ကြောင်း တွေ့ရပါတယ်။ TNT၊ AN နဲ့ PETN ယမ်းတွေဟာ Velocity of Detonation အနည်းငယ် နိမ့်ပါတယ်။ ဒါကြောင့် ဒီမျက်မြင်သတင်း အချက်အလက်များအပေါ် သုံးသပ်ဖော်ထုတ်ချက်အရလည်း အခုဖောက်ခွဲမှုများမှာ သုံးသွားတဲ့ယမ်းဟာ RDX ယမ်းသာ ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ထို့အတူ စက်မှုဆိုင်ရာလေ့လာဖော်ထုတ်ရေးအဖွဲ့အနေနဲ့ ပေါက်ကွဲမှုအနေအထားနဲ့ ပေါက်ကွဲမှုမြင်ကွင်းပေါ်အခြေပြုပြီး အင်ဂျင်နီယာပိုင်းဆိုင်ရာ တွက်ချက်ဖော်ထုတ်နည်းဖြစ်သည့် Pancake Formula အရ တွက်ချက်ကြည့်ရာမှာ အချင်း ၁၄လက်မ သံကူကွန်ကရစ်ကို ဖောက်ထွက်နိုင်ဖို့အတွက်လိုအပ်တဲ့ ဖောက်ခွဲယမ်းပမာဏဟာ TNT ၊ AN နဲ့ PETN ယမ်း အမျိုးအစားသာဆိုရင် အရေအတွက်များစွာလိုအပ်မှာဖြစ်ပြီး RDX ယမ်းအမျိုးအစားဆိုပါက (၁ ဒသမ ၁)ပေါင်ခန့်သာ လိုအပ်မှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ပေါက်ကွဲခဲ့တဲ့နေရာမှ Tin Can အပိုင်းအစတစ်ခုကို အထောက်အထားအဖြစ် ရှာဖွေတွေ့ရှိရတဲ့အတွက် ယမ်းအနည်းငယ်သာထည့်ပြီး ပြုလုပ်ထားတဲ့ ဖောက်ခွဲရေးပစ္စည်းမျိုးဖြစ်ကြောင်း ဖော်ထုတ်ရရှိပါတယ်။ အထက်ပါဖော်ထုတ်ရရှိချက်များအရ စက်မှုဆိုင်ရာလေ့လာ ဖော်ထုတ်ရေးအဖွဲ့ (Technical Survey Team)အနေဖြင့် အခုဖောက်ခွဲမှုများမှာ အသုံးပြုသွားသော ယမ်းဟာ RDX အမျိုးအစားယမ်းသာဖြစ်ကြောင်း အခိုင်အမာ ကောက်ချက်ချနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

၎င်းRDX ယမ်းအမျိုးအစားဟာ မိမိတို့မြန်မာနိုင်ငံမှာ ထုတ်လုပ်နိုင်ခြင်း မရှိပါ၊ အင်အားကြီးနိုင်ငံများမှာ ထုတ်လုပ်ပြီး ၎င်းနိုင်ငံများရဲ့ စစ်တပ်က အသုံးပြုနေသော စစ်တပ်သုံး စံပြုယမ်းအမျိုးအစားဖြစ်ပါတယ်။ ဒါ့အပြင် အဲဒီ RDX အမျိုးအစားကို အိမ်နီးချင်းနိုင်ငံတစ်ခုမှာလည်း အသုံးပြုနေကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါ့အပြင် RDX ယမ်းအမျိုးအစားဟာ သာမန်လွယ်ကူစွာရနိုင်တဲ့ အနေအထားမရှိဘဲ လက်နက်ကိုင် အဖွဲ့အစည်းများနဲ့ အထူးထောက်ပံ့မှုများအရသာ ရရှိနိုင်တဲ့ ယမ်းအမျိုးအစားဖြစ်နေပါတယ်။

ဒါ့အပြင် ဖောက်ခွဲသွားတဲ့စနစ်ကိုကြည့်ရင် တစ်နေရာနဲ့ တစ်နေရာ ငါးမိနစ်စီသာခြားပြီး တိတိကျကျ ဖောက်ခွဲနိုင်ခဲ့ခြင်း၊ ဓာတ်ခဲ လျှပ်စစ်ဒစ်တိုနေတာနဲ့ နာရီအချိန်ကိုက် ဖောက်ခွဲမှု (Clock Timer With Dry Cell and Electric Detonator)စနစ်သုံး ဖောက်ခွဲခြင်းဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိရပါတယ်။ ဒါ့အပြင် ချိန်ကိုက်ဗုံးထောင်သွားတဲ့ ပုံစံတွေကို ကြည့်ရင်လည်း စနစ်တကျ လေ့ကျင့်သင်ကြား တတ်မြောက်ထားတဲ့ ကျွမ်းကျင်သူများက ဆောင်ရွက်သွားတဲ့ အနေအထားများကို တွေ့ရှိရပါတယ်။

ဒါ့ကြောင့် ယခုဖော်ပြခဲ့တဲ့ အကြောင်းအရာအချက်အလက်များကို ခြုံငုံသုံးသပ်ဆက်စပ်ကြည့်မယ်ဆိုရင် အသုံးပြုသွားသောယမ်းမှာ RDX ယမ်းအမျိုးအစားဖြစ်ပြီး အသုံးပြုသွားသော ဗုံးဟာလည်း အဆင့်မြင့်မြင့် ပြုလုပ်ထားသော ချိန်ကိုက်ဗုံးဖြစ်ကြောင်း၊ **စာမျက်နှာ ၁၄ ကော်လံ ၁ သို့** ❒

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မေ ၁၃ရက်က ပမ္မဝတီမြစ်ကူးတံတား(မြင်းကဆိပ်) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပမ္မဝတီ မြစ်ကူးတံတား(မြင်းကဆိပ်) ပင်မတံတားမှာ ပေ ၅၄၀ ရှည် ဘောလီသံပေါင်ကြိုးတံတားအမျိုးအစားဖြစ်ပြီး ချဉ်းကပ်တံတားမှာ သံကူကွန်ကရစ်ဖြစ်

▲ ရှေ့ဖုံးမှ

ဆောင်ရွက်ချက်များနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖျာပုံတံတားတည်ဆောက်ခြင်းကြောင့် ဧရာဝတီတိုင်း၏ လမ်းပန်းဆက်သွယ်မှု ပိုမိုတိုးတက်ကောင်းမွန်လာမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးကလည်း ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်သည့် တံတားကြီးဖြစ်အောင် ကြိုးပမ်းတည်ဆောက်ရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေးဒရဲမြို့နယ် အုန်းပင်ဘက်ကမ်းရှိ ချဉ်းကပ်တံတား တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဖျာပုံမြစ်ကူး ဖျာပုံတံတားကို ဖျာပုံမြို့ အမှတ်(၁)ရပ်ကွက်နှင့် ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာ ဆက်သွယ်လျက် တည်ဆောက်နေခြင်းဖြစ်သည်။

ဖျာပုံမြို့မှ ရန်ကုန်မြို့သို့သွားရာတွင် အရှည် ၈၆မိုင်တစ်ဖာလုံရှိ ဖျာပုံ–ကျိုက်လတ်–မအူပင်–ရန်ကုန်လမ်းအတိုင်း သွားနေကြရရာ ဖျာပုံတံတား တည်ဆောက်ပြီးစီးသွားပါက ဖျာပုံ–ဒေးဒရဲ–ကွမ်းခြံကုန်း–ကော့မှူး–ဒလ ကားလမ်းဖြင့် သွားရောက်နိုင်မည်ဖြစ်သည်။

ဖျာပုံ–ဒေးဒရဲ–ကွမ်းခြံကုန်း–ကော့မှူး–ဒလ ကားလမ်းမှာ ၅၈မိုင် သုံးဖာလုံရှိသဖြင့် ဖျာပုံ–ကျိုက်လတ်–မအူပင်–ရန်ကုန် ကားလမ်းထက်လမ်းမိုင် ၂၇မိုင် ခြောက်ဖာလုံ သက်သာစေမည်ဖြစ်သည်။

ထို့ပြင် ဖျာပုံမြို့မှတစ်ဆင့် အနောက်ဘက် ဘိုကလေးမြို့ဘက်သို့လည်းကောင်း၊ ပင်လယ်ကမ်းစပ်ဒေသများဖြစ်သည့် ကမာကလူ၊ ကျုံကဒွန်း၊ ဆိပ်မ၊ ကဒုံကနိ ဒေသများအထိလည်းကောင်း လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်မည် ဖြစ်သည်။

ဖျာပုံတံတားအပေါ်ထည်မှာ သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်ပြီး တံတားအောက်ထည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။ ပင်မတံတား အပါအဝင် တံတား၏ စုစုပေါင်းအရှည်မှာ ၃၉၃၂ပေ ၈ လက်မရှိမည်ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၂၈ပေရှိမည့် တံတားဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖျာပုံတံတား၏ ဒေးဒရဲဘက်ကမ်း ချဉ်းကပ်တံတား တည်ဆောက်ရေးလုပ်ငန်းများနှင့် ပင်မတံတား သံပေါင် တပ်ဆင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ဖျာပုံမြို့သို့ ပြန်လည်ထွက်ခွာ၍ ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ဖျာပုံမြို့ ကန်တော်ကြီး ရေပေးရေးစီမံကိန်းသို့ ရောက်ရှိစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ပိုင်က ကန်တော်ကြီး ရေပေးရေးစီမံကိန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဖျာပုံမြို့ ကန်တော်ကြီး၏ ရေပြည့်ဧရိယာမှာ ၂၃ဧကခန့်ရှိပြီး ဖျာပုံမြို့ လူထုအား နေ့စဉ်ရေဂါလန် ၁ဒသမ ၄၅သိန်းခန့် ဖြန့်ဝေပေးနိုင်မည့်ကန်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီတွင် မြောင်းမြမြို့နယ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးအဖွဲ့(၅)က တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ပမ္မဝတီ မြစ်ကူးတံတား(မြင်းကဆိပ်) တည်ဆောက်ရေး စီမံကိန်းသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြသည်။

စီမံကိန်း ရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ပမ္မဝတီ မြစ်ကူးတံတား(မြင်းကဆိပ်) တည်ဆောက်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာမှူး ဒေါ်စီသန်းက တံတားတည်ဆောက်ရေး လုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ပမ္မဝတီ မြစ်ကူးတံတား (မြင်းကဆိပ်) တည်ဆောက်ခြင်းကြောင့် ပိုမိုတိုးတက်ကောင်းမွန်လာမည့် ဧရာဝတီတိုင်း၏ လမ်းပန်းဆက်သွယ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားတည်ဆောက် ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး ကြသည်။

မြောင်းမြမြို့မှ ပုသိမ်မြို့သို့ အနီးဆုံး ဆက်သွယ်သွားလာနိုင်မည့် ပမ္မဝတီ မြစ်ကူးတံတား(မြင်းကဆိပ်)၏ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ၂၀၀၄ ခုနှစ် မေ ၁၅ရက်တွင် ကျင်းပခဲ့သည်။ ပင်မတံတားမှာ ဘောလီသံပေါင်ကြိုးတံတား အမျိုးအစားဖြစ်ပြီး ချဉ်းကပ် တံတားမှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။

ပင်မတံတားမှာ ပေ ၅၄၀ ရှည်မည်ဖြစ်သည်။ မြောင်းမြဘက်ကမ်းနှင့် ပုသိမ်ဘက်ကမ်းချဉ်းကပ်တံတားများမှာ ပေ ၃၆၀စီရှည်မည်ဖြစ်သည်။ ပင်မ တံတား၏ ယာဉ်သွားလမ်းမှာ ၁၆ ပေ ၄လက်မရှိမည်ဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုတန် ၆၀ ခံနိုင်ဝန်ရှိမည့် တံတားဖြစ်သည်။

ပုသိမ်မြို့မှ မြောင်းမြမြို့သို့ ဆက်သွယ်သည့် လက်ရှိလမ်းဖြစ်သော ပုသိမ်–ဒါးက–အိမ်မဲ–မြောင်းမြ ကားလမ်းမှာ ၆၅မိုင်ရှိသည်။ ဤတံတား တည်ဆောက်ပြီးစီးပါက ပုသိမ်–ကံကုန်း–မြင်းကဆိပ်–မြောင်းမြ ကားလမ်းမှာ ၃၂မိုင်ရှည်မည်ဖြစ်ရာ ယခင်လမ်းဟောင်းထက် ၃၃မိုင် လျော့နည်းသွားမည် ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပမ္မဝတီမြစ်ကူးတံတား (မြင်းကဆိပ်) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီးနောက် ရဟတ်ယာဉ်ဖြင့် ပုသိမ်မြို့သို့ ရောက်ရှိကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငဝန်မြစ်ကူး (ပုသိမ်)တံတားကိုလည်းကောင်း၊ ပုသိမ်–ငွေဆောင်ကားလမ်းကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြသည်။

မွန်းလွဲ ၁ နာရီတွင် ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည့် ပုသိမ်မြို့ပေါ်ရှိ ထေရ်ကြီးဝါကြီး သံဃာတော်များအား ဆွမ်းဆန်တော် ဆက်ကပ် လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဝေဠုဝန်နိကာယ ဂိုဏ်းချုပ် ဝေဠုဝန်ကျောင်းဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဝေဠုဝန်နိကာယ ဂိုဏ်းချုပ် ဝေဠုဝန်ကျောင်းဆရာတော်အား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တပ်မတော် အရာရှိကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များက လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆရာတော် သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ကုန်းသာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံမှ ဩဝါဒကထာနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ ဖွံ့ဖြိုးတိုးတက်မှုကို လည်းကောင်း၊ ကမ်းနားလမ်းတစ်လျှောက်ကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းတွင် သာပေါင်းမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

စက်ရုံဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သာပေါင်းမြို့နယ်နှင့် ဆက်စပ်မြို့နယ်များရှိ သစ်တော၊ ဝါးတောဧရိယာများကို လည်းကောင်း၊ ချောင်းသာကမ်းခြေ၊ ငွေဆောင်ကမ်းခြေတို့၏ သာယာလှပမှု များကိုလည်းကောင်း ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်လေဆိပ်အနီးရှိ ဧရာဝတီတိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု၏ အမှတ်တရပစ္စည်းအရောင်းဆိုင်သို့ ရောက်ရှိပြီး ဧရာဝတီတိုင်းအတွင်းရှိ သမဝါယမအသင်းများက ဒေသထွက်ပစ္စည်းများဖြင့် ထုတ်လုပ်သော လူသုံးကုန်ပစ္စည်းများ၊ အိမ်သုံးအမှတ်တရပစ္စည်းများနှင့် ဒေသထွက် စားသောက်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုရာ ဧရာဝတီတိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ယင်းနောက် ဆိုင်အတွင်း ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေ ၃နာရီတွင် ရောက်ရှိကြသည်။

ဧရာဝတီတိုင်းခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင်တို့သည် မေ ၁၃ရက် ညပိုင်းတွင် ပုသိမ်မြို့ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းနှင့် အလုပ်အမှုဆောင်များ၊ ပုသိမ်ခရိုင်နှင့် ပုသိမ်၊ ကန်ကြီးထောင့်၊ ငပုတော၊ ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်းမြို့နယ်အသင်းများမှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ပုသိမ်မြို့နယ်မှ ရပ်ကွက်/ကျေးရွာစည်းရုံးရေးမှူးများအား တွေ့ဆုံမှာကြားသည်။

ယင်းသို့တွေ့ဆုံရာတွင် အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးက မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းဝင်များ၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် နယ်မြေလူထုနှင့် ပေါင်းစပ်ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်က ချမှတ်ထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို တက်တက်ကြွကြွ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ နိုင်ငံတော် တည်ဆောက်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖျက်သမားများ၏ အန္တရာယ်ကိုလည်း ဒေသနေပြည်သူများနှင့် ပူးပေါင်းပြီး သတိပြု ကာကွယ်သွားကြရန် ကိစ္စများကို အကျယ်တဝင့် မှာကြားသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆–၅–၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၈:၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၀ ၇။ အရေးပြိုင်ပွဲ
- ၈:၂၀ ၈။ ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Demonstration Exercises for Correct Pronunciation.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၁၅ ၆။ အကပဒေသာ
- ၅:၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၄၀ ၈။ မြန်မာစာ၊ မြန်စာစကား
- ၅:၅၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
- ၆:၀၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၆:၁၀ ၁၁။ Discovery.
- ၆:၁၅ ၁၂။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဂူခုန်း" (အပိုင်း–၉၃)**
- ၆:၃၀ ၁၃။ ညနေခင်းသတင်း
- ၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၅။ တေးဂီတအစီအစဉ်
- ၇:၂၀ ၁၆။ စက်မှုစွမ်းအားခေတ်ကျော်လွှား
- ၇:၃၀ ၁၇။ တေးဂီတအစီအစဉ်
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ "မြန်မာ–ကိုရီးယားနှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်(၃၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ် (Dynamic Korea)
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟောမာန်ဆောင်း၏ ချစ်သံစဉ်" (အပိုင်း–၁၇)**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

အဖျက်အန္တရာယ် ကာကွယ်ဖို့ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်ကူညီတဲ့အား အများကြီးလို အကြမ်းဖက်လုပ်ရပ်တွေ တားဆီးကာကွယ်နိုင်ဖို့ လိုအပ်တဲ့ လုံခြုံရေးအစီအစဉ်တွေ ချမှတ်နေ

ရန်ကုန် မေ ၁၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက သတင်းစာရှင်းလင်းပွဲ (၄/၂၀၀၅)ကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျိုဒိုသတင်းဌာနမှဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များအသင်းနာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင်သတင်းထောက်များ၊ ယူမီယူရီရှင်ဘွန်းသတင်းစာ ဗန်ကောက်ရုံးခွဲမှ သတင်းထောက် မစ္စတာ တိုရူကာဝါဘေး၊ ပြည်တွင်းမဂ္ဂဇင်းတိုက်များနှင့် ဂျာနယ်တိုက်များမှ စာတည်းအဖွဲ့ဝင်များ တက်ရောက်၍ သတင်းရယူခဲ့ကြသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာများက တာဝန်ရှိပုဂ္ဂိုလ်များ၏ ရှင်းလင်းပြောကြားချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အခြားသိလိုရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း မေးမြန်းခဲ့ကြရာ ၎င်းတို့မေးမြန်းချက်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၏ ရှင်းလင်း ပြောကြားချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

အင်တာရာသတင်းဌာနမှ ဦးလှထွေး

ဝန်ကြီးပြောသွားတာတွေကို ကျွန်တော်ကြိုက်ပါတယ်။ ရှင်းလင်းပါတယ်။ ဝန်ကြီး ဒီနေ့ပြောကြားသွားတာ အင်မတန်မှ ရှင်းလင်းပါတယ်။ ဒီအင်အားကြီးနိုင်ငံတစ်ခုရဲ့ ကမ္ဘာကျော်အဖွဲ့အစည်းကြီးက အိမ်နီးချင်းနိုင်ငံတစ်ခုမှာ ဖွင့်လှစ်ထားတဲ့သင်တန်းမှာ တက်ရောက်ခဲ့တဲ့ ပုဂ္ဂိုလ်တွေက မိုင်းခွဲတယ်ဆိုတာ။ နောက်ပြီးတော့ ဝန်ကြီးဆိုလိုတာက This is Professional work ပေါ့။ တကယ့် Professional တွေပဲ၊ Well Train Saboteurs ဆိုတာ။ ဒါ တကယ် Professional တွေ။ ဘာဖြစ်လို့လဲဆိုတော့ လုပ်သွားပုံက ၅ မိနစ်၊ ၅ မိနစ်၊ ၅ မိနစ် Space လုပ်ပြီး လုပ်သွားတာ။ အဲဒီတော့ ကျွန်တော်က တည့်တည့်ပဲ မေးပါရစေ။ Well Train Saboteurs က ဒါကတော့ General term ပဲ။ ဘယ်သူတွေပါလဲ၊ သူတို့က KNU လား၊ ABSDFလား၊ ဘာလူမျိုးတွေပါလဲ၊ နိုင်ငံခြားသားပါပါသလား။ နောက်တစ်ခုက သူတို့ဘယ်လိုလုပ်ပြီးတော့ ဒီလိုသုံးနေရာကို ဝင်လာနိုင်တာလဲ၊ အဲဒီတော့ နောက်တစ်ခု တည့်တည့်မေးချင်တာက ကျွန်တော်တို့ ဘက်ကရော Lackness of Security၊ ကျွန်တော်တို့ဘက်ကရော လုံခြုံရေးကိုထိန်းသိမ်းရာမှာ ယိုယွင်းတယ်၊ ယိုယွင်းသွားမိတယ်ဆိုတာရော ဖြစ်နိုင်ပါသလား။ ကျွန်တော်တို့က ဝန်ကြီး ပွင့်ပွင့်လင်းလင်း တင်ပြတာကို အင်မတန်သဘောကျပါတယ်။ တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့က ဒါကတော့ မဖြစ်နိုင်ဘူးဆိုပြီးတော့၊ သတိမထားမိလိုက်တော့ Lackness of Security ပေါ့၊ On the Part of Security Forces အဲဒီလိုများယူဆရမလား။ အဲဒီတော့ Well Train Saboteurs က ဘယ်သူလဲ၊ KNU လား၊ KNPP လား သို့မဟုတ် သူတို့အားလုံး ဖွဲ့ထားတဲ့ထဲက လူတွေလား။

နောက် ဒုတိယတစ်ခုက ဝန်ကြီးပြောသွားရာမှာ ခုန Techanical Advisory Group မှာ SNLD ပါပါတယ်။ နောက်ပြီးတော့ ဒီအဖွဲ့အစည်းတွေထဲမှာလည်း SSA ရှမ်းဆစ်၊ SNLD က တရားဝင် ဥပဒေဘောင်အတွင်းက အဖွဲ့အစည်းပါ၊ အဲဒီတော့ SNLD ကို Unlawful Association ကြေညာဖို့များရှိပါသလား။

ကျွန်တော်တို့ လဲချားလိုနေရာမျိုးကို ဝင်နိုင်တယ်ဆိုတာ ပြည်တွင်းမှာ ရှမ်းစော်ဘွားတွေတစ်စုက တစ်နေရာမှာ ကြေညာလိုက်တာပဲ ကျွန်တော်တို့ သိလိုက်တယ်။ နောက်တော့ TV မှာ ကျွန်တော်တို့ ဘုန်းကြီးလည်းတွေ့လိုက်တယ်၊ ဒီပြင်လူတွေလည်းတွေ့လိုက်တယ်။ နတ်စင်နတ်ပွဲဆိုပြီး ခေါ်သွားပြီးတော့လုပ်တာ။ အဲဒီတော့ ပြည်တွင်းမှာ အဲဒီ စော်ဘွားတွေရှိနေပြီလို့ ကျွန်တော်တို့ ယူဆရမလား။ နောက်ပြီးတော့ SSA ရဲ့ အင်အားဘယ်လောက်ရှိပါသလဲ၊ ရှမ်းဆစ်ကိုပြောတာပါ။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ကျေးဇူးတင်ပါတယ်။ ပထမဆုံးမေးခွန်းဖြစ်တဲ့ ဒီလိုဖောက်ခွဲဖျက်ဆီးရေးလုပ်သွားတဲ့အဖွဲ့တွေဟာ KNU လား၊ ABSDF လား၊ ဘာလူမျိုးလဲဆိုတာနှင့် ပတ်သက်လို့ကတော့ ကျွန်တော်ရဲ့ ရှင်းလင်းချက်ထဲမှာ ပါပြီးသားပါ၊ အဖွဲ့တွေအမျိုးမျိုး ဘယ်လိုပဲဖွဲ့ဖွဲ့ အဲဒီအဖွဲ့ထဲမှာပါဝင်နေတာဟာ ဒီပုဂ္ဂိုလ်တွေပဲ၊ အဖွဲ့အမျိုးမျိုး ဖွဲ့ထားသော်လည်း ဒီအလုပ်တွေပဲ လုပ်နေကြတယ်၊ ဒီအဖွဲ့တွေပဲဖြစ်တယ်လို့ ကျွန်တော်ပြောပြီးသားဖြစ်ပါတယ်။ ဒါကြောင့် အဲဒီထဲမှာ ဦးလှထွေးမေးတဲ့ အမေးရဲ့အဖြေ ပါပြီးသားဖြစ်ပါတယ်။

နံပါတ်(၃)ကတော့ ဘယ်လိုလုပ်ပြီးတော့ ဝင်လာနိုင်သလဲလို့ မေးတယ်လို့ထင်ပါတယ်။ ဦးလှထွေးသိတဲ့အတိုင်းပါပဲ၊ မြန်မာနိုင်ငံရဲ့နယ်နိမိတ်က အကျယ်ကြီး ဖြစ်ပါတယ်။ ဒီနယ်နိမိတ်အကျယ်ကြီးမှာ ကျွန်တော်တို့လက်ချင်းယှက်ထားလို့မရနိုင်ပါဘူး၊ နောက်တစ်ခါဝင်လာတဲ့ အဖျက်အမှောင့်သမားဆိုတာဟာ ကျွန်တော်တို့ တပ်မတော်လိုတပ်တွေ အများကြီးခင်းပြီး လာတာမဟုတ်ပါဘူး။ တစ်ယောက်တည်း၊ နှစ်ယောက်တည်း တိုင်းရင်းသားတွေလို ကျွန်တော်တို့လိုဝတ်ပြီး လာတာဖြစ်တဲ့အတွက် ဘယ်လိုလုပ်လာနိုင်သလဲဆိုတာ အဲဒီမှာပေါ်လွင်သွားမှာ ဖြစ်ပါတယ်။

နောက်မေးခွန်းတစ်ခုဖြစ်တဲ့ ဒီကိစ္စမှာ လုံခြုံရေးတာဝန်ရှိတဲ့လူတွေဘက်က ချို့ယွင်းအားနည်းလို့ ဖြစ်တာလားဆိုတာနှင့်ပတ်သက်လို့ရှိရင် သက်ဆိုင်ရာလုံခြုံရေး တာဝန်ရှိတဲ့ဌာနများ၊ အဖွဲ့များကတော့၊ သူတို့ရဲ့လုံခြုံရေးဆိုင်ရာလုပ်ငန်းတွေကို အပြည့်အဝ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို လူအများစုဝေတဲ့ နေရာမှာ ကျွန်တော်တို့ပြည်သူတွေ သတိထားပြီးတော့ တာဝန်ရှိတဲ့ ပိုင်ရှင်တွေက သတိထားပြီးတော့ ဆောင်ရွက်တဲ့စနစ်က ကျွန်တော်တို့နိုင်ငံမှာ ကျယ်ကျယ်ပြန့်ပြန့် မရှိသေးပါဘူး၊ အရင်ကမရှိသေးပါဘူး။ ဒါပေမယ့်လုံခြုံရေး တာဝန်ရှိတဲ့ အဖွဲ့အစည်းတွေကတော့ မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတွေကို ချို့ယွင်းချက်မရှိ ကြိုးပမ်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။

နောက်ဦးလှထွန်းမေးတာက SNLD ကို မတရားအသင်းကြေညာဖို့ ရှိပါသလားဆိုတာနှင့်ပတ်သက်လို့ ဟိုတစ်ခါ သတင်းစာရှင်းလင်းပွဲမှာ ကျွန်တော်ရှင်းခဲ့ပါတယ်။ တစ်ချို့သော အဲဒီသူတို့ ဖိတ်ကြားလို့ တက်ရောက်ရတဲ့ အဖွဲ့တွေဟာ ဘာရည်ရွယ်ချက်နှင့် ဘာအတွက် ဖိတ်တယ်ဆိုတာ မသိကြပါဘူး၊ သူတို့အပေါ်က ကြံစည်ပြီး ဆောင်ရွက်တဲ့ ပုဂ္ဂိုလ် တစ်ယောက်နှစ်ယောက်ကသာလျှင် သူတို့ရဲ့ ရည်ရွယ်ချက်ကို သူတို့သိပါတယ်။ သူတို့ဘာလုပ်နေတယ်ဆိုတဲ့ ရည်ရွယ်ချက် အတိအကျကို အကုန်ချပြတာမဟုတ်ပါဘူး၊ ဒီဟာကို ကြိုးကိုင်ဆောင်ရွက်တဲ့ တစ်ယောက်နှစ်ယောက်ကသာလျှင် သူတို့ဘာလုပ်မယ်ဆိုတာကို စီစဉ်ပြီးတော့ အောက်ကအဖွဲ့တွေကို ဒါမလိမ့်တပတ်နဲ့ လုပ်သွားကြတဲ့ အနေအထားမျိုးဖြစ်ပါတယ်၊ အဲဒီလိုလုပ်သွားတဲ့ SNLD က တာဝန်ရှိတဲ့သူတွေကို အရေးယူပြီးဖြစ်ပါတယ်။ ဒါဆိုရင် ဒီမေးခွန်းနဲ့ပတ်သက်လို့ ရှင်းမယ်လို့ ကျွန်တော် ယူဆပါတယ်။ နောက် လဲချားလိုနေရာမျိုး၊ ဒီလိုနေရာမျိုးမှာ ဒီလိုအခမ်းအနားတွေ ကျင်းပနိုင်လောက်အောင် စဝ်ခမ်ဖတို့ရဲ့ အနွယ်တွေဖြစ်တဲ့ စော်ဘွားတွေ၊ အဲဒီပြည်ပြေးတွေဝင်လာနိုင်သလားလို့မေးတဲ့ မေးခွန်းနဲ့ပတ်သက်လို့ကတော့ စဝ်ခမ်ဖတို့ စော်ဘွားအနွယ်တွေဝင်တဲ့ သဘောမဟုတ်ပါဘူး။ သူတို့နဲ့တစ်ကျိတ်တည်းတစ်ဥာဏ်တည်းဖြစ်တဲ့ ရှမ်းဆစ်ရဲ့ SSA အဖွဲ့ကတော့ ပြည်တွင်းမှာ အတည်တကျ မနေနိုင်ပေမယ့် နယ်စွန်နယ်ဖျားမှာ၊ တစ်ဖက်နိုင်ငံမှာ အခြေပြုပြီးတော့ လှုပ်ရှားနေတာဖြစ်ပါတယ်။ အဲဒီအဖွဲ့က အဲဒီမှာ ဆောင်ရွက်သွားခြင်း၊ အခုလိုမလိမ့်တပတ်နဲ့ လုပ်သွားခြင်း ဖြစ်ပါတယ်။

NTV မှ ဦးအောင်ရွှေဦး

ကျွန်တော်က Financial Policy နဲ့ပတ်သက်ပြီး မေးဖို့ရယ်၊ နောက်တစ်ခုက ပြည်သူပါဝင်တဲ့အပိုင်းကို မေးဖို့နှစ်ခုပဲ ရှိပါတယ်၊ တစ်အချက်က Foreign Currency လို့ ထင်ပါတယ်၊ ဒီပစ္စည်းတွေ စုတယ်၊ ဆောင်းတယ်၊ Export လုပ်တယ်၊ နိုင်ငံခြားမှာထားတယ်၊ သွားလို့ရှိရင် သုံးတယ်၊ စီးပွားရေးအရသုံးတယ်၊ ပစ္စည်းကိုအတုံးလိုက်၊ အခဲလိုက် ယူပြီးတော့ လေဆိပ်က ထွက်ခွာတဲ့ အခါကျလို့ရှိရင် သိမ်းလို့၊ ဆည်းလို့၊ ဖမ်းလို့ရတာရှိတယ်၊ မရတာလဲရှိမှာပေါ့၊ ဆိုတော့ကာ အခြေအနေအရ အမှုပေါင်း ဘယ်လောက်ဖမ်းဆီးမိပါသလဲ၊ ပြီးတော့လူပေါင်း ဘယ်လောက်ကို ဖမ်းပြီးအရေးယူမှုရှိပါသလဲ၊ ကုမ္ပဏီပေါင်း၊ လုပ်ငန်းရှင်ပေါင်း အရေးယူမှုအခြေအနေနဲ့ ဒီငွေစုစုပေါင်း တန်ဖိုး ဘယ်လောက်ရှိပါသလဲ။ ဒီတန်ဖိုးသည် ကျွန်တော်တို့ရဲ့ နိုင်ငံရဲ့ National Economic Investment ဘယ်လောက် အတိုင်းအတာထိ Impact ရှိသလဲ၊ ဒါလေးကို အကြမ်းဖျင်းပဲဖြစ်ဖြစ်သိပါရစေ။

ဒုတိယအချက်ကတော့ The Role of the People ပြည်သူတွေရဲ့ အခန်းကဏ္ဍပါ။ ဒီအခန်းကဏ္ဍက ဘယ်တော့မှ မမေးမှိန်နိုင်ပါဘူး။ ဘယ်တော့မှ Out Moded မဖြစ်ဘူး၊ နိုင်ငံတော်ရှိနေရင် ပြည်သူရှိနေမယ်။ Mass Method, Mass Technique, People Method, People Technique သုံးပြီးလုပ်တယ်၊ ပြည်သူလူထုက ဘယ်လိုကိစ္စဟူသမျှ ဖုံးပေါက်ပေါက်၊ ဘာပေါက်ပေါက်၊ ဘာလုပ်လုပ်၊ မဟုတ်တာဟူသမျှမှာ ပြည်သူဘက်က တက်ကြွစွာ ပါဝင်တားဆီးနိုင်ရေးအတွက် ကျွန်တော်တို့လုပ်နေကြ သမားရိုးကျနည်းအပြင် အခုကိစ္စများကိုအခြေခံပြီးတော့ ပြည်သူပါဝင်ရေးကို၊ သွက်လက်စွာပါဝင်နိုင်ရေးကို မြှင့်တင်တဲ့နည်းလမ်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါသလား၊ ချမှတ်ဆောင်ရွက်ဖို့အတွက် အစီအစဉ်များရှိပါသလားဆိုတာ သိချင်ပါတယ်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း

ဦးအောင်ရွှေဦးမေးသွားတဲ့ မေးခွန်းထဲမှာ ငွေကြေးနဲ့ပတ်သက်ပြီးတော့ ကျယ်ပြန့်ပါတယ်။ ကျွန်တော်တို့နိုင်ငံတော်ရဲ့ ငွေရေးကြေးရေး ဥပဒေတွေကတော့ တော်တော်လေး ကျယ်ကျယ်ပြန့်ပြန့်ဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်မှာ ကျွန်တော်တို့ပြည်တွင်းမှာတော့ တရားဝင် ကျပ်ငွေကိုသာလျှင်သုံးစွဲခွင့်ရှိပါတယ်။ ပြည်ပနဲ့ ကျွန်တော်တို့ အရောင်းအဝယ်လုပ်တဲ့ အခါမှာဆိုရင် နိုင်ငံခြားငွေကို သုံးစွဲခွင့်ရှိပါတယ်။ အဲဒီတော့ နိုင်ငံခြားကိုသွားတဲ့အခါမှာ သုံးစွဲတဲ့အနေအထားတွေ၊ နိုင်ငံခြားနဲ့ ကျွန်တော်တို့တွေ ကုန်စည်အရောင်းအဝယ်လုပ်တဲ့နေရာမှာ သုံးစွဲနိုင်တဲ့ အနေအထားတွေ၊ နိုင်ငံခြားကိုလွှဲပြီးပို့တဲ့ ငွေလွှဲပို့ခြင်းကိစ္စတွေနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ထုတ်ပြန်ထားတဲ့ ဥပဒေတွေ၊ ဒါနည်းနည်းကျယ်ပြန့်ပါတယ်။ ဒုတိယဝန်ကြီးရှင်းပြထားတဲ့အထဲမှာ အကျဉ်းချုံး ဖော်ပြထားပြီးသားဖြစ်ပါတယ်။ ဒါကိုအသေးစိတ် သိလိုတယ်ဆိုရင် ကျွန်တော်တို့ပြန်ပြီး လေ့လာဖို့လိုပါလိမ့်မယ်လို့ ပြောလိုပါတယ်။

ဒုတိယအချက်ကတော့ ခုနတင်ပြသွားတဲ့အထဲမှာ နိုင်ငံခြားငွေစက္ကူတွေနဲ့ပတ်သက်ပြီးတော့ တရားမဝင် သုံးစွဲနေတာလေးတွေရှိပါတယ်။ ပမာဏအားဖြင့် ဘယ်လောက်ရှိမလဲ၊ ဘယ်လောက်ဖမ်းဆီးရမိသလဲဆိုတဲ့ အနေအထားကို မေးတာဖြစ်တယ်။ ဖမ်းဆီးရရှိမှုနဲ့ ပတ်သက်လို့ အကြမ်းဖျင်း သိလိုတယ်ဆိုရင် ကျွန်တော်တို့အတိုင်းအတာ၊ ကာလအပိုင်းအခြားနဲ့ ပြောမှသာလျှင် ရနိုင်မယ့်အနေအထားဖြစ်ပါတယ်။ ဘယ်ကာလကနေပြီးတော့ ဘယ်နှစ်ခုနှစ်အတွင်းမှာ ဘယ်လောက် ဖမ်းမိတယ်ဆိုတာ On The Spot ပြောဖို့ခက်ပါတယ်။ သို့သော် နောက်ဆုံးအနေအထားလေး ကျွန်တော်တင်ပြချင်တာကတော့ ပြီးခဲ့တဲ့ မေလ ၇ရက်နေ့မှာပဲ ကျွန်တော်တို့ရန်ကုန်မြို့မှာရှိတဲ့ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကနေပြီးတော့ ဗန်ကောက်ကိုထွက်ခွာမယ့် ခရီးသည်တစ်ဦးဆီကနေပြီးတော့ နိုင်ငံခြားငွေစက္ကူတွေကို တရားမဝင်သယ်ဆောင်သွားတာကြောင့်မို့လို့ ဖမ်းဆီးရမိမှုဖြစ်ပါတယ်။ စုစုပေါင်း နိုင်ငံခြားငွေ ကိုးသောင်းဖြစ်ပါတယ်။ အလားတူပဲ နယ်စပ်တွေမှာလည်း တရားမဝင် မှောင်ခိုလုပ်နေတာရှိပါတယ်၊ ကျွန်တော်တို့ပြည်တွင်းမှာ ကိုင်ဆောင်ခွင့်မရှိသော် လည်းပဲ

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းမေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားစဉ်။ (သတင်းစဉ်)

နီပွန်တယ်လီဗွီးရှင်းမှ ဦးအောင်ရွှေဦး မေးမြန်းစဉ်။ (သတင်းစဉ်)

အန်တာရာ သတင်းဌာနမှ ဦးလှထွေး မေးမြန်းစဉ်။ (သတင်းစဉ်)

အဆာဟိရှင်ဘွန်းမှ ဦးတင်မောင်အေး မေးမြန်းစဉ်။ (သတင်းစဉ်)



အင်န်အိပ်ချ်ကေရုပ်မြင်သံကြားနှင့် အသံလွှင့်ဌာနမှ ဦးခင်မောင်မြင့် မေးမြန်းစဉ်။ (သတင်းစဉ်)

ဖူဂျီတီဗွီမှ ဦးညွန့်တင် မေးမြန်းစဉ်။ (သတင်းစဉ်)

ဗန်ကောက်အခြေစိုက် ယူမီယူရီရှင်ဘွန်းသတင်းထောက် Mr. Toru Kawabe မေးမြန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရအနေနဲ့ ငြိမ်းချမ်းရေးကိုလိုလား ငြိမ်းချမ်းရေးအတွက် အမြဲတမ်း တံခါးဖွင့်ထား

❋ စာမျက်နှာ ၁၂ မှ
ဒီငွေကို တရားမဝင် တိုးတိုးတိတ်တိတ်နဲ့ သုံးစွဲနေတာလေးတွေ ရှိတဲ့အတွက်ကြောင့် ဒါကို ပြည်သူလူထုကိုချပြပြီးတော့ ဒါတွေဟာ တရားမဝင်ဖြစ်တယ်၊ နိုင်ငံတော်ရဲ့ ငွေကြေးကိုထိခိုက်လာနိုင်တယ်၊ အထူးသဖြင့် နိုင်ငံတော်မှာ တရားဝင်သုံးနေတဲ့ ပြည်သူအများသုံးနေတဲ့ ကျပ်ငွေအပေါ်မှာ ထိခိုက်လာနိုင်တဲ့အတွက်ကြောင့် ဒါကိုတင်ပြရခြင်းဖြစ်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန
ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ဦးအောင်ရွှေဦး မေးသွားတဲ့မေးခွန်းက ကျွန်တော်တို့ရဲ့ တိုင်းရင်းသား ပြည်သူတွေအားလုံးက ပြည်သူတွေ

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

ထိခိုက်မယ်ဆိုရင်၊ နိုင်ငံတော်ရဲ့အကျိုးစီးပွား၊ အမျိုးသားအကျိုးစီးပွားကို ထိခိုက်မယ်ဆိုရင် အားလုံးက ဘယ်သူကမျှ ခေါင်းငုံ့မခံဘဲနဲ့ တာဝန်ရှိသူတွေနဲ့အတူ၊ အစိုးရနဲ့အတူ တက်ညီလက်ညီပူးတွဲပြီးတော့ ဆောင်ရွက်လိုတဲ့ ဆန္ဒရှိကြပါတယ်။ ဒါကြောင့် အခုလို အဖျက်သမား အကြမ်းဖက်သမားတွေ ဆောင်ရွက်သွားခဲ့တဲ့ကိစ္စအပေါ်မှာ နောက်နောင်ကျရင် ပြည်သူအများစုက ပါဝင်တားဆီးကြမှာလားဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ကတော့ နိုင်ငံတော်အတွက် အခက်အခဲ အတားအဆီးအန္တရာယ်ကို ကြုံခဲ့ရင် အဲဒီအန္တရာယ်ကို နိုင်ငံတော်အစိုးရရယ်၊ ပြည်သူရယ်၊ တပ်မတော်ရယ်၊ ပူးပေါင်းပြီးတော့ ကျောချင်းကပ်၊ ရင်ချင်းအပ်ပြီးဆောင်ရွက်သွားကြမယ်ဆိုရင် မအောင်မြင်နိုင်တာ မရှိဘူးလို့ ကျွန်တော် ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ဒီသဘောပါပဲ၊ ဒီလိုကိစ္စတွေမှာလဲပဲ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်ကူညီတဲ့အား အများကြီးလိုပါတယ်။ အဲဒီလို အားလုံးက ဆောင်ရွက်သွားကြမယ်ဆိုရင် အဖျက်အမှောင့် အန္တရာယ်အားလုံးနဲ့ နိုင်ငံတော်ကို အန္တရာယ်ပြုတဲ့ အန္တရာယ်အားလုံးကို အောင်အောင်မြင်မြင် ကျွန်တော်တို့ ကျော်လွှားနိုင်ကြမှာပဲ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဖော်ထုတ်ပြီးသုံးမလား၊ မသုံးဘူးလားဆိုတာနဲ့ပတ်သက်လို့ကတော့ ဦးအောင်ရွှေဦး သတိထားကြည့်ရင် သိသာနိုင်ပါတယ်။ ဒီနေ့ ကျွန်တော်တို့နိုင်ငံရဲ့ အရေးကြီးတဲ့ကိစ္စတွေမှာ၊ လုံခြုံရေးအပါအဝင် အရေးကြီးတဲ့ကိစ္စတွေမှာ ပြည်သူ့စွမ်းအားဆိုတဲ့ အဖွဲ့တွေကို မြို့တိုင်း နေရာတိုင်းမှာ ဖွဲ့စည်းပြီးတော့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ဒီဟာနဲ့ပတ်သက်လို့ အခုမှမဟုတ်ပါဘူး။ နိုင်ငံတော်က နဂိုထဲက ဖော်ထုတ်ပြီးတော့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဖက်ကတစ်ခါ ဦးအောင်ရွှေဦး ပြန်ကြည့်မယ်ဆိုရင်လည်းပဲ ကျွန်တော်တို့နိုင်ငံမှာ NGO အဖွဲ့အစည်းတွေ အများကြီးရှိပါတယ်။ အဲဒီ NGO အဖွဲ့အစည်းတွေဟာ ပြည်သူတွေပါ။ အဲဒီ ပြည်သူတွေပါဝင်တဲ့ NGO အဖွဲ့အစည်းတွေဟာ နိုင်ငံတော်ရဲ့အရေးကိစ္စတွေမှာ အားလုံးပါဝင်ဆောင်ရွက်လျက်ရှိကြပါတယ်။ ပါဝင်နိုင်အောင်လည်း နိုင်ငံတော်က ကျယ်ကျယ်ပြန့်ပြန့် Policy ချမှတ်ပြီးတော့ စီစဉ်ပေးပါတယ်။ ဒီဖြစ်စဉ်ပေါ်မှာ သုံးသပ်ပြီးတော့ တချို့လိုအပ်တဲ့ အချက်တွေ၊ ဥပမာ– ကျွန်တော်ရှင်းပြတဲ့အထဲမှာ ပါပါတယ်။ သက်ဆိုင်ရာကုမ္ပဏီတွေ၊ လုပ်ငန်းရှင်တွေဟာ သူတို့ရဲ့ကုမ္ပဏီတွေ၊ သူတို့ရဲ့ရုံးဌာနတွေ၊ ပြည်သူအများ ဝင်ထွက်ရောင်းဝယ်ကြတဲ့ Super Market တွေမှာ လိုအပ်တဲ့ လုံခြုံမှု အစီအမံတွေကို နိုင်ငံတော်အစိုးရရဲ့ ကြပ်မတ်ဆောင်ရွက်မှုနဲ့အတူ စတင်ဆောင်ရွက်နေကြပြီလို့ ကျွန်တော် ပြောထားပါတယ်။ ဒါတွေဟာ ပြည်သူအများပါဝင်လာအောင် ဆောင်ရွက်တာတွေပဲ ဖြစ်ပါတယ်။

အဆာဟီရှင်ဘွန်းသတင်းစာမှ ဦးတင်မောင်အေး

ကျွန်တော်တို့ဝန်ကြီး ရှင်းပြတဲ့အထဲမှာ KNU က Training ပေးတာတွေမှာရော၊ ပြီးတော့ အဖျက်လုပ်ငန်းလုပ်တာတွေမှာရော KNU ရဲ့ Role က တော်တော်ပါတာတွေ့ရပါတယ်။ တလောကကြားရတာတော့ KNU နဲ့ ဆွေးနွေးနေတယ်ဆိုတော့ နောင်မှာပေါ့လေ KNU နဲ့ ဆွေးနွေးမှုအပေါ်မှာ ဘယ်လိုသဘောထားမလဲဆိုတာ သိလိုပါတယ်။

နောက်တစ်ခုက ရဲတပ်ဖွဲ့ဝင်တွေက လမ်းဆုံလမ်းခွတွေမှာ လက်ကမ်းစာရွက်တွေဝေတာရှိပါတယ်။ အဲဒီမှာ သတင်းအတိအကျပေးနိုင်ရင် သိန်း ၅၀ ပေးမယ်ဆိုပြီးတော့ ဖော်ပြထားတယ်လို့ ကြားသိရပါတယ်။ အဲဒါဟုတ်ပါသလား။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ

ကျွန်တော်တို့ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ လမ်းဆုံလမ်းခွတွေမှာ လက်ကမ်းစာစောင်တွေ ဝေတယ်ဆိုတာ စောစောက

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားစဉ်။ (သတင်းစဉ်)

ဦးအောင်ရွှေဦးမေးသလိုပါပဲ။ ပြည်သူတွေပူးပေါင်းပါဝင်တဲ့ စနစ်ကို ကျွန်တော်တို့ဖော်ထုတ်နေတာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပထမ Mind Awareness ဖြစ်အောင်ရယ်၊ ပြည်သူတွေက ပူးပေါင်းပါဝင်မှုရှိရင် ကျွန်တော်တို့အနေနဲ့ သတင်းမြန်မြန်ဆန်ဆန်ရမယ်ဆိုတဲ့အချက်ကို မူတည်ပြီးတော့ ကနေ့ဆိုရင် လမ်းဆုံလမ်းခွတွေမှာ စာစောင်တစ်သောင်းလောက် ဝေပြီးပါပြီ။ ဆုငွေ သိန်း ၅၀ ပေးမယ်ဆိုတာလည်း အမှန်တကယ်ဖြစ်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန
ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ဦးတင်မောင်အေးမေးတာ မေလ (၇)ရက်နေ့က ဖြစ်ပွားသွားခဲ့တဲ့ ဖောက်ခွဲမှုနှင့်ပတ်သက်ပြီး KNU မှာတာဝန်ရှိတယ်ဆိုတာကို တော်တော်များများပြောသွားတယ်။ အဲတော့ KNU နဲ့ နိုင်ငံတော်အစိုးရနဲ့ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနေတဲ့ အနေအထားဘယ်လိုရှိမလဲလို့ မေးသွားတာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ငြိမ်းချမ်းရေးကိုလိုလားပါတယ်။ ငြိမ်းချမ်းရေးအတွက် အမြဲတမ်းတံခါးဖွင့်ထားပါတယ်။ KNU နဲ့လည်း အဆက်အသွယ်ရှိပါတယ်။ သို့သော်လည်း သူတို့မှားယွင်းနေတာကို မှားယွင်းနေတဲ့အတိုင်း ထောက်ပြရမှာဖြစ်ပါတယ်။ ဒါမှသာ ပြုပြင်နိုင်မှာဖြစ်ပါတယ်။ သူတို့ဘက်က ပြုပြင်သွားရင် နိုင်ငံတော်ဘက်က ငြိမ်းချမ်းရေးတံခါးဖွင့်ထားတာမို့ ငြိမ်းချမ်းရေးရရှိနိုင်ပါတယ်။

NHK သတင်းဌာနမှ ဦးခင်မောင်မြင့်

ကျွန်တော်မေးချင်တာကတော့ မေလ ၇ရက်နေ့ ဗုံးတွေပေါက်ပြီးတဲ့နောက်တစ်နေ့ ၈ရက် ကြာသွားပါပြီ။ ဒီ ၈ရက်တာကာလအတွင်းမှာ ကျွန်တော်တို့သိသလောက်ဆိုရင် ကောလာဟလတွေတော်တော် ထွက်ပါတယ်။ ကောလာဟလတွေမှ အမျိုးစုံတဲ့အထဲမှာ အရေးကြီးတာက ဗုံးသုံးလုံးတော့ပေါက်ပြီးပြီ၊ နောက်ထပ်ဗုံးတွေ ကျန်သေးတယ်ဆိုတဲ့ ကောလာဟလပါ။ အဲဒီ ကောလာဟလကြောင့် အများပြည်သူတို့ သွားရမယ့် ဈေးတို့၊ ကုန်တိုက်ကြီးတို့ ဖွင့်တဲ့နေရာတွေကို မသွားရဲဘဲနဲ့ အတော်ကြီးလူနည်းနေတာတွေ့ရပါတယ်။ ရန်ကုန်မြို့ကြီးဟာလည်း စည်စည်ကားကား အရင်လောက်မရှိဘဲနဲ့ ခြောက်သွေ့သယောင်ဖြစ်နေပါတယ်။ အဲဒီတော့ ဒီကောလာဟလတွေကို ပြေငြိမ်းသွားအောင် တာဝန်ရှိသူ အာဏာပိုင်များအနေနဲ့ ရန်ကုန်လူထုကို ဘယ်လိုများ ပြောချင်ပါသလဲ။ နောက်ထပ်ဗုံးတွေ မရှိတော့ဘူးလို့ ပြောမလား၊ ရှိသေးတယ်လို့ပဲ အသိပေးပြီး သတိနဲ့နေခိုင်းမလား။

နောက်တစ်ချက်ကတော့ အခုအထိ ၈ရက်နေ့အထိ ကျော်သွားတဲ့အခါမှာ တစ်ဦးတစ်ယောက်ကိုမှ ကျွန်တော်တို့ ပင်ပွိုင့်လုပ်ပြီးတော့ မမိသေးပါဘူး။ လက်ရမမိသေးပါဘူး။ အဲဒီတော့ ဒီအတွင်းမှာ မသင်္ကာလို့ ဖမ်းဆီးထားတဲ့လူတွေ၊ စစ်ဆေးနေတဲ့လူတွေ ဘယ်နှယောက်လောက်ရှိပါသလဲ။ သူတို့ဆီကရော အဖြေထွက်လိမ့်မယ်လို့ မျှော်လင့်ပါသလား။

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး

အမှန်အတိုင်းပြောကြရရင် ၈၈ အရေးအခင်းကို လူတွေအတော်များများ ကြုံခဲ့ကြရတာပါပဲ။ အဲဒီတုန်းက ဘာတွေလုပ်လာကြတုံး၊ အဲဒီတုန်းက လုပ်နည်းလုပ်ဟန်လည်း ဒီကောလာဟလပဲ အဓိကဖြစ်ပါတယ်။ ဒါဆိုရင် ကောလာဟလရဲ့ လုပ်လေ့လုပ်ထ အလေ့အကျင့်နဲ့ အနေအထား အခြေအနေကို အကဲခတ်လို့ ရပြီလို့ထင်ပါတယ်။

ပတ်ဘလစ်စီကျူရတီ၊ အင်တီးရီးယားစီကျူရတီနဲ့ ပတ်သက်လို့ တာဝန်ရှိတဲ့ ပြည်ထဲရေးအနေနဲ့တော့ အခုအချိန်မှာ ကျွန်တော်တို့ရဲ့ ဆောင်ရွက်ချက်တွေကို ပေါ်ပေါ်ထင်ထင်မြင်ရတာတွေလည်းရှိပါလိမ့်မယ်။ ကျွန်တော်တို့ လုပ်သင့်လုပ်ထိုက်တာတွေကို အားလုံးကို လုပ်နေကြရတဲ့ ကိစ္စမျိုး

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားစဉ်။ (သတင်းစဉ်)

လည်း ရှိပါလိမ့်မယ်။ ရှိလည်းရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ပြောနိုင်တဲ့ အချိန်မတန်သေးလို့ ခဏလေးစောင့်နေကြပါဦး။ ခဏလေးသည်းခံကြပါဦးလို့။

ပြန်ကြားရေးဝန်ကြီးဌာန
ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

အဓိကကတော့ ကောလာဟလတွေပါပဲ။ ကျွန်တော် ဒီမှာ ဆွေးနွေးသလိုပဲ ပြည်သူအားလုံးက မိမိတို့ နိစ္စဓူဝ သွားလာလှုပ်ရှားတာတွေအားလုံးကို ပုံမှန်လုပ်ဆောင်လို့ရပါတယ်။ နိုင်ငံတော်အနေနဲ့ကလည်းပဲ ပြည်သူတွေအတွက် နဂိုကတည်းက လုံခြုံရေးနဲ့ပတ်သက်ပြီး လုပ်သင့်တာ လုပ်ပါတယ်။ အခုလည်းပဲ ပိုပြီးတော့ လုပ်နေပါတယ်။ ဒါကြောင့် ဘာမှ စိုးရိမ်စရာမရှိပါဘူး။

ဖူဂျီတီဗွီမှ ဦးညွန့်တင်

ကောလာဟလနဲ့ ပတ်သက်ပြီး ကျွန်တော်ဖြည့်စွက်ပြီး တစ်ခုလောက်မေးပါရစေ။ ဒါတွေက ဘယ်လိုဂယက်ရိုက်သလဲဆိုတော့ ဘော်ဒါထရိတ်မှာ သွားပြီးတော့ အက်ဖက်ဖြစ်ပါတယ်။ လူတွေက ဘယ်လောက်တောင် ပြောနေသလဲဆိုရင် ဘော်ဒါမှာပေါ့လေ၊ အစစ်ဆေး အမေးမြန်းတွေ သိပ်ထူတယ်။ ပိတ်ထားတဲ့အနေအထားတောင် ရှိတယ်ဆိုပြီးတော့ ဒါတွေလွှင့်တယ်။ အဲဒီတော့ ဒီအက်ဖက်က ဘယ်မှာ လာထိသလဲဆိုတော့ ဈေးမှာလာထိပါတယ်။ ဈေးမှာ ဈေးနှုန်းတွေတက်ကုန်တယ်။ အဲဒီတော့ ဒီဘော်ဒါထရိတ်အနေနဲ့ ဘယ်လောက်များ ထိခိုက်သွားပြီလဲ။ အခြေအနေ ဘယ်လိုရှိသလဲ အဲဒါလေးကို တစ်ဆက်တည်း ရှင်းပြဖို့ ကျွန်တော်မေတ္တာရပ်ခံပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန
ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ဒီကိစ္စနဲ့ပတ်သက်လို့ကတော့ နယ်စပ်မှာလုံခြုံရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ စိစစ်တာ ပိုပြီးတော့ဂရုစိုက်တာရှိပါတယ်။ သို့သော်လည်းပဲ ကုန်သွယ်မှုနဲ့ပတ်သက်ပြီးကတော့ သူ့ပုံမှန် ပရိုစီဂျာအတိုင်း သူ့ဟာသူ သွားနေတာပါ။ ကုန်သွယ်မှုအားလုံးဟာ သူ့ဟာသူ့ ဖလိုးဖြစ်နေပါတယ်။ ဒါကြောင့် ကောလာဟလတွေ မယုံကြပါနဲ့လို့ အသိပေးပြောကြားလိုပါတယ်။

မြန်မာတိုင်း(မ်)မှ ဒေါ်နွယ်နွယ်အေး

မေလ ၁၂ရက်နေ့က လပြည့်ဝန်းပလာဇာမှာ အသက် ၂၀ကျော် အမျိုးသမီးလေး နှစ်ယောက်ကို ဗုံးကိစ္စနဲ့ပတ်သက်ပြီး ခြိမ်းခြောက်စကားတွေ သုံးလို့ဆိုပြီး နေ့လယ် ၁၂နာရီခွဲလောက်မှာ ဒဂုံရဲစခန်းကို ဖမ်းခေါ်သွားတယ်လို့ သိပါရတယ်။ အဲဒီကိစ္စလေးနဲ့ပတ်သက်ပြီး ဘယ်လိုများ ဆက်လက်ဆောင်ရွက်သလဲဆိုတာ သိချင်ပါတယ်။ နောက်မေးခွန်းတစ်ခုက တချို့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ အလောင်းတွေကို DNA Test နဲ့ စမ်းသပ်ပေးမယ်လို့ ပြောသံတွေကြားတာနဲ့ ပတ်သက်ပြီးတော့လည်း သိပါရစေ။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ

ဗုံးခွဲတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ တရားခံ ဖမ်းဆီးနိုင်ရေးအတွက် စစ်ကြောခြင်း၊ မေးမြန်းခြင်း တော်တော်များများ လုပ်နေပါတယ်။ အမျိုးသမီး နှစ်ယောက်ကို ခေါ်မေးတာလည်း ဖြစ်ကောင်းဖြစ်မယ်။ သို့သော်လည်း ကျွန်တော်တို့ ခေါ်မေးခဲ့တယ်ဆိုရင်တောင်မှ သူသည် စစ်ကြောချက်တစ်ခုခုနဲ့ ဆက်စပ်နေလို့ ခေါ်မေးတာပဲဖြစ်ပါလိမ့်မယ်။ ဘာမှဆက်စပ်မှုမရှိဘဲနဲ့ ခေါ်မေးတာမျိုးကျွန်တော်တို့မှာ လုံးဝမရှိပါဘူး။

ကျန်းမာရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီးဒေါက်တာမြဦး

ကျွန်တော်တို့ ဒီနေ့အထိ ၁၉ယောက် သေဆုံးသွားပါတယ်။ ၁၉ယောက်စလုံးကို Indentify လုပ်ပြီးပါပြီ။ အကုန်လုံး နာမည်တွေရော၊ မိဘအမည်တွေရော၊ နေရပ်လိပ်စာတွေရော အားလုံးကျွန်တော်တို့ လုပ်ပြီးတဲ့အတွက်ကြောင့် DNA Test ဆိုတဲ့အဆင့်ထိ မရောက်တော့ပါဘူး။ အားလုံး ကျွန်တော်တို့ ဖြေရှင်းပြီးပါပြီ။ သူတို့မိဘတွေရော အကုန်လုံးနဲ့ ဆောင်ရွက်ပြီးပါပြီ။

ဂျီဂျီ သတင်းဌာနမှ ဦးအောင်သူမြိုင်

ရန်ကုန်တက္ကသိုလ်ကျောင်းများကို စာမေးပွဲစစ်ပြီးတော့ မကြာမီ ပိတ်ပစ်လိုက်မယ်လို့ သတင်းထွက်နေပါတယ်။ ဟုတ်မဟုတ်သိပါရစေ။ အခုလိုမျိုး ဗုံးပေါက်ကွဲမှုများဖြစ်ပေါ်မှုအတွက် နိုင်ငံတကာ အစည်းအဝေးများ၊ အခမ်းအနားများအပေါ်မှာ ထိခိုက်နိုင်မှုရှိမရှိ၊ ယင်းအခမ်းအနားကြီးများကို ပြုလုပ်ဆောင်ရွက်ရင် လုံခြုံရေးအခြေအနေအရ ခွင့်ပြုနိုင်မှုရှိမရှိ။ ဥပမာအားဖြင့် ၂၀၀၆ခုနှစ်ဆိုရင် ASEAN Chairmanship Seat ကို မြန်မာနိုင်ငံက ရယူမယ့် အခုလို ထိပ်သီးအစည်းအဝေးကြီးများအပေါ် ထိခိုက်နိုင်မှုရှိမရှိ သိပါရစေ။

ပြန်ကြားရေးဝန်ကြီးဌာန
ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ကောလာဟလတွေကတော့ တအားများမှာပါပဲ။ ကျောင်းပိတ်တယ်ဆိုတာမရှိပါဘူး။ သူ့အစီအစဉ်နဲ့ သူ့ဟာသူပဲ ဆက်ပြီးတော့သွားနေတာဖြစ်ပါတယ်။ နောက်တစ်ခါ နိုင်ငံတကာအစည်းအဝေးကြီးတွေဆိုတဲ့ ကိစ္စနဲ့ပတ်သက်လို့ အခု လောလောဆယ်မှာ နိုင်ငံတကာ အစည်းအဝေး ကျွန်တော်တို့ဆီမှာ မရှိသေးပါဘူး။ ဒါနဲ့ပတ်သက်လို့ကလည်း ပြဿနာမရှိပါဘူး။

ယူမီယူရီရှင်ဘွန်းသတင်းစာမှ Mr. Toru Kawabe

ကမ္ဘာပေါ်မှ နာမည်ကြီးအဖွဲ့ကြီးလို့ ဖော်ပြသွားပါတယ်။ အဲဒီနာမည်ကြီးအဖွဲ့ကြီးရဲ့ နာမည်ကို သိချင်ပါတယ်။ သတင်းတွေ အများကြီးရထားပေမယ့် ဘာကြောင့် ဗုံးဖောက်ခွဲမှုကို မကာကွယ်နိုင်ပါသလဲ၊ ဘာ့ကြောင့် မတားဆီးနိုင်တာပါလဲ။

ပြန်ကြားရေးဝန်ကြီးဌာန
ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ကျွန်တော်တို့ သတင်းတွေအများကြီးရထားပါတယ်။ ဒီလိုအကြမ်းဖက် အဖျက်လုပ်ရပ်တွေကို တားဆီးကာကွယ်နိုင်ဖို့ လိုအပ်တဲ့လုံခြုံရေးအစီအစဉ်တွေ ချမှတ်ဆောင်ရွက်နေပါတယ်။ ဒါပေမယ့် ကမ္ဘာ့နိုင်ငံကြီးတစ်နိုင်ငံမှာပင်လျှင် သတင်းတွေ ကြိုတင်ရရှိထားပေမယ့် အကြမ်းဖက်လုပ်ရပ်တွေကို တစ်ခါတစ်ရံမှာ မတားဆီး မကာကွယ်နိုင်ပါဘူး၊ ကျွန်တော်တို့ အသေးစိတ်ရှင်းပြပြီးခဲ့ပြီးဖြစ်ပါတယ်။ အသေးစိတ် လေ့လာဖတ်ရှုကြည့်မယ်ဆိုရင် အဖြေကို ရှင်းရှင်းလင်းလင်း သိနိုင်ပါတယ်။ ကမ္ဘာပေါ်က နာမည်ကျော်အဖွဲ့ကြီးဆိုတာ ဘယ်အဖွဲ့အစည်းကို ဆိုလိုတယ်ဆိုတာ သိနိုင်ပါတယ်။ (သတင်းစဉ်)

❒ စာမျက်နှာ ၁၀ မှ

ဖောက်ခွဲသူများမှာလည်း ဖောက်ခွဲရေးကျွမ်းကျင်သူ ပညာရှင်များက အထူးလေ့ကျင့်သင်တန်းပေးထားတဲ့ ကျွမ်းကျင်သူ Well Trained Saboteurs များဖြစ်ကြောင်း တွေ့ရှိရပါတယ်။

သို့ပါ၍ မေလ ၇ ရက်နေ့က ရန်ကုန်မြို့နေရာသုံးနေရာမှာ ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့သော အကြမ်းဖက်အဖျက်သမား (Terrorist) များ၊ ၎င်းတို့ အသုံးပြုခဲ့သော ယမ်းနှင့် ချိန်ကိုက်ဗုံးများဟာ တစ်ဖက်နိုင်ငံတစ်နေရာတွင် အင်အားကြီးနိုင်ငံတစ်နိုင်ငံ၏ ကမ္ဘာကျော်အဖွဲ့ကြီးတစ်ခုက ပံ့ပိုးကြပ်မတ်ပြီး နိုင်ငံခြားသားကျွမ်းကျင်သူပညာရှင်များနဲ့ လေ့ကျင့်သင်ကြားပေးခဲ့သော အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသင်တန်းမှသာဖြစ်နိုင်ကြောင်း ပေါ်လွင်ထင်ရှားနေပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

ကျွန်တော်တို့မြန်မာနိုင်ငံတိုင်းရင်းသားပြည်သူအများစုဟာ ဗုဒ္ဓဘာသာရဲ့ အဆုံးအမအောက်မှာ ကြီးပြင်းခဲ့ကြရပြီး နူးညံ့သိမ်မွေ့သော၊ ကြင်နာစာနာသော စိတ်ထား၊ နှလုံးသားပိုင်ရှင်များဖြစ်ကြပါတယ်။ ထိုသို့ဖြစ်သည်နှင့်အညီ မိမိတို့ရဲ့ နှလုံးစိတ်ဝမ်းနှင့်နှိုင်းယှဉ်ပြီး ယင်းကဲ့သို့သော ရက်စက်ယုတ်မာသည့် လုပ်ရပ်များကို မလုပ်လောက်ဖူးဟု ယူဆသူများ ရှိကောင်းရှိနိုင်ပါတယ်။

အကြမ်းဖက်အဖျက်သမား (Terrorist)အဖွဲ့များဖြစ်ကြတဲ့ ရွက်ဆစ်ဦးစီး SSA, KNU, KNPP, NCUB, NCGUB, ABSDF နဲ့ အပေါင်းပါအဖွဲ့တွေကတော့ အခုလို ရန်ကုန်မြို့ရဲ့ အများပြည်သူ ဝင်ထွက်သွားလာရာနေရာများကို ဖောက်ခွဲတိုက်ခိုက်တဲ့လုပ်ရပ်မျိုးကိုသာမက ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၂၅ရက်နေ့က ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူပြည်သူများ အမြတ်တနိုး ကိုးကွယ်ရာဖြစ်တဲ့ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲကိုပင် အလွတ်မပေး၊ မထောက်ထားဘဲ ရက်စက်ယုတ်မာ လူမဆန်စွာ ဖောက်ခွဲတိုက်ခိုက်ခဲ့သူများဖြစ်တယ်ဆိုတာကို တွေ့ရှိကြရမှာဖြစ်ပါတယ်။

အခု မေလ ၇ ရက်နေ့ ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ရဟန်းတစ်ပါး၊ အမျိုးသားငါးဦး၊ အမျိုးသမီးငါးဦး စုစုပေါင်း၁၁ဦးသေဆုံးခဲ့ပြီး ၁၆၂ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ ဒဏ်ရာရရှိသူများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး၊ အင်းစိန်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးနဲ့ ရန်ကုန်မျက်စိ အထူးကုဆေးရုံကြီးတို့မှာ ဆေးဝါးကုသပြုစုစောင့်ရှောက်ပေးခဲ့ပါတယ်။ ဒဏ်ရာရရှိသူများအနက်မှ မေလ ၁၄ရက်နေ့အထိ ကလေးငယ်တစ်ဦး အပါအဝင် ခုနစ်ဦး ထပ်မံသေဆုံးသဖြင့် သေဆုံးသူစုစုပေါင်း ၁၈ဦး ရှိခဲ့ပါတယ်။ ယခုအခါ ဒဏ်ရာသက်သာ ပျောက်ကင်းသူများ ဆေးရုံမှဆင်းသွားကြပြီဖြစ်လို့ ဆေးရုံအသီးသီးတွင် ဆက်လက်ကုသမှု ခံယူနေသူပေါင်း ၇၉ဦးသာ ကျန်ရှိပါတော့တယ်။

မေလ ၇ ရက်နေ့က အဆိုပါပေါက်ကွဲမှုများ ဖြစ်ပွားခဲ့တဲ့ နေရာများသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနဲ့ ဝန်ကြီးများ၊ တာဝန်ရှိသူများသွားရောက်ပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြပါတယ်။ ဆေးရုံကြီးများသို့လည်း သွားရောက်ပြီး ဒဏ်ရာရသူများနဲ့ ၎င်းတို့၏မိသားစုများကို အားပေးစကား ပြောကြားကာ အဝတ်အထည် အစားအသောက်၊ အသုံးအဆောင်၊ ဆေးဝါးမှအစ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြပါတယ်။

ယနေ့အထိ ဒဏ်ရာရသူလူနာများအတွက် ပံ့ပိုးကူညီထောက်ပံ့ပေးခဲ့မှုများမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက မေလ ၁၅ရက်နေ့အထိ လူနာများအတွက် နေ့စဉ်နံနက်စာ၊ ညနေစာ၊ အစားအသောက်များ၊ နို့မှုန့်နဲ့ကြက်ဥ၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၉၆၈၂၈၀ ကျွေးမွေးပြုစုခဲ့ပါတယ်။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ်၄၅၅၀၀၀နဲ့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကလည်း ငွေကျပ် ၁၂၃၀၀၀၀တို့ကို လူနာများအတွက် ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနက လူနာများအတွက် အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းနဲ့ အစားအသောက် တန်ဖိုးငွေကျပ် ၈၇၁၀၀၀ထောက်ပံ့ပေးအပ်ခဲ့ပြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လူနာများအတွက် အဝတ်အထည်၊ လူသုံးကုန်ပစ္စည်း၊ အစားအသောက်နဲ့ တစ်ဦးလျှင် ငွေကျပ် တစ်ထောင်စီ စုစုပေါင်း တန်ဖိုးငွေ ကျပ် ၁၅သိန်း ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းကလည်း လူနာများအတွက် အဝတ်အထည်နဲ့ လူသုံးကုန်ပစ္စည်းနဲ့ ဆေးဝါးမျိုးစုံအပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ် ၅၂၂၀၉၁၄ ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။

ဒါ့အပြင် လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများကလည်း ဆေးရုံကြီးများသို့ သွားရောက်ပြီး ဒဏ်ရာရရှိသူလူနာများအား စိတ်ဓာတ်ရေးရာ အားပေးကူညီခြင်း၊ ငွေကြေးနှင့် ဆေးဝါးပစ္စည်းများထောက်ပံ့ပေးအပ်ခြင်းများ ပြုလုပ်လျက်ရှိနေကြပါတယ်။ ယခုကဲ့သို့ နိုင်ငံတော်အစိုးရ၊ လူမှုရေးအသင်းအဖွဲ့များနဲ့ ပြည်သူများက ထိခိုက်ဒဏ်ရာရသေဆုံးသူများကို မေတ္တာ၊ ကရုဏာနဲ့ စေတနာတရားရှေ့ထားပြီး ငွေကြေး၊ ပစ္စည်းများဖြင့် ပံ့ပိုးကူညီနေကြသလို ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများကလည်း လူထုအစည်းအဝေးများမှ လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကလည်း ၎င်း၏ လူငယ်နှီးနှောဖလှယ်ပွဲမှလည်းကောင်း အကြမ်းဖက်အဖျက်သမားတွေရဲ့ ရက်စက် ယုတ်မာသော မေလ၇ရက်နေ့ လုပ်ရပ်ကိုတစ်ခဲနက်ဆန့်ကျင်ရှုတ်ချခဲ့ကြပါတယ်။ အလားတူ ၅၄သန်းကျော်သော ပြည်သူများနဲ့ အခြားသော လူမှုရေးအသင်းအဖွဲ့များကလည်း ဆန့်ကျင်ရှုတ်ချလျက် ရှိနေကြပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

မြန်မာနိုင်ငံဟာ နယ်ချဲ့လက်အောက်မှာ နှစ်ပေါင်း၁၀၀ကျော် ဖိနှိပ်သွေးစုပ်တာ ခံခဲ့ရပါတယ်။ လွတ်လပ်ရေးပြန်လည်ရရှိဖို့အတွက် တိုင်းရင်းသားပြည်သူတွေရဲ့ အသက်သွေးချွေးတွေ မြောက်မြားစွာပေးဆပ်ပြီး ရုန်းကန်ကြိုးပမ်းခဲ့ရပါတယ်။ လွတ်လပ်ရေးရပြန်တော့လဲ နယ်ချဲ့ရဲ့ သွေးခွဲမှုပယောဂ၊ ဝါဒရေးရှေ့တန်းတင်မှု၊ လူမျိုးရေးအမြင် ကျဉ်းမြောင်းမှုများကြောင့် နှစ်ပေါင်း၄၀ကျော် ပြည်တွင်းစစ်မီးတောက်လောင်ပြီး ပြည်သူတွေ နာလန်မထူနိုင်ဖြစ်ကာ တိုင်းပြည်လဲ ချွတ်ခြုံကျခဲ့ရပါတယ်။ ၁၉၈၈ခုနှစ်မှာတစ်ခါ တိုင်းဆူပြည်ဖျက် အရေးအခင်းကြောင့် ပြည်သူတွေ ကျီးလန့်စာစားဖြစ်ပြီး အတိဒုက္ခရောက်ခဲ့ကြရပြန်ပါတယ်။

ဒါကြောင့်မို့ တပ်မတော်အစိုးရအနေနဲ့ နိုင်ငံတော်တာဝန်ကို ယူခဲ့ရတဲ့ ၁၈–၉–၁၉၈၈ ရက်နေ့မှစပြီး နိုင်ငံတော်ကာကွယ်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် စစ်ဆင်ရေးများကို မတတ်သာလို့ အတိုင်းအတာအရ ဆင်နွှဲခဲ့ရပေမယ့် နောက်ပိုင်းမှာ တိုင်းပြည်အေးချမ်းရေးအတွက် ငြိမ်းချမ်းရေးတံခါး ဖွင့်ထားပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို လက်ကမ်းကြိုဆိုခဲ့ပါတယ်။ ဒါဟာ မိမိတို့တိုင်းရင်းသားအချင်းချင်း အပြန်အလှန်တိုက်ခိုက်နေခြင်းဖြင့် မြွေပါလည်းဆုံး၊ သားလည်းဆုံးဖြစ်မယ့်ထုံးကိုရှောင်ကြဉ်ပြီး သားရွှေအိုးထမ်းပြည်သူတွေငြိမ်းချမ်းမယ့်လမ်းကို မှန်မြတ်မှန်ကန်စွာ ရွေးချယ်ခဲ့ခြင်းပဲဖြစ်ပါတယ်။

နိုင်ငံနဲ့ပြည်သူ့အကျိုးကိုသယ်ပိုးဖို့ စိတ်ဓာတ်အမှန်၊ စေတနာအမှန်ရှိခဲ့တဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့၁၇ဖွဲ့နဲ့ အခြားအဖွဲ့ငယ်များဟာ ခေတ်အခြေအနေနဲ့ မလျော်ညီတော့တဲ့ လက်နက်ကိုင် ဆန့်ကျင်ရေးလမ်းစဉ်ကို စွန့်လွှတ်ပြီး တရားဥပဒေဘောင်အတွင်းကို ဝင်ရောက်လာကြတဲ့အတွက် နိုင်ငံတော်မှာ တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အခြေခံ အဆောက်အအုံတွေကို ကိုယ့်နိုင်ငံရဲ့ အတိုင်းအဆနဲ့ကိုယ် ကိုယ့်အားကိုယ်ကိုးပြီး အားထုတ်ကြိုးပမ်း တည်ဆောက်လာနိုင်ခဲ့ပါတယ်။

အဲဒီအချိန်မှာ ရှမ်းပြည်တပ်မတော် (SSNA)မှ ဦးကန်နဦးစီး တပ်မဟာ (၁၁)အဖွဲ့နဲ့ ဦးအိုက်မုန်းဦးစီး PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့တို့က ငြိမ်းချမ်းရေးနဲ့လက်နက် အပြီးအပိုင်လဲလှယ်ခဲ့ကြလို့ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး ဝမ်းသာရွှင်ပျရှိနေခဲ့ကြပါတယ်။

ပကတိအခြေအနေတွေနဲ့ ဖြစ်ရပ်မှန်တွေကို ယထာဘူတကျကျ ပြန်လည်သုံးသပ်နိုင်ကြမယ်ဆိုရင် မိမိတို့နိုင်ငံအပေါ် အင်အားကြီးနိုင်ငံများရဲ့ ဝင်ရောက်စွက်ဖက်ခြယ်လှယ် ပိတ်ဆို့အရေးယူမှုသာ မရှိခဲ့ရင်၊ ပြည်တွင်းမှာ အချင်းချင်း ထိပ်တိုက်ရင်ဆိုင်မှု လမ်းစဉ်ကို ရှောင်ကြဉ်ပြီး အပြုသဘောဆောင်တဲ့ မိသားစုစိတ်ဓာတ်နဲ့သာပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ကြမယ်ဆိုရင် အခြေခံကောင်းတွေနဲ့ ပြည့်စုံနေတဲ့ နိုင်ငံတော်ဟာ ယနေ့ကာလထက် ၁၀ဆ မက ဖွံ့ဖြိုးတိုးတက်နေမှာ အမှန်ပဲဖြစ်ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

ယနေ့အချိန်အခါမှာ နိုင်ငံတော်အစိုးရက အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အထူးအလေးထားတည်ဆောက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့နဲ့သာမက အခြားအဖွဲ့ငယ်များနဲ့ ငြိမ်းချမ်းရေးရယူတည်ဆောက်နိုင်ခဲ့လို့ နယ်စွန်နယ်ဖျား နယ်စပ်ဒေသ အချို့မှအပ တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းလာခဲ့ပါတယ်။ အဲဒီလို တိုင်းပြည်အေးချမ်းသာယာ ရှိလာတာကြောင့် တစ်ပြည်လုံးမှာ ဖွံ့ဖြိုးတိုးတက်မှုအခြေခံအဆောက်အအုံတွေကို စိတ်သွားတိုင်းကိုယ်ပါ ပြည့်စုံလုနီးပါး တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

ငြိမ်းချမ်းခြင်းရဲ့အရသာနဲ့ ဖွံ့ဖြိုးတိုးတက်မှုရဲ့ အသီးအပွင့်များကို ရရှိခံစားလာခဲ့ကြတဲ့အတွက်တိုင်းရင်းသားပြည်သူများကလည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို အားပေးထောက်ခံပြီး ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြတာတွေဟာ အနာဂတ်နိုင်ငံတော်အတွက် အားတက်ဝမ်းမြောက်ဖွယ် မြင်ကွင်းတွေပဲ ဖြစ်ပါတယ်။

ယခုလို တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ တစ်ဖက်မှလည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို သိမ်မွေ့ညင်သာစွာဖြင့် တစ်စိတ်တည်း တစ်ဝမ်းတည်း စုဝေးတိုင်ပင်ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်နိုင်လျက်ရှိတာကြောင့် အောင်မြင်ပြီးမြောက် ခရီးအတော်ရောက်ခဲ့ပြီဖြစ်ပါတယ်။

အဲဒီလို နိုင်ငံတော်မှာ ညီညွတ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အကျိုးစီးပွားဖြစ်ထွန်းခြင်းဆိုတဲ့ ရလဒ်ကောင်းတွေရရှိလာချိန်မှာ လူမျိုးစွဲ၊ ဝါဒစွဲ၊ ငါစွဲတွေကို မစွန့်ပယ်နိုင်သေးတဲ့ လက်ကျန်သောင်းကျန်းသူ အဖျက်သမားတွေဟာ သူတို့ရဲ့အခြေမခိုင်ယိုင်နဲ့လာတာကိုကျားကန်တဲ့အနေနဲ့ သုံးဖက်သုံးတန် တိုက်ခိုက်ရေးအစီအမံနဲ့အတူ ပြည်သူလူထုအပေါ် အဖျက်အမှောင့်လုပ်ရပ်များကို အခုလိုကျူးလွန်လာကြတာဖြစ်ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

ငါးစာသာမြင်ပြီး ငါးမျှားချိတ်ကိုမမြင်တဲ့ အဲဒီ လက်ကျန်အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ အမျိုးသားသစ္စာဖောက်ပြည်ပြေးတွေကို ငါးစာကျွေး လက်သပ်မွေးထားတဲ့ ဆရာကြီးများကလည်း သူတို့ စင်တင်လိုတဲ့ ရုပ်သေးရုပ်တွေ ကြိုးပြုတ်လုနီးပါးဖြစ်နေပြီး အခြေအနေ မကောင်းတော့တာကို မြင်တွေ့လာရတဲ့အတွက် မြန်မာနိုင်ငံရဲ့ပြည်တွင်းရေးကို လက်သွက် ခြေသွက်နဲ့ ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေကြောင်း သုံးသပ်ရှုမြင်နိုင်နေပြီဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ နိုင်ငံရေး၊ စစ်ရေး အဘက်ဘက်မှ နာလန်မထူနိုင်တော့တဲ့ ဗကပ အကြွင်းအကျန်တွေကလည်း ဝါဒစွဲမဖျောက်နိုင်ဘဲ နယ်စပ်တစ်နေရာမှာ အခြေပြုပြီး ပြည်တွင်းမှာ အုံကြွမှုများပေါ်ပေါက်လာအောင် အခြားအကြမ်းဖက်သောင်းကျန်းသူအဖွဲ့များနဲ့ ယာယီမဟာမိတ်လုပ်ပြီး လှုံ့ဆော်သွေးထိုးဆောင်ရွက်နေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

လောကဓမ္မတာအရ အမှန်နဲ့အမှား၊ အကောင်းနဲ့အဆိုးရှိမြဲဖြစ်လို့ အမှားကိုဖက်တွယ်နေသူတွေ၊ အဆိုးကို စုံမက်နေသူတွေ၊ ကျဉ်းမြောင်းတဲ့ အမျိုးသားရေးအမြင်ကို ရှေ့တန်းတင်နေသူတွေ အနည်းနဲ့အများရှိနေကြဦးမှာပဲ ဖြစ်ပါတယ်။ အဲဒီ မကောင်းမြင်သမား အဆိုးမြင်ဝါဒီတွေဟာ သူတို့မှာရှိသမျှအားနဲ့ နိုင်ငံနဲ့လူမျိုးပျက်စီးရာပျက်စီးကြောင်း မျက်ကန်းတစ္ဆေမကြောက်၊ ဆင်ကန်းတောတိုးလုပ်နေကြဦးမှာပဲဖြစ်ပါတယ်။ ယာလည်းညက်စေ ကြက်လည်းမောစေ ဆိုတဲ့ထုံးကို ကျင့်သုံးနေတဲ့ ကိုလိုနီနယ်ချဲ့လက်သစ်တွေကလည်း ပြည်တွင်းမှ ဝိရောဓိမှန်သမျှကို ဆီလိုအပေါက်ရှာပြီး ပဋိပက္ခဖြစ်အောင်သပ်လျှိုဖြိုခွဲ ဘေးတီးလှုံ့ဆော်ပေးနေကြဦးမှာပဲ ဖြစ်ပါတယ်။

မည်သို့ပင်ဖြစ်စေကာမူ မြန်မာနိုင်ငံနဲ့ တပ်မတော်ရဲ့သမိုင်းကို ပြန်ကြည့်ရင် ၁၉၄၈–၄၉ ခုနှစ်ကာလက ရောင်စုံသောင်းကျန်းသူတွေ တစ်နိုင်ငံလုံးမှာ ထကြွသောင်းကျန်းမှုကြောင့် ရန်ကုန်အစိုးရလို့ ခေါ်ရလောက်တဲ့အထိ ကြီးမားတဲ့ အန္တရာယ်နဲ့ကြုံခဲ့ရပါတယ်။ အဲဒီအချိန်မှာ တပ်ရင်းအချို့ကလည်း တောခိုသွားပြန်တာမို့ တပ်မတော်မှာ ရှင်နည်းရာအဂ္ဂလူထွက်ဆိုသလို အင်အားလျော့နည်းခဲ့ရပြန်ပါတယ်။ ဒါပေမယ့် တပ်မတော်ဟာ မိမိထက်အင်အား ကြီးမားနေတဲ့ ရောင်စုံသောင်းကျန်းသူတွေကို အသက်သွေးချွေးများစွာ စွန့်လွှတ်ပြီး တိုက်ခိုက်ချေမှုန်းကာ တိုင်းပြည်ကိုကယ်တင်နိုင်ခဲ့ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

ထို့အတူ ၁၉၅၅–၆၀ကာလများမှာလည်း ကူမင်တန်တရုတ်ဖြူ သောင်းကျန်းသူတွေဟာ ပြည်ပအထောက်အပံ့နဲ့ လူသူလက်နက်အင်အား များပြားစွာဖြင့် မြန်မာနိုင်ငံကို ဝင်ရောက်ကျူးကျော်ပြီး အချို့နယ်မြေဒေသများကို သိမ်းပိုက်တပ်စွဲခဲ့တဲ့အထိ ပြည်ပအန္တရာယ်နဲ့ ကြုံတွေ့ခဲ့ရပြန်ပါတယ်။ အဲဒီတုန်းကလည်း တပ်မတော်ဟာ ရှိသမျှအင်အားနဲ့ စစ်ဆင်ရေးကြီးများကို မနားမနေဆင်နွှဲပြီး ပြည်ပကျူးကျော်မှုကို တွန်းလှန်တိုက်ဖျက်နိုင်ခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။

အလားတူ ၁၉၆၈ မှ ၁၉၈၉ ကာလအတွင်းကလည်း ရောင်စုံသောင်းကျန်းသူများဟာ လူအင်အား၊ လက်နက်အင်အား သာလွန်ကြီးမားစွာဖြင့် မြန်မာနိုင်ငံနယ်စပ်ဒေသအချို့မှာ နယ်မြေသိမ်းတိုက်ပွဲတွေ အပြင်းအထန်ဆင်နွှဲခဲ့ကြပြန်ပါတယ်။ အဲဒီအခါမှာလည်း တပ်မတော်ဟာ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လေ့ခွက်ချည်းကျန်အလံမလှဲစိတ်ဓာတ်နဲ့ သောင်းကျန်းသူတွေရဲ့ ထိုးစစ်အမျိုးမျိုးကို ရိုက်ချိုးချေမှုန်းပြီး တိုင်းပြည်ကို ချောက်ကမ်းပါးထဲမကျအောင် ကယ်တင်နိုင်ခဲ့ပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

ယနေ့အခါမှာ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အားလုံးဟာ လူ၊ လက်နက်၊ စည်းရုံးရေးအင်အား မရှိသလောက်ကျဆုံးပြီး မြန်မာနိုင်ငံအတွင်းမှာပင် အတည်တကျအခြေပြုနိုင်ခြင်းမရှိဘဲ တစ်ဖက်နိုင်ငံအတွင်းအခြေပြုကာ လှုပ်ရှားနေရတဲ့ အဆင့်ပဲရှိပါတော့တယ်။ တပ်မတော်ကို ရင်ဆိုင်တိုက်ခိုက်နိုင်ခြင်းမရှိဘဲ အကြမ်းဖက် တိုက်ခိုက်မှုမျိုးကိုသာ ဆောင်ရွက်နိုင်တော့တဲ့အဆင့် ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရဟာ အတိတ်သမိုင်းဖြစ်ရပ်များကိုပြန်လည်သုံးသပ်လျက် နိုင်ငံတော်ရဲ့ အနာဂတ်ရှေ့ရေးကို မြော်တွေးပြီး တပ်မတော်ကို ခေတ်မီအင်အားတောင့်တင်းတဲ့ တပ်မတော်ဖြစ်အောင် တည်ဆောက်ခဲ့ပါတယ်။ ဒါ့ကြောင့်လည်း ယနေ့အခါမှာ တပ်မတော်ဟာ နိုင်ငံတော်ရဲ့ ဘေးအန္တရာယ်မှန်သမျှကို တားဆီးတွန်းလှန် ချေမှုန်းနိုင်လောက်အောင် သင့်တင့်တဲ့ စစ်ရေးအင်အား (Military Might) ရှိနေပြီဖြစ်ပါတယ်။

ထို့အတူ ၁၉၈၈ ခုနှစ်မှစပြီး နိုင်ငံတော်ကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်ခဲ့ရာ ယနေ့အခါမှာ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အပါအဝင် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာပြီး သင့်တင့်တဲ့ စီးပွားရေးစွမ်းအား(Economic Might) လည်း ရှိနေပြီဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဟာ နိုင်ငံတော်တည်ငြိမ်မှု၊ အေးချမ်းမှုအပေါ်မှာ အဓိကမူတည်ကြောင်း သဘောပေါက်တာနဲ့အညီ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို ဦးစားပေး အကောင်အထည်ဖော်ခဲ့ပါတယ်။ ဒါကြောင့်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့အပြင် အဖွဲ့ငယ်အများအပြားတို့ဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီး နိုင်ငံတော်အစိုးရနဲ့လက်တွဲကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပူးပေါင်းဆောင်ရွက်လျက်ရှိနေကြပါတယ်။ တစ်နိုင်ငံလုံးနီးပါး တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်နိုင်တဲ့အပြင် ပြည်သူများလိုလားတဲ့ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက်လည်းပဲ အတော်ခရီးရောက်အောင် ဆောင်ရွက်နိုင်ပြီဖြစ်တာမို့ နိုင်ငံရေးတည်ငြိမ်မှု (Political Might) လည်း ရရှိနေပြီဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်နဲ့ တပ်မတော်အနေဖြင့် ယခုလောက် စွမ်းအားမရှိမီကာလများကပင် အင်အားများပြားတဲ့ အန္တရာယ်ရန်စွယ်အသွယ်သွယ်ကို တွန်းလှန်ချေမှုန်းပြီး နိုင်ငံတော်ကို ကာကွယ်နိုင်ခဲ့တာမို့၊ ယခုကဲ့သို့ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနဲ့ စစ်ရေးစွမ်းအားမြင့်မားလာသည့်အချိန်တွင်မူ တစ်ဖက်နိုင်ငံနဲ့ နယ်စွန်နယ်ဖျား၌ ခိုအောင်းလှုပ်ရှားနေရတဲ့ အကြမ်းဖက်အဖျက်သမားအုပ်စုရဲ့ ထိပါးနှောင့်ယှက်မှုကို ပြည်သူလူထုရဲ့ ပါဝင်ပူးပေါင်းကူညီမှုဖြင့် အလွယ်တကူ ချေမှုန်းပြီး နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနဲ့ ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးကို အပြည့်အဝဆောင်ရွက်ပေးနိုင်မှာဖြစ်လို့ ပြည်သူများ စိုးရိမ်ကြောင့်ကြဖွယ်မရှိကြောင်း အသိပေးပြောကြားလိုပါတယ်။

သတင်းစာဆရာကြီးများခင်ဗျား

ယခုအခါ နိုင်ငံတော်အပိုင်းက ပြည်သူလူထုလုံခြုံမှုရှိစေရေးအတွက် လိုအပ်သော အစီအမံများ၊ ဆောင်ရွက်မှုများကို အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်နေသလို အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များကလည်း မိမိတို့ရဲ့ရုံး၊ ဌာန၊ လုပ်ငန်းခွင်၊ လူအများဝင်ထွက်သွားလာတဲ့ Super Market၊ ရုပ်ရှင်ရုံစတဲ့နေရာတွေမှာ နိုင်ငံတော်အစိုးရရဲ့ ကြီးကြပ်မှုနဲ့အညီ လုံခြုံရေးအစီအမံများ ပြုလုပ်ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူများအနေနဲ့ စိုးရိမ်ကြောင့်ကြမှုမဖြစ်ကြဘဲ မိမိတို့ရဲ့ နိစ္စဓူဝလုပ်ငန်းဆောင်တာများကို ပုံမှန်သွားလာရောင်းဝယ်ဆောင်ရွက်ကြဖို့ ဖြစ်ပါတယ်။ ဒါ့အပြင် အခုလိုအခါမှာ မဟုတ်မမှန် လုပ်ကြံထုတ်လွှင့်တတ်တဲ့ ကောလာဟလသတင်းများလည်း ရှိတတ်တာမို့ အဲဒီသတင်းတွေကိုမယုံကြဖို့ အသိပေးပြောကြားလိုပါတယ်။

ပြည်သူများအနေနဲ့ နေ့စဉ်ပုံမှန် သွားလာဆောင်ရွက်ကြရာမှာ မိမိတို့အတွင်း ရောနှော အသွင်ဆောင်ပြီး မိမိတို့ကို ပြန်လည်နှောင့်ယှက်အန္တရာယ်ပြုလာမယ့် အကြမ်းဖက်အဖျက်သမား(Terrorist) များကိုလည်း သတိတရားလက်ကိုင်ထားပြီး စောင့်ကြပ်ကြည့်ရှုသွားကြဖို့ လိုအပ်ပါတယ်။ မိမိပတ်ဝန်းကျင်မှာ မသင်္ကာဖွယ်ရာလူစိမ်းများ၊ မသင်္ကာဖွယ်ရာပစ္စည်းများ ရှိ/မရှိ သတိပြုကြည့်ရှုပြီး မသင်္ကာဖွယ်ရာတွေ့ရှိတာနဲ့ အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိတဲ့ အဖွဲ့အစည်းများကို သတင်းပေးပို့ခြင်းဖြင့် ပါဝင်ပူးပေါင်း ကူညီသွားကြဖို့ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်တည်ဆောက်ရေးတာဝန်နဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးတာဝန်များကို တစ်ဖက်ကဦးလည်မသုန် ထမ်းဆောင်ရင်း နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်များကိုလည်း ဦးဆွေးဆံမြည့် ထမ်းဆောင်သွားမှာဖြစ်သလို၊ ပြည်သူများအပိုင်းကလဲ အစွန်အဖျားနယ်စပ်ဒေသများမှ မြို့ကြီးပြကြီးများအထိ ပြည်ပအားကိုးဖြင့် အမျိုးမျိုးအဖုံဖုံ အန္တရာယ်ပြုလာမယ့် ပြည်သူ့ရန်စွယ် ဓမ္မန္တရာယ်များ မိမိတို့ ပြည်သူများအတွင်း အသွင်ဆောင် ရောနှောဝင်ရောက်မှု မပြုနိုင်ရေးအတွက် မမှိတ်သောမျက်စိ၊ မလပ်သောသတိဖြင့် စောင့်ကြပ်ကြည့်ရှု ဖော်ထုတ်သွားကြဖို့ ဖြစ်ပါတယ်။

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုတဲ့ သစ္စာစကားနှင့်အညီ နိုင်ငံတော်၊ ပြည်သူနဲ့တပ်မတော်တည်းဟူသော အင်အားစုကြီးသုံးရပ် ကျောချင်းကပ်၊ ရင်ချင်းအပ်ပြီး တညီတညွတ်တည်း ပူးပေါင်းဖြေရှင်းဆောင်ရွက်ခြင်းအားဖြင့် မည်သို့သော အခက်အခဲ ဘေးအန္တရာယ်ကိုမဆို မြေကြီးလက်ခတ်မလွဲအောင်မြင်စွာ တွန်းလှန်ချေမှုန်း ဖယ်ရှားသွားနိုင်မှာ ဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

ပြည်ပြေးစဝ်ခမ်ဖတို့၏လုပ်ရပ်သည် တစ်ခုတည်းသီးခြားလုပ်ဆောင်သည့် လုပ်ရပ်မဟုတ် ပြည်ပက စီမံညွှန်ကြားသည့်အတိုင်း အစဉ်တစိုက်လုပ်ခဲ့သည့် လုပ်ရပ်များ၏အဆက်ဖြစ်

နိုင်ငံတော်ကို မြေပေါ်၊ မြေအောက်၊ ပြည်ပြေး သုံးဖက်သုံးတန် ညှပ်တိုက်မည့် အစီအမံ ပြည်ပဆရာကြီးများ၏ အကြံဉာဏ်၊ ငွေကြေး၊ ပစ္စည်း၊ နည်းပညာပံ့ပိုးမှုဖြင့်ဆောင်ရွက် တိုင်းပြည်နှင့်လူမျိုး ပျောက်ကွယ်သွားစေမည့် အလွန်အန္တရာယ်ကြီးမားသည့် အစီအမံဖြစ်

လဲချား၊ မိုင်းနောင်၊ မိုင်းရယ်၊ သီပေါ၊ သိန္နီနှင့် ကျိုင်းတုံမြို့နယ်များမှ ပြည်သူများက လူထုအစည်းအဝေးများ ကျင်းပကာ စဝ်ခမ်ဖနှင့်အဖွဲ့၏လုပ်ရပ်ကို ဆန့်ကျင်ရှုတ်ချ

ယခုအခါသုံးဖက်သုံးတန်တိုက်ခိုက်ရေးအစီအမံနှင့်အညီအကြမ်းဖက်တိုက်ခိုက်မှုဆောင်ရွက်လာ လက်မရှိ့လူသတ်သမားများသဖွယ် လုပ်နေခြင်းသည် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်နေခြင်းဖြစ်

ရန်ကုန် မေ ၁၅

ပြည်ပြေး စဝ်ခမ်ဖနှင့်အပေါင်းပါတစ်စု၏ ရှမ်းပြည် ယာယီအစိုးရဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သောနိုင်ငံထူထောင်ကြောင်း ကြေညာခြင်းနှင့်အတူ ရွက်ဆစ်ဦးစီး SSA၊ KNU၊ KNPP၊ NCUB၊ NCGUB၊ ABSDF စသည့် အကြမ်းဖက်အဖျက်သမား (Terrorist)အဖွဲ့များပူးပေါင်းပြီး ပြည်သူလူထုအပေါ် မလိမ့်တပတ်အစမ္မလုပ်ရပ်၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ အချိန်ကိုက် ကျူးလွန်နေခြင်းနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ (၄/၂၀၀၅)တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

သတင်းစာဆရာကြီးများခင်ဗျား

ယနေ့နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီကကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲ(၄/၂၀၀၅)မှာ ကျွန်တော့်အနေနဲ့ ပြည်ပြေး စဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုရဲ့ ရှမ်းပြည် ယာယီအစိုးရဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သောနိုင်ငံထူထောင်ကြောင်း ကြေညာခြင်းနှင့်အတူ အကြမ်းဖက်အဖျက်သမား (Terrorist)အဖွဲ့များဖြစ်သည့် ရွက်ဆစ်ဦးစီး SSA၊ KNU၊ KNPP၊ NCUB၊ NCGUB၊ ABSDF နဲ့ အခြားအပေါင်းပါအဖွဲ့များ ပူးပေါင်းပြီး ပြည်သူလူထုအပေါ် မလိမ့်တပတ်အစမ္မလုပ်ရပ်နဲ့ အကြမ်းဖက်ဖောက်ခွဲ ဖျက်ဆီးရေးလုပ်ရပ်များ အချိန်ကိုက်ကျူးလွန်နေတာတွေကို ရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါတယ်။

သတင်းစာဆရာကြီးများအားလုံး သိရှိကြပြီးဖြစ်တဲ့အတိုင်း ပြည်ပြေးစဝ်ခမ်ဖဦးစီးတဲ့ အဖွဲ့က ၂၀၀၅ ခုနှစ် ဧပြီလ ၁၇ ရက်နေ့မှာ ပြည်ပ တစ်နေရာမှနေပြီး ရှမ်းပြည်ယာယီအစိုးရဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ် တည်ထောင်ကြောင်း ကြေညာသွားခဲ့ပါတယ်။ ဒါဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်နဲ့

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✧

ရှင်းလင်းပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏သတင်းထုတ် ပြန် ရေး ကော်မတီ ဥက္ကဋ္ဌ ပြန် ကြား ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း သတင်းစာဆရာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး